# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ တနင်္လာနေ့ အတွဲ(၆၆)၊ အမှတ်(၁၁၉)


### ကိလေသာမာရ် ကိုယ်တွင်းရန်

ရေတည်းဟူသော မီးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)

## ဒုတိယသမ္မတ ဦးညိုစော ကရင်ပြည်နယ် ဘားအံမြို့နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့တို့တွင် ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

### ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၈

ဒုတိယသမ္မတ ဦးညိုစောသည် ခရီးစဉ်တွင်လိုက်ပါလာသော အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့သို့ရောက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်လည်းကောင်း၊ ညနေပိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်လည်းကောင်း

*စာမျက်နှာ ၃ ကော်လံ ၁* ❑




ဒုတိယသမ္မတ ဦးညိုစော ရှိုင်းထူးလယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးစက်ရုံ၌ ခေတ်မီလယ်ယာသုံးစက်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

### ၅၀၀၀၀ ကျပ်တန် ငွေစက္ကူအမျိုးအစားသစ်အား ထုတ်ဝေမည်မဟုတ်ကြောင်း အသိပေးထုတ်ပြန်ချက်

လတ်တလော လူမှုကွန်ရက်စာမျက်နှာများနှင့် အင်တာနက် Website များတွင် သတင်းမီဒီယာအချို့က ၅၀၀၀၀ ကျပ်တန် ငွေစက္ကူအမျိုးအစားသစ်အား ထုတ်ဝေမည့်သတင်းများ ဖြန့်ဝေလျက်ရှိရာ (ကျပ်ငွေငါးသောင်းတန်) ငွေစက္ကူသစ်များ ထုတ်ဝေမည်ဆိုသည့် မမှန်မကန်သော ကောလာဟလသတင်းများ ပျံ့နှံ့လျက်ရှိပါကြောင်း၊ ယင်းသတင်းများသည် မှန်ကန်မှုမရှိပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၅၀၀၀၀ ကျပ်တန် ငွေစက္ကူသစ်များ ထုတ်ဝေမည့်အစီအစဉ်မရှိပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အဓိကရည်မှန်းချက်မှာ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိရန်နှင့် ထိန်းသိမ်းရန်ဖြစ်သည့်အတွက် ငွေကြေးတည်ငြိမ်ရေးနှင့် ငွေကြေးစနစ်တည်ငြိမ်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

သို့ပါ၍ ယခုကဲ့သို့ အများပြည်သူ၏အကျိုးစီးပွားကို ပျက်ယွင်းအောင် ဈေးနှုန်းမတည်မငြိမ်မှုဖြစ်အောင် သတင်းမှားဖြန့်ဝေသူများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ထုတ်အရေးယူပြီး ထိရောက်သော ပြစ်ဒဏ်များချမှတ်နိုင်ရန် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၁၈-၁၀-၂၀၂၆)

### နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် အောက်တိုဘာ ၁၈

အောက်တိုဘာ ၂၀ ရက်တွင် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

မြန်မာ့အလင်း

### ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး အသုံးပြုသည့်ယာဉ်များအတွက် RFID (Radio Frequency Identification Device) ပါဝင်သည့်စနစ်သို့ အဆင့်မြှင့်တင် ပြောင်းလဲဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၈

ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး အသုံးပြုသည့် ယာဉ်များအတွက် RFID (Radio Frequency Identification Device) ပါဝင်သည့် စနစ်သို့ အဆင့်မြှင့်တင် ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ရန်ကုန် - မန္တလေးအမြန်လမ်းမကြီးပေါ်တွင် RFID ပါဝင်သည့်စနစ် အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် စတင်အသုံးပြုခဲ့ပြီး အောက်တိုဘာ ၁၆ ရက်အထိ ကိုယ်ပိုင်ယာဉ် ၁၂၀၅ စီးနှင့် ခရီးသည်တင်ယာဉ် ၄၉၅ စီး စုစုပေါင်း အစီးရေ ၁၇၀၀ ကို တပ်ဆင်ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ RFID Toll Pass စနစ်တပ်ဆင်ခြင်းများကို ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ

*စာမျက်နှာ ၃ ကော်လံ ၁* ❍


**၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ ဗီယက်နမ်နိုင်ငံသို့ သွားရောက်လေ့လာ** ပြည်တွင်းသတင်း စာ ၈

4G ကွန်ရက်မှသည် NSA နှင့် SA နည်းပညာများဖြင့် 5G ကွန်ရက်သို့ ဆောင်းပါး စာ ၆

**ဉာဏ်ရည်တုနည်းပညာနှင့် ပဉ္စမမျိုးဆက် ပညာရေး(သို့မဟုတ်)Education 5.0: Smart Education** ဆောင်းပါး စာ ၁၀

**တစ်ပတ်တာ ဖတ်စရာ မြန်မာရေးရာ၊ ကမ္ဘာရေးရာ** သတင်းများ စာ ၁၃




### ကမ္ဘာ့အရိုးပွရောဂါနေ့ အသိပညာပေးဟောပြော

ရန်ကုန် အောက်တိုဘာ ၁၈

ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ဟော်မုန်းရောဂါပညာရှင်များအဖွဲ့နှင့် မြန်မာနိုင်ငံ အရိုးရောဂါပညာရှင်များအသင်းတို့ ပူးပေါင်းစီစဉ်သည့် ကမ္ဘာ့အရိုးပွရောဂါနေ့ လူထုအသိပညာပေးဟောပြောပွဲ (၂၀၂၆)ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) ၌ ကျင်းပသည်။

နှစ်စဉ် အောက်တိုဘာ ၂၀ ရက်ကို ကမ္ဘာတစ်ဝန်းတွင် "ကမ္ဘာ့အရိုးပွရောဂါနေ့ (World Osteoporosis Day)" အဖြစ် သတ်မှတ်ကျင်းပလျက်ရှိပြီး ယခုနှစ်အတွက် နိုင်ငံတကာအရိုးပွရောဂါဖောင်ဒေးရှင်း (IOF) မှ ချမှတ်ထားသော ဆောင်ပုဒ်မှာ "BUILD, PROTECT AND STRENGTHEN Your Bones for Life" ဖြစ်ကာ အရွယ်သုံးပါးမရွေး မိမိတို့၏အရိုးကျန်းမာရေးကို စဉ်ဆက်မပြတ် ဂရုစိုက်ပျိုးထောင်သွားကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ■

### မိုးတိမ်တောင်ရွေ့လျားရာတစ်လျှောက် လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၈

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့အလင်း

# ဥပဒေကွဲသို့အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ဥပဒေကွဲသို့အာဏာတည်သောအမိန့်အမှတ်၊ ၇ / ၂၀၂၆**
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် )

**ဥပဒေကွဲသို့အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်းကြေညာခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး က ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ဥပဒေကွဲသို့အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာသည့် ဥပဒေကွဲသို့ အာဏာတည်သောအမိန့်အမှတ်၊ ၃/၂၀၂၆ ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ကြေညာချက်တွင် ဖော်ပြပါရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့နယ်များအနက် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်တို့မှအပ ကျန်မြို့နယ်များအတွက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်တွင် ကျင်းပသော တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့၏ သဘောတူညီမှုဖြင့် ယင်းအမိန့်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၁၂၊ ပုဒ်မခွဲ (ဃ) အရ ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ဥပဒေကွဲသို့အာဏာတည်သောအမိန့်အမှတ်၊ ၈ / ၂၀၂၆**
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် )

**စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်ခြင်း**

၁။ ဥပဒေကွဲသို့အာဏာတည်သောအမိန့် (၇/၂၀၂၆) ဖြင့် ဥပဒေကွဲသို့အာဏာတည်သောအမိန့် ဆက်လက်တည်ရှိကြောင်း ကြေညာထားသည့်မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (ခ) အရ စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်၍ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အား အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း (၉၀) အထိ အတည်ဖြစ်သည်။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

❑ *ရှေ့ဖုံးမှ*

တွေ့ဆုံ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲများတွင် ဒုတိယသမ္မတက ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့သည် ဒေသတစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး ရာသီဥတုနှင့် ရေမြေသဘာဝတူညီသည့်အတွက် ဒေသနှင့်ကိုက်ညီသည့် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သော ဆီအုန်းနှင့် ရော်ဘာအပြင် ဒူးရင်းကို အောင်မြင်အောင် တိုးချဲ့စိုက်ပျိုးရန်၊ အထွက်နှုန်းလျော့နည်းကျဆင်းသည့် သက်တမ်းရင့်စိုက်ခင်းများကို မျိုးကောင်းမျိုးသန့်များဖြင့် အစားထိုး ပြန်လည်စိုက်ပျိုးရန်နှင့် ကော်ဖီနှင့် ကိုကိုးကို သီးညှပ်စိုက်ပျိုးရန်နှင့် တိရစ္ဆာန်အစားအစာဖြစ်သည့် အစေ့ထုတ်ပြောင်းကို ဖြစ်ထွန်းအောင်မြင်အောင်စိုက်ပျိုးရန်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထွက်ကုန်များအဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်၊ နိုင်ငံတော်အကြီးအကဲက ချမှတ်ထားသည့် စိုက်ပျိုးမွေးမြူရေးမူဝါဒများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စရပ်များ၊ ပြည်နယ်အလိုက် ကဏ္ဍစုံတွင် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်မှုအခြေအနေများ၊ မူးယစ်ဆေးဝါး၊ တရားမဝင်ကုန်သွယ်မှုနှင့် အွန်လိုင်းလောင်းကစားလိမ်လည်မှုများ လျော့နည်းကျဆင်းပြီး ကင်းစင်သွားသည့်အထိ ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ရမည့်အခြေအနေများ၊ ကုန်စည်စီးဆင်းမှု လုံခြုံရေးနှင့် မြန်ဆန်ချောမွေ့ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ပြည်နယ်အတွင်း ဆန်နှင့် ဆီဖူလုံမှုရှိရေးအခြေအနေများ၊ KG+9 ပညာရေးအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံတက်ရောက်ရေးနှင့် တန်းစဉ်ကူးပြောင်းမှုမြင့်မားရေး သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှုအခြေအနေများ၊ ဌာနအလိုက် e-government လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သက်ရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် အချိန်မီ အကောင်အထည်ဖော် ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းတို့က ပြည်နယ်ဆိုင်ရာ အချက်အလက်များနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ရုံးအသီးသီးရှိ တွေ့ဆုံပွဲများတွင် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ဒေသဖွံ့ဖြိုးမှု၊ ဓာတ်မြေသြဇာဖြန့်ဖြူးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ MSME ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ဒုတိယသမ္မတသည် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့သို့ရောက်ရှိပြီး စက်မှုဇုန်အတွင်းရှိ ပရီစီရှင်းအော်တို အင်ဂျင်နီယာရင်းကုမ္ပဏီလီမိတက်၏ သုံးဘီးယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှုနှင့် အဲရိုးအော်တိုအင်ဂျင်နီယာရင်းကုမ္ပဏီလီမိတက်၏ လျှပ်စစ်မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးစက်ရုံ၏ လျှပ်စစ်မော်တော်ဆိုင်ကယ်နှင့် လျှပ်စစ်စက်ဘီးများ တပ်ဆင်ထုတ်လုပ်နေမှု၊ အရည်အသွေး စမ်းသပ်တိုင်းတာနေမှုတို့ကိုလည်းကောင်း၊ ရှိုင်းထူးလယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးစက်ရုံ၏ ခေတ်မီလယ်ယာသုံးစက်များ ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ ကရင်ပြည်နယ်လူငယ်စင်တာ၌ လူငယ်များ စာပေ၊ ဂီတ၊ အက၊ ပန်းချီ၊ ကွန်ပျူတာနှင့် အားကစားပညာရပ်များ လေ့ကျင့်သင်ယူနေမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် မော်လမြိုင်မြို့ရှိ ရွှေမြိုင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး လုပ်ငန်းသမဝါယမအသင်း၏ အဆင့်မြင့်ဆန်စက်နှင့် စပါးအခြောက်ခံစက်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❍ *ရှေ့ဖုံးမှ*

အမှတ်(၃)လမ်းဆုံ၊ နေပြည်တော်စီလမ်းဆုံနှင့် စကားအင်းလမ်းဆုံတို့တွင် တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။



ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး အမှတ်(၃) လမ်းဆုံရှိ Toll Pass Station ၌ ခရီးသည်တင်မော်တော်ယာဉ်ကြီးများနှင့် ကိုယ်ပိုင်ယာဉ်များက Toll Pass Unit ဝယ်ယူ၍ Toll Pass RFID Sticker တပ်ဆင်မှုအခြေအနေ၊ အဆိုပါစနစ်တပ်ဆင်ထားသော ယာဉ်မောင်းနှင့် ယာဉ်ပိုင်ရှင်များသည် My Toll Pass Mobile Application ကိုအသုံးပြု၍ အမြန်လမ်းမကြီး တိုးလ်ဂိတ်အလိုက် မိမိဖြတ်သန်းမှုနှင့် ဖြတ်သန်းခ ပေးချေမှုဆိုင်ရာ အချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်မည့်အခြေအနေကို အောက်တိုဘာ ၁၆ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးစဉ် RFID (Radio Frequency Identification Device)ပါဝင်သည့် စနစ်သို့ အဆင့်မြှင့်တင်၍ ပြောင်းလဲဆောင်ရွက်ပေးခြင်းဖြင့် မော်တော်ယာဉ်များသည် တိုလ်းဂိတ်တွင် ရပ်တန့်စရာမလိုဘဲ Free flow ဖြတ်သန်းနိုင်သဖြင့် ငွေသားလေလွင့်ဆုံးရှုံးမှုများမရှိခြင်း၊ အချိန်ကုန်သက်သာခြင်း စသည့် အကျိုးများရရှိမည်ဖြစ်ကြောင်း၊ တိုးလ်ဂိတ်များတွင် တပ်ဆင်အသုံးပြုသည့် ပစ္စည်းများပျက်စီးမှုနည်းပါးစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေးတို့ကို အသုံးပြုသည့် ဝန်ထမ်းများအနေဖြင့် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် မိုင်တိုင် ၃၂/၃ မှ ၃၃/၃ ကြားတွင် ၁၂ ပေ ၆ လက်မ အကျယ်၊ ၁ ပေ ၆ လက်မ ထုကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေသားလုပ်ငန်း ဆောင်ရွက်နေမှု၊ အမြန်လမ်းမကြီးတစ်လျှောက် Thermoplastic Road Paint ဖြင့် ဆေးလိုင်းဆွဲခြင်း လုပ်ငန်းဆောင်ရွက်နေမှု Box Culvert များ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှု၊ ရန်ကုန် - မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၁၆၅/၁-၁၆၅/၃)ကြားရှိ ဆွာချောင်းတံတား (အသွားလမ်း) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု**(ဝဲပုံ)**တို့ကို ကြည့်ရှုစစ်ဆေးပြီး ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် လုပ်ငန်းများ အရှိန်အဟုန်မပြတ်ကြိုးစားဆောင်ရွက်သွားရန်၊ သတ်မှတ်ချိန်အတွင်းပြီးစီးရေး တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

အခမ်းအနား အစီအစဉ်အလိုက် ပြင်ဆင်ဆောင်ရွက်နေမှု၊ ပြိုင်ပွဲအမျိုးအစားများအလိုက် ပြိုင်ပွဲဝင်များ စိတ်အေးချမ်းသာစွာဖြင့် အနုပညာစွမ်းရည်များ ဖော်ထုတ်ယှဉ်ပြိုင်နိုင်ရန်အတွက် ခန်းမများ၊ မီး/အသံစနစ်၊ နေရာထိုင်ခင်းများ ပြင်ဆင်ထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ကြိုတင်စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် အကဲဖြတ်ဒိုင်လူကြီးများ အမှတ်ပေးရာတွင် အဆင်ပြေချောမွေ့စေရေး စီစဉ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြသကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယသမ္မတက ဖွင့်ပွဲအခမ်းအနားသည် ပြိုင်ပွဲကြီးတစ်ခုလုံး၏ ပုံရိပ်ဖြစ်သဖြင့် အခမ်းအနားအစီအစဉ်များ၊ အသံ/ မီးစနစ်နှင့် နောက်ခံ LED Display များ စနစ်တကျဖြစ်စေရေး၊ ဖျော်ဖြေရေးအဖွဲ့များ စနစ်တကျဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်ရန်၊ အခမ်းအနား တက်ရောက်ကြမည့် ဧည့်သည်တော်များ နေရာချထားရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို လစ်ဟင်းမှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်သွားကြရန်၊ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ရာတွင် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ၊ နည်းပညာဆိုင်ရာကိစ္စရပ်များ လစ်ဟင်းမှု မရှိစေရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ ခန်းမများအတွင်း လေအေးပေးစနစ်နှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး အမြဲမပြတ်စစ်ဆေးဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

နေပြည်တော် တည်းခိုရေးစခန်း၊ နေပြည်တော် စည်ပင်ဧည့်ရိပ်သာ (၂) သို့ ရောက်ရှိစဉ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များနှင့် အကဲဖြတ်ဒိုင်များအဖြစ် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးကြမည့် ဝါရင့်အနုပညာရှင်ကြီးများ၏ နေထိုင်စားသောက်မှု အဆင်ပြေချောမွေ့စေရေးအတွက် အိပ်ဆောင်များ၊ စားရိပ်သာ၊ စားသောက်ဆိုင်များနှင့် လူသုံးကုန်အရောင်းဆိုင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတက ပြိုင်ပွဲဝင်များနှင့် ဒိုင်အဖွဲ့များ တည်းခိုနေထိုင်မည့် အဆောင်များတွင် ရေ၊ မီး လုံလောက်စွာရရှိစေရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အာဟာရပြည့်ဝပြီး သန့်ရှင်းလတ်ဆတ်သည့် အစားအသောက်များကို စနစ်တကျကျွေးမွေးနိုင်ရေး၊ အယ်လ်နီညိုရာသီဥတုအရှိန်ကြောင့် နေ့ရက်အလိုက် အပူအအေးမမျှတခြင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းများနှင့် ကြုံတွေ့ရနိုင်သဖြင့် ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် ဒိုင်အဖွဲ့များ ကျန်းမာရေး တစ်စုံတစ်ရာ ထိခိုက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အထူးဂရုပြုစီမံထားရန်နှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်**

ထို့နောက် ဇာတ်တော်ကြီးပြိုင်ပွဲကျင်းပမည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံသို့ သွားရောက်၍ လဟာပြင်ဇာတ်ရုံအတွင်း ဇာတ်တော်ကြီးပြိုင်ပွဲ ကပြယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်ထားရှိမှု၊ အကဲဖြတ်ဒိုင်လူကြီးများနှင့် လာရောက်ကြည့်ရှုအားပေးကြမည့် မိဘပြည်သူများအတွက် နေရာထိုင်ခင်း စီစဉ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတက ဇာတ်တော်ကြီးပြိုင်ပွဲသည် မြန်မာ့ရိုးရာဇာတ်သဘင်အနုပညာ အဆင့်အတန်းကို ဖော်ညွှန်းသည့် ပြိုင်ပွဲကြီးဖြစ်သဖြင့် ပြိုင်ပွဲဝင်အဖွဲ့များ၏ အနုပညာစွမ်းရည်များအား အပြည့်အဝဖော်ထုတ် ကပြယှဉ်ပြိုင်နိုင်ရေးအတွက် ဘက်ပေါင်းစုံကို စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် မှာကြားသည်။

**ပြိုင်ပွဲဝင်စုစုပေါင်း ၂၄၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်**

၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရေးနှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက် (၄)ရပ်ဖြင့် အောက်တိုဘာ ၂၁ ရက် မှ ၂၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် စုစုပေါင်း ၂၄၀၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း မိုင်းယောင်းမြို့ရှိ နယ်မြေခံတပ်နယ်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး စာကြည့်တိုက်များအတွက် သုတ / ရသ စာအုပ်များ ထောက်ပံ့ပေးအပ်



**မိုင်းယောင်း အောက်တိုဘာ ၁၈**

မိုင်းယောင်းမြို့ရှိ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စာပေဖတ်ရှုလေ့လာမှု ပိုမိုအားကောင်းလာစေရန်၊ သုတ/ရသ အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချနိုင်စေရန် ရည်ရွယ်၍ မိုင်းယောင်းမြို့ရှိ နယ်မြေခံတပ်နယ်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက နယ်မြေခံတပ်ရင်းရိပ်သာဧည့်ခန်းမ၌ ကျင်းပသည်။

အဆိုပါ စာအုပ်များထောက်ပံ့ပေးအပ်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက သုတ/ရသစာအုပ် ၂၀၆ အုပ်ကို ပေးအပ်ရာ နယ်မြေခံတပ်နယ်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

မွန်းလွဲပိုင်းတွင် တာလေမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ဝန်ထမ်းများကို တွေ့ဆုံပြီး ဒေသအကျိုးပြု လုပ်ငန်းများ၊ ပြည်သူလူထု အကျိုးပြုလုပ်ငန်းများ ချိတ်ဆက်ဖော်ပြသည့် သတင်းများ ရေးသားဖော်ပြပေးရန်၊ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများသည် သတင်းအချက်အလက် ချိတ်ဆက်ပေးသည့်အရေးပါသော အခန်း ကဏ္ဍဖြစ်သည့်အတွက် အလေးထားဆောင်ရွက်ကြရန်၊ ဒေသအတွင်း ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို သတင်းအဖြစ်မြင်နိုင်သည့် စွမ်းရည်၊ သတင်းတန်ဖိုးရှိသည့် အကြောင်းအရာများကို ရွေးချယ်နိုင်သည့် စွမ်းရည်နှင့် ပြည်သူအကျိုးရှိစေမည့် အကြောင်းအရာများကို ဖန်တီးတင်ဆက်နိုင်သည့် စွမ်းရည်များ တိုးတက်လာစေရေး အစဉ်လေ့လာ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တာလေမြို့ နယ်မြေခံတပ်နယ်အတွက် MRTV DTH စလောင်း ငါးစုံ၊ CANAL+ငါးစုံနှင့် Sky Net DTH စလောင်း ငါးစုံတို့ကိုလည်းကောင်း၊ တာလေမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအတွက် MRTV DTH စလောင်း ငါးစုံ၊ CANAL+ငါးစုံ၊ Sky Net DTH စလောင်း ငါးစုံနှင့် Myansat DTH စလောင်းငါးစုံတို့ကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်သည်။ **သတင်းစဉ်**

## အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)၌ ရိုမက်နည်းပညာသုံး သံရည်ကျိုမီးဖို အလုပ်ရုံကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထောက်ပံ့ကူညီမှုဖြင့် ဆောင်ရွက်သွားမည်



**နေပြည်တော် အောက်တိုဘာ ၁၈**

အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)တွင် ရိုမက်နည်းပညာသုံး သံရည်ကျိုမီးဖိုအလုပ်ရုံကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထောက်ပံ့ကူညီမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရိုမက်နည်းပညာသုံး သံရည်ကျိုမီးဖိုလည်ပတ်နိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစက်ရုံ၌ ကျင်းပခဲ့ပြီး အစည်းအဝေးတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက သံရည်ကျိုမီးဖိုအလုပ်ရုံကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထောက်ပံ့ကူညီမှုဖြင့် ဆောင်ရွက်သွားမည် ဖြစ်၍ TPE ကုမ္ပဏီနှင့်ချုပ်ဆိုမည့် စာချုပ်ဆိုင်ရာအချက်အလက်များကို စနစ်တကျ စိစစ်ဆောင်ရွက်သွားရန်၊ စာချုပ်တွင် စီမံကိန်း၌ ပြီးစီးထားသည့် အလုပ်ရုံများကို အသိအမှတ်ပြုလက်ခံနိုင်ရေး၊ ဆောင်ရွက်ရမည့် နယ်ပယ်အလိုက် အချိန်ကာလနှင့် တန်ဖိုးသတ်မှတ်ရေး၊ လုပ်ငန်းစဉ်များပြီးဆုံးပါက ရရှိမည့်ရလဒ်နှင့် တာဝန်ယူရမှုတို့ကို ပြည့်စုံအောင် ဖော်ပြပါရှိရေး တာဝန်ရှိသူများက ပေါင်းစပ်ဆောင်ရွက်ရန်၊ စီမံကိန်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ပကျွမ်းကျင်ပညာရှင်၏ စစ်ဆေးခဲ့သည့် အစီရင်ခံစာနှင့် စာချုပ်မူကြမ်းတို့ကို တိုက်ဆိုင်စစ်ဆေးရန်၊ သံစိမ်းထုတ်လုပ်မှု၊ အရည်အသွေး၊ ဆက်တိုက်လည်ပတ်နိုင်မှုနှင့် ကုန်ကြမ်းသုံးစွဲမှု နှုန်းထားများကို တိကျစွာသတ်မှတ်ရန်နှင့်တာဝန်ယူမှုတို့ကိုပါ ညှိနှိုင်းရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့ပြင် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများက သံရည်ကျိုမီးဖိုလည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများ တင်ပြမှုအပေါ် လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဆက်လက်၍ စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးအလုပ်ရုံ၌ စက်ရုံရှိဝန်ထမ်းများ၊ ပြည်တွင်း/ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍ စက်ပစ္စည်းများ စစ်ဆေးခြင်း၊ စက်တပ်ဆင်ရေးလုပ်ငန်းများဆောင်ရွက်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယမန်နေ့ ညနေပိုင်းကလည်း အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စက်ရုံရိပ်သာ၌ စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ လည်ပတ်နိုင်ရေးအတွက် စက်ပစ္စည်းများစစ်ဆေးခြင်း၊ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ TPE နှင့် IED ကုမ္ပဏီတို့မှ ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့အတူ TPE ကုမ္ပဏီမှ ကိုယ်စားလှယ်နှင့်တာဝန်ရှိသူများကိုတွေ့ဆုံပြီး သံရည်ကျိုမီးဖိုအား ဘေးကင်းလုံခြုံစွာ လည်ပတ်၍ အရည်အသွေးမီ သံစိမ်းများ တည်ငြိမ်စွာ ထုတ်လုပ်နိုင်ရေး၊ စက်ပစ္စည်းများ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်ရေးနှင့် ရေရှည်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံစနစ်များတည်ဆောက်နိုင်ရေး၊ သံရည်ကျိုမီးဖိုအလုပ်ရုံ လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းနယ်ပယ်နှင့် လုပ်ငန်းစဉ်များ၊ သံရည်ကျိုမီးဖိုရှိ စက်ပစ္စည်းများ စစ်ဆေးခြင်း၊ စက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်လုပ်ငန်းများအား အချိန်ဇယားများ ရေးဆွဲ၍ သတ်မှတ်အချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်အတည်ဖြစ်ကြောင်း ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၅/၂၀၂၆
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၄/၂၀၂၆ သည် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်တို့မှအပ ဆက်လက်အတည်ဖြစ်သည်။

ပုံ
ရဲဝင်းဦး
ဗိုလ်ချုပ်ကြီး
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

## အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ ညောင်ရွှေမြို့ အဌဒိသာဓမ္မဝိဟာရ ကျောင်းတော်ကြီးသို့ ကြွချီအပူဇော်ခံ

**ညောင်ရွှေ အောက်တိုဘာ ၁၈**

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ် လေးဆူ အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီကြွချီအပူဇော်ခံလျက်ရှိရာ ယနေ့ နံနက် ၇ နာရီတွင် ညောင်ရွှေမြို့နယ် လင်းကင်းကျေးရွာမှ အင်းလေးရိုးရာဘုရားဆွဲလှေ ၄၂ စင်းဖြင့် ညောင်ရွှေမြို့ အဌဒိသာဓမ္မဝိဟာရကျောင်းတော်ကြီးသို့ ဒေသစာရီကြွချီအပူဇော်ခံလျက်ရှိကြောင်း သိရသည်။

ဦးစွာ ညောင်ရွှေမြို့ ဖောင်တော်ပြန်မဏ္ဍပ်ရှေ့ရှိ နန်းကပ်ချောင်းအတွင်း အင်းလေးအစုအဖွဲ့မှ ဆောင်ရွက်ထားသော စွမ်းအင်သုံးစွဲမှု လျှော့ချနိုင်ရေး၊ အင်းရေပြင်တွင် စက်ဆီများ ညစ်ညမ်းမှုလျှော့ချနိုင်ရေးအတွက် EV စက်လှေဖြင့် ကျောင်းကြို၊ ကျောင်းပို့နှင့် အင်းလေးဒေသထွက်ကုန်ဖြစ်သည့် ခရမ်းချဉ်သီး သယ်ယူပေးပို့မှု သရုပ်ပြသခြင်း၊ ဆွမ်းပို့လှေသရုပ်ပြသခြင်း၊ ကိန္နရီကိန္နရာအက၊ အင်းတိုင်းရင်းသားအက၊ တိုးနယားအကတို့ဖြင့် ကပြဖျော်ဖြေနေမှုကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၊ ပွဲတော်လာညေ့်ပရိသတ်များက ကြည့်ရှုအားပေးကြသည်။

ထို့နောက် အင်းလေးဖောင်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ ပင့်ဆောင်လာသည့် ကရဝိက်ဖောင်တော်သည် ညောင်ရွှေမြို့ နန်းကပ်ချောင်းအတိုင်း အင်းလေးရိုးရာဆွဲလှေများဖြင့် ညောင်ရွှေမြို့ ဖောင်တော်ဆိုက်ပြာသာဒ်သို့ ဆိုက်ရောက်ပြီး ကရဝိက်ဖောင်တော်ပေါ်မှ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်ပထမအဆူကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများကလည်းကောင်း၊ ဒုတိယအဆူကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများကလည်းကောင်း၊ တတိယအဆူကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများကလည်းကောင်း၊ စတုတ္ထအဆူကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့ကလည်းကောင်း ညောင်ရွှေမြို့အတွင်းသို့ လှည့်လည်အပူဇော်ခံမည့် မော်တော်ယာဉ်မှ ပြာသာဒ်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြသည်။

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ်များ ညောင်ရွှေမြို့အတွင်း လှည့်လည်အပူဇော်ခံနေစဉ် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲများ ကျင်းပရာ အမျိုးသား(၄၆)တက် အကြိုဗိုလ်လုပွဲနှင့်ဗိုလ်လုပွဲ၊ အမျိုးသားရာကျော်လှေ အကြိုဗိုလ်လုပွဲနှင့်ဗိုလ်လုပွဲ၊ ကျောင်းသား တစ်ဦးချင်း အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ၊ ကျောင်းသား (၂၆)တက် ဗိုလ်လုပွဲနှင့်အမျိုးသမီး (၂၆) တက် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကြရာ လှေအသင်းများက အားကြိုးမာန်တက် စည်းလုံးညီညွတ်မှု စိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့နှင့် ဆွမ်းပို့လှေအဖွဲ့ကို အင်းသားတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း၊ တစ်ဦးချင်းလှေလှော်ပြိုင်ပွဲတွင် ဒုတိယနှင့် ပထမဆုရရှိသူများကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ကလည်းကောင်း၊ ကျောင်းသား (၂၆) တက်ပြိုင်ပွဲတွင် ဒုတိယဆု၊ ပထမဆုရရှိသည့် အသင်းများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကလည်းကောင်း၊ အမျိုးသား(၄၆)တက် ပြိုင်ပွဲတွင် ဒုတိယ၊ ပထမဆုရရှိသည့်အသင်းများကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လည်းကောင်း၊ အမျိုးသမီး(၂၆) တက်ပြိုင်ပွဲတွင် ဒုတိယ၊ ပထမဆုရရှိသည့်အသင်းများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားရာကျော်လှေလှော်ပြိုင်ပွဲတွင် ဒုတိယနှင့် ပထမဆုရရှိသည့်အသင်းများကို ဆုများပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ညောင်ရွှေမြို့ အဌဒိသာဓမ္မဝိဟာရစံကျောင်းတော်၌ အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရားများအား ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး ညောင်ရွှေမြို့နယ် မိုင်းသောက်ဆရာတော်ဘုရားကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**





## သရက်ခရိုင်၌ ကျွဲ၊ နွား ခွာနာ၊ လျှာနာ အခမဲ့ကာကွယ်ဆေးထိုးနှံပေး

**သရက် အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ယမန်နေ့က သရက်မြို့ သီးကုန်းကျေးရွာ၌ မွေးမြူတောင်သူ ၆၀ ၏ နွား ၁၆၉ ကောင်ကို ခွာနာ၊ လျှာနာ ကာကွယ်ဆေး အခမဲ့ထိုးနှံဆောင်ရွက်ပေးရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများသည် နွားမွေးမြူရေးခြံနှင့် ကြက်မွေးမြူရေးခြံများသို့သွားရောက်ပြီး မွေးမြူရေးဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုကြကြောင်း သိရသည်။

**မောင်လုလင်(သရက်)**

## ပြည်မြို့ ဗေဒါရီရှုခင်းသာလမ်း၌ အများပြည်သူ အပန်းဖြေနိုင်ရေး ဂီတဖျော်ဖြေပွဲ ကျင်းပ

**ပြည် အောက်တိုဘာ ၁၈**

ပြည်သူများ စိတ်လက်ပေါ့ပါးစွာ အနားယူအပန်းဖြေနိုင်ရေးအတွက် ပြည်မြို့ရှိ ဗေဒါရီရှုခင်းသာလမ်း၌ တေးဂီတဖျော်ဖြေပွဲကို ယမန်နေ့ညနေပိုင်းက ကျင်းပရာ ဒေသခံတေးသံရှင်များနှင့် ဂီတဝါသနာရှင်များက ခေတ်ပေါ်တေးဂီတ၊ အကအလှများနှင့် သာယာနာပျော်ဖွယ်တေးသီချင်းများကို စုံလင်စွာ သီဆိုဖျော်ဖြေခဲ့ကြသည်။ ယင်းအစီအစဉ်များကို အများပြည်သူ အားလပ်ရက်များဖြစ်သည့် စနေ၊ တနင်္ဂနွေနေ့ည ၇ နာရီမှ ၉ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**





## အယ်လ်နီညိုရာသီဥတုအကြောင်း သိကောင်းစရာနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ရွှေကူ အောက်တိုဘာ ၁၈**

ကချင်ပြည်နယ် ရွှေကူမြို့နယ် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အောက်တိုဘာ ၁၆ ရက်တွင် အမှတ်(၃)ရပ်ကွက် မြိုင်သာယာဘုန်းတော်ကြီးကျောင်းနှင့် အမှတ်(၄)ရပ်ကွက်ရှိ ယာယီနေရပ်စွန့်ခွာစခန်းသို့ သွားရောက်၍ အယ်လ်နီညိုအကြောင်း သိကောင်းစရာနှင့် ကြိုတင်ပြင်ဆင်ရေးအသိပညာပေးဟောပြောပွဲများ ကျင်းပရာ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းစိုးစံနှင့်တာဝန်ရှိသူများက အသိပညာပေးဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# 4G ကွန်ရက်မှသည် NSA နှင့် SA နည်းပညာများဖြင့် 5G ကွန်ရက်သို့

**သောကြာနေ့ ညနေခင်း၏ သည်းထန်လှသော မိုးစက်များအောက်တွင် ရန်ကုန်၏ လှည်းတန်းလမ်းဆုံကြီးသည် သံစုံတီးဝိုင်းတစ်ခုပမာ ဆူညံပွက်လောရိုက်နေသည်။ YBS ဘတ်စ်ကားကြီးများ၏ ဟွန်းသံရှည်များ၊ မီးပွိုင့်မိ၍ တန်းစီစောင့်ဆိုင်းနေသော ကားများ၏ မီးနီရောင်ပြန်ဟပ်မှုများနှင့်အတူ ရုံးဆင်းချိန် လမ်းလျှောက်သူများ၏ ထီးရောင်စုံတို့သည် မိုးရေထဲတွင် ရှုပ်ထွေးပွေလီလျက်ရှိ၏။ လမ်းဘေး သွပ်မိုးစိမ်းစိမ်းအောက်ရှိ လက်ဖက်ရည်ဆိုင်လေးထဲတွင်မူ ရေနွေးငွေ့တထောင်းထောင်းနှင့် စမူဆာကြော်နံ့တို့က သင်းပျံ့နေသည်။**

မောင်ဖိုးသား




ဖုန်းမှ application တစ်ခုအထိ mobile data သွားရသည့် ရိုးရှင်းသောလမ်းကြောင်း။




NSA ကို ရှိပြီးသား 4G လမ်းပေါ်တွင် 5G fast lane ထပ်ထည့်ခြင်းအဖြစ် နားလည်နိုင်ပါသည်။




SA တွင် 5G radio နှင့် 5G Core တို့ တိုက်ရိုက်အလုပ်လုပ်သည်။

အသက် ၂၅ နှစ်အရွယ် ရုံးဝန်ထမ်းလုလင် ကိုထက်တစ်ယောက် တစ်ပတ်လုံး ပင်ပန်းသမျှကို မေ့ပစ်ရန် လက်ဖက်ရည် ချိုဆိမ့်တစ်ခွက်ကို မော့သောက်ရင်း ဖုန်းမျက်နှာပြင်ကို စိတ်မရှည်စွာ ပွတ်နေမိသည်။ တစ်ပတ်တာ၏ သောကြာနေ့ညနေ ရုံးဆင်းချိန်ဆိုသည်မှာ သူ့အတွက်တော့ လွတ်လပ်မှု၏ အစပြုရာပင်။ အိမ်ပြန်လမ်း လိုင်းကားပေါ် ထိုင်ခုံရချိန်တွင်ဖြစ်စေ၊ သို့မဟုတ် လက်ဖက်ရည်ဆိုင်တွင် ခဏနားစဉ်ဖြစ်စေ သူနှစ်သက်သည့် မိုဘိုင်းဂိမ်းပွဲစဉ်တစ်ပွဲ သို့မဟုတ် အွန်လိုင်းမှ ဗီဒီယို အတိုလေးများ ကြည့်ရှုကာ အနားယူလေ့ရှိသည်။ သို့သော်လည်း ယနေ့ညနေတွင်မူ ထိုအစီအစဉ်မှာ အဆင်မပြေချင်။

ဖုန်းမျက်နှာပြင်ထက်တွင် "4G" အက္ခရာလေးနှင့် လိုင်းတိုင်အပြည့်ပြနေသော်လည်း ဖန်သားပြင် အလယ်တည့်တည့်၌ စက်ဝိုင်းမည်းမည်းလေးမှာ မဆုံးနိုင်သော ခရီးတစ်ခုကို သွားနေသကဲ့သို့ မနားတမ်းလည်ပတ်နေဆဲ။ ဗီဒီယိုကလည်း မပွင့်၊ မက်ဆေ့ချ်ကလည်း ထွက်မသွား။ ဂိမ်းဆော့ရန် ပြင်လိုက်လျှင်လည်း "Reconnecting..." ဆိုသည့် စာတမ်းက သူ့အား လှောင်ပြောင်နေသကဲ့သို့ ပေါ်လာပြန်သည်။

"ဟာကွာ... လိုင်းက အပြည့်ပြနေပြီး ဘာလို့ လုံးဝမရတာလဲ။ လူတွေများလို့ လိုင်းကျပ်နေတာလား"

ကိုထက်တစ်ယောက် ဖုန်းကိုစိတ်ပျက်လက်ပျက်ဖြင့် ကြည့်ပြီး ညည်းတွားစွာ ရေရွတ်ရင်း သက်ပြင်းအရှည်ကြီးတစ်ချက်ကို လေးလံစွာ ရှူထုတ်လိုက်သည်။ တစ်ပတ်လုံး ရုံးစိုက်ခဲ့ရသမျှ သောကြာနေ့ည စိတ်အပန်းဖြေမည့် စိတ်ကူးလေးမှာ ဖုန်းမျက်နှာပြင်ပေါ်မှ စက်ဝိုင်းလည်နေသည့် လှိုင်းဂယက်ထဲတွင်ပင် အဖတ်မတင် ပျောက်ကွယ်သွားရတော့မည့်အလား။

သူ့မျက်နှာချင်းဆိုင်တွင်မူ လည်ပင်းတွင် ဝန်ထမ်းကတ်ကြိုးကလေး ဆွဲထားဆဲဖြစ်သည့် ဦးလေးဖြစ်သူ မောင်ဖိုးသားက ခါးသက်သက် ရေနွေးကြမ်းကို ခွက်ထဲသို့ ငှဲ့ပေးရင်း ခပ်ပြုံးပြုံးဖြင့် ကြည့်နေသည်။

မောင်ဖိုးသားသည် ဆက်သွယ်ရေး အော်ပရေတာတစ်ခုတွင် ကွန်ရက်တည်ဆောက်ရေး အင်ဂျင်နီယာ (Network Engineer)အဖြစ် လုပ်ကိုင်နေသူဖြစ်ပြီး သောကြာနေ့ မွန်းလွဲပိုင်းတိုင်း မိုဘိုင်းတာဝါတိုင်များနှင့် ကွန်ရက်အခြေစိုက်စခန်းများကို ကွင်းဆင်းစစ်ဆေး (Site Inspection)လေ့ရှိသူဖြစ်သည်။ ယနေ့ညနေ ၄ နာရီခွဲခန့်တွင် လှည်းတန်းနှင့် ကမာရွတ်တစ်ဝိုက်ရှိ တစ်ပတ်တာ ကွင်းဆင်းအလုပ်များ ပြီးစီးသွားသဖြင့် ရုံးသို့ ပြန်မဝင်တော့ဘဲ သောကြာနေ့ညနေ ရန်ကုန်၏ နာမည်ကြီး ကားပိတ်ချိန်နှင့် မိုးသည်းချိန်ကို ရှောင်လွှဲရန်အတွက် နီးစပ်ရာ လှည်းတန်းရှိ အိမ်ပြန်လမ်းကြုံ တူဖြစ်သူ ကိုထက်အား ချိန်းဆိုကာ လက်ဖက်ရည်ဆိုင်တွင် မိုးခိုရင်း ခါးခါးဆိမ့်ဆိမ့် ရေနွေးကြမ်းသောက်နေခြင်းဖြစ်သည်။

"အေးပေါ့ကွာ... မင်းတို့က ဖုန်းမျက်နှာပြင်ပေါ်မှာ လိုင်းအပြည့်ပြနေရင် ရပြီအောက်မေ့တာကိုး" ဟု မောင်ဖိုးသားက ရေနွေးခွက်ကလေးကို ကိုထက်ရှေ့သို့ တွန်းပေးလိုက်ရင်း သဘောကျစွာ ရယ်မောလိုက်သည်။

"မင်းဖုန်းကနေ ထွက်သွားတဲ့ Radio Signal က မိုဘိုင်းတာဝါတိုင်ဆီ ကြိုးမဲ့စနစ်နဲ့ ရောက်သွားတယ်။ အဲဒီကမှတစ်ဆင့် အဓိကထိန်းချုပ်ရေးစင်တာဖြစ်တဲ့ Core Network ဆီကို လမ်းကြောင်းဆက်သွားရတာ။ Core Network ဆိုတာ မင်းဘယ်သူလဲ၊ ဘာဝန်ဆောင်မှုသုံးနေတာလဲဆိုတာကို စီမံစစ်ဆေးပေးပြီး Data တွေကို သက်ဆိုင်ရာ App Server ဆီ အမှန်အကန်ရောက်အောင် လမ်းကြောင်းပြပို့ပေးတာ။ အခုလို ရုံးဆင်းချိန် လူတိုင်းအင်တာနက်ပြိုင်သုံးနေတော့ မမြင်ရတဲ့ လမ်းမကြီးပေါ်မှာ ယာဉ်ကြောပိတ်ဆို့ပြီး Core Network ကြီး အလုပ်မနိုင်ဖြစ်နေတာပေါ့။"

ကိုထက်က ခေါင်းတငှဲ့ငှဲ့ဖြင့် စိတ်ဝင်စားသွားကာ "ဒါဆို ဦးလေး... 5G ရောက်လာရင် ဒီလို လိုင်းထစ်တာတွေ လုံးဝပျောက်သွားတော့မှာလား" ဟု မေးလိုက်သည်။

"ပြေလည်ရုံတင် ဘယ်ကမလဲကွ၊ ဒီထက် အဆပေါင်းများစွာ ပိုကောင်းသွားမှာ"ဟု မောင်ဖိုးသားက ရေနွေးကြမ်းခွက်ကို ငုံ့ကြည့်နေရာမှ ခေါင်းမော့ကာ ပိုင်နိုင်စွာ ရှင်းပြလိုက်သည်။ "လူတော်တော်များများက 5G ဆိုရင် App တွေကို စက္ကန့်ပိုင်းနဲ့ မြန်မြန်ဒေါင်းလုတ်ဆွဲလို့ ရတာတစ်ခုပဲ မြင်ကြတာ။ တကယ်တော့ 5G ရဲ့ အသက်ဟာ မြန်နှုန်းတင်မဟုတ်ဘူး၊ တုံ့ပြန်ချိန်နှောင့်နှေးမှုကို အနည်းဆုံးဖြစ်အောင် လျှော့ချပေးနိုင်တာပဲ။ မင်းစဉ်းစားကြည့်... ဖုန်းပေါ်က Radio Signal လိုင်း၊ တာဝါတိုင်၊ အချက်အလက်သယ်တဲ့ Transport Network ၊ စီမံခန့်ခွဲတဲ့ Core Network နဲ့ နောက်ဆုံးအက်ပ်မှာရှိတဲ့ App Server အထိ အကုန်လုံးဟာ အချိတ်အဆက်မိမိ လက်ပြိုင်ပူးပေါင်းလုပ်ဆောင်ကြတာ။ ဒါကြောင့် မင်းဂိမ်းထဲမှာ ခလုတ်တစ်ချက်နှိပ်လိုက်တာနဲ့ ဆာဗာဆီရောက်ပြီး ပြန်တုံ့ပြန်တာက မီလီစက္ကန့်ပိုင်းပဲ ကြာတော့တာမို့ ဂိမ်းဆော့တာ၊ ဗီဒီယိုကြည့်တာတွေမှာ တုံ့ပြန်မှု ပိုမြန်လာသလို Reconnecting ခါးခါးသီးသီး ဖြစ်မနေတော့ဘူး။ အဲဒီအပြင် သင်္ကြန်ပွဲတော်လိုမျိုး၊ ဒါမှမဟုတ် Shopping Mall ကြီးတွေမှာ လူသောင်းနဲ့ချီ တစ်ပြိုင်နက်တည်း ဖုန်းသုံးနေကြရင်တောင် လိုင်းပိတ်မသွားဘဲ အားလုံးအဆင်ပြေပြေသုံးနိုင်အောင် တာဝါတိုင်ရဲ့ စွမ်းဆောင်ရည်ကိုပါ အဆမတန်မြှင့်တင်ပေးထားတာပေါ့။"

မောင်ဖိုးသားက စားပွဲပေါ်ရှိ ရေနွေးပန်းကန်နှင့် မုန့်ပန်းကန်များကို လက်ညှိုးထိုးပြ၍ ဥပမာပေးကာ ထပ်မံရှင်းပြလိုက်သည်။ ဒီလိုကွာ... "4G ခေတ်တုန်းက တာဝါတိုင်မြန်နေပေမယ့် နောက်ကွယ်က နောက်ကြောင်းပြန်သယ်တဲ့ လမ်းကြောင်း ဒါမှမဟုတ် Core Network မှာ ပိတ်ဆို့နေရင် ဟောဒီ ရေနွေးခွက်ထဲ ရေအေးသွားသလို လိုင်းကထစ်နေတာ။ 5G ကျတော့ စားသောက်ဆိုင်တစ်ဆိုင်မှာ မှာယူလိုက်တဲ့ အစားအသောက်ကို စားဖိုမှူး၊ စားပွဲထိုးနဲ့ ပွဲပြင်သူအထိ အဆင့်တိုင်းက ဟန်ချက်ညီညီ လက်ဆင့်ကမ်း အလုပ်လုပ်ပေးလိုက်သလိုမျိုးပဲ။ အစကနေအဆုံး End-to-End ကွန်ရက်လမ်းကြောင်းတစ်ခုလုံးက အနှောင့်အယှက်မရှိ သန့်ရှင်းချောမွေ့သွားတာကြောင့် မင်းလို ဂိမ်းဆော့သူတွေအတွက် ရေဒီယိုလှိုင်းတုံ့ပြန်ချိန်ရော၊ စနစ်တစ်ခုလုံးရဲ့ တုံ့ပြန်ချိန်ပါ လုံးဝမပြတ်တောက်တော့ဘဲ တကယ့်လက်တွေ့ဘဝထဲမှာ အချိန်နဲ့ တစ်ပြေးညီ ပေါင်းစပ်လှုပ်ရှားနေရသလိုမျိုး ချောမွေ့တဲ့ အတွေ့အကြုံကို ရစေတာပေါ့။

"ဒါပေမဲ့ ဦးလေးရာ... အခု မြို့ထဲမှာ စမ်းသုံးနေကြတဲ့ 5G က ဘာလို့ 4G နဲ့ သိပ်မကွာသလို ခံစားရတာလဲ"ဟု ကိုထက်က မေးလိုက်သည်။

မောင်ဖိုးသားက စားပွဲပေါ်ရှိ ရေနွေးခွက်ကလေးကို ဘေးသို့ နည်းနည်းရွှေ့လိုက်ပြီး စားပွဲပြင်ပေါ်တွင် လက်ညှိုးဖြင့် လမ်းကြောင်းပုံစံဆွဲပြကာ ပိုမိုမြင်သာသည့် ဥပမာတစ်ခုဖြင့် စတင်ရှင်းပြလိုက်သည်။ "မင်း အမြင်ရှင်းသွားအောင် ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးနဲ့ ဥပမာပေးမယ်ကွာ။ ရှိပြီးသား 4G ကွန်ရက်ဆိုတာ ယာဉ်ကြောပြည့်ကျပ်နေတဲ့ လမ်းမကြီးတစ်ခုပေါ့။ အော်ပရေတာတွေက ဒီလမ်းကြီးကို အပြီးဖျက်ပြီး လမ်းသစ်ကြီးချက်ချင်း အစားထိုးဖို့ကျ အချိန်ရော စရိတ်ရော အများကြီးလိုတာကြောင့် လမ်းဟောင်းကြီးဘေးမှာတင် ကားကြီးတွေ အမြန်မောင်းလို့ရတဲ့ '5G Fast Lane' ဆိုတဲ့ အမြန်လမ်းသစ်တစ်လိုင်းကို ကပ်ပြီး ထပ်တိုးပေးလိုက်တာ။ နည်းပညာမှာ ဒါကို **NSA (Non-Standalone)** လို့ ခေါ်တယ်။ မင်းဖုန်းက ကွန်ရက်နဲ့ စတင်ချိတ်ဆက်တာ၊ လုံခြုံရေးစစ်တာနဲ့ မြို့ထဲ ရွှေ့လျားသွားလာတဲ့အခါ လိုင်းမပြတ်အောင် ထိန်းပေးတာ (Mobility) တွေကို 4G ထိန်းချုပ်ရေးစင်တာ (4G Core)ကပဲ ဆက်လက်တာဝန်ယူပေးထားပြီး 5G Radio လှိုင်းကတော့ Data အများကြီးကို အမြန်ဆုံးသယ်ဆောင်ပေးတဲ့ 'Fast Lane' လမ်းကြောင်းအဖြစ် အားဖြည့်ပေးတာပေါ့။"

"အဲဒီတော့ သုံးစွဲသူ မင်းတို့ဘက်ကကြည့်ရင် 4G နဲ့ 5G လှိုင်းနှစ်ခုစလုံးရဲ့ အားသာချက်ကို ပေါင်းစပ်အသုံးချခွင့် ရသွားတာပေါ့။ အော်ပရေတာတွေဘက်ကလည်း ရှိပြီးသား မိုဘိုင်းတာဝါတိုင်တွေ၊ Core Network တွေနဲ့ ဖုန်းခေါ်တဲ့ VoLTE စနစ်တွေကို အပြည့်အဝ ပြန်အသုံးချလို့ ရတာကြောင့် 5G ဝန်ဆောင်မှုကို ပြည်သူတွေဆီ အမြန်ဆုံးဖြန့်ကြက်ပေးနိုင်တာဖြစ်တယ်။

*စာမျက်နှာ ၇ သို့*

**"မစိုးရိမ်ပါနဲ့ကွာ... 4G ကွန်ရက်ကြီးက ရုတ်တရက် ပျောက်မသွားပါဘူး။ အော်ပရေတာတွေက 4G Network ကို ဆက်ပြီး ခိုင်မာအောင်ထိန်းထားရင်း 5G Radio တွေ တပ်ဆင်ပြီး NSA စတင်မယ်။ အဲဒီကမှ 5G Core တည်ဆောက်ပြီး SA စနစ်နဲ့ Enterprise Service ဝန်ဆောင်မှုတွေကို အဆင့်လိုက် တိုးချဲ့သွားမှာ။ ဒါကြောင့် 4G က ကျယ်ပြန့်တဲ့ coverage နဲ့ VoLTE ဖုန်းခေါ်ဆိုမှုတွေကို ဆက်ပြီး တာဝန်ယူပေးထားမှာမို့ မင်းရဲ့ 4G ဖုန်းလေးနဲ့ အေးဆေးဂိမ်းဆက်ဆော့လို့ရနေဦးမှာပါ"**

*စာမျက်နှာ ၆ မှ*
မင်းလှည်းတန်းကနေ စမ်းချောင်းဘက်ကို ကားနဲ့ သွားနေချိန်မှာ 4G က ဆက်သွယ်မှုမပြတ်တောက်အောင် ထိန်းပေးထားပြီး 5G ကတော့ မင်းရဲ့ Video Download နဲ့ Streaming တွေကို အထစ်အငေါ့မရှိ မြန်ဆန်စေဖို့ ဒိုင်ခံအားဖြည့်ဆွဲပေးနေတာမျိုးပေါ့။”

ကိုထက်သည် မောင်ဖိုးသား၏ စားပွဲပေါ်လက်ညှိုးဖြင့် ရေးဆွဲပြသော ဥပမာကိုကြည့်ရင်း ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။ သူ၏ မရေမရာဖြစ်နေသော မျက်နှာပေါ်တွင် သဘောပေါက် နားလည်သည့် အရိပ်အယောင်တို့ အစားထိုးဝင်ရောက်လာ၏။

“ဩော်... သဘောပေါက်ပြီ ဦးလေး။ ဆိုလိုတာက အခုသုံးနေတဲ့ NSA စနစ်ဆိုတာ 4G လမ်းမကြီးကို အစကနေ ပြန်မဖောက်ဘဲ ဘေးကနေ အမြန်မောင်းလို့ရတဲ့ 5G VIP လမ်းသစ်တစ်လိုင်း ဘေးကပ်တိုးပေးလိုက်တဲ့သဘောပေါ့။ ဒါကြောင့်မို့လို့ လိုင်းခေါ်တာနဲ့ ကွန်ရက်ချိတ်တာတွေကို 4G ထိန်းချုပ်ရေးစင်တာက တာဝန်ယူပေးပြီး ဂိမ်းဆော့တာနဲ့ ဗီဒီယိုကြည့်တဲ့ Data အများကြီးသယ်တဲ့ နေရာမှာပဲ 5Gအမြန်လမ်းကိုသုံးနေကြတာပေါ့နော်” ဟု ကိုထက်က လက်ဖက်ရည်ခွက်ကို ကိုင်ရင်း ဝမ်းသာအားရ ပြန်ပြောလိုက်သည်။

ထို့နောက် သူသည် ခဏမျှ စဉ်းစားလိုက်ပြီး အိတ်ထဲမှ ဖုန်းကို ပြန်ထုတ်ကြည့်ကာ မေးခွန်းထုတ်သကဲ့သို့ မေးလိုက်ပြန်သည်။ “ဒါပေမဲ့ ဦးလေး... အခုလို 4G ကို မှီခိုနေရတုန်းဆိုရင် 5G ရဲ့ တကယ့်အစွမ်းအစအပြည့်ကို သုံးနိုင်ပါဦးမလား။ 4G လုံးဝမပါဘဲ 5G သီးသန့်သီးခြားကြီး တည်ဆောက်ထားတာရော မရှိဘူးလား”

ကိုထက်၏ ချက်ကျလက်ကျ မေးခွန်းကြောင့် မောင်ဖိုးသားက သဘောကျစွာပြုံးလိုက်ပြီး “အေး... မင်းမေးတဲ့ကိစ္စကလည်း နည်းပညာက ရှိပြီးသားပဲကွ။ အဲဒီလို 4G လမ်းကြောင်းကို လုံးဝမမှီခိုတော့ဘဲ 5G သီးသန့်သွားတာကို **SA (Standalone)** လို့ခေါ်တယ်...”

မောင်ဖိုးသား စကားမဆုံးသေးမီမှာပင် စားပွဲပေါ်တင်ထားသည့် သူ၏ စမတ်ဖုန်းလေး တုန်ခါပြီး မြည်လာခဲ့သည်။ စခရင်ပေါ်တွင် “ဒေါ်စုစုလှိုင် (လှိုင်သာယာအထည်ချုပ်)”ဆိုသည့် အမည်ပေါ်နေ၏။ မစုသည် လှိုင်သာယာစက်မှုဇုန်ရှိ ရောမ အထည်ချုပ်စက်ရုံကြီးတစ်ခု၏ မန်နေဂျင်းဒါရိုက်တာဖြစ်ပြီး လွန်ခဲ့သည့် ခြောက်လက စက်ရုံအား ဒီဂျစ်တယ် အလိုအလျောက်စနစ်ဆီ အဆင့်မြှင့်တင်စဉ်က မောင်ဖိုးသားသည် ဆက်သွယ်ရေးကွန်ရက်ဆိုင်ရာ နည်းပညာအကြံပေးအဖြစ် အချိန်ပိုင်းတာဝန်ယူကူညီပေးခဲ့ဖူးသူဖြစ်သည်။

“ခဏနော် ကိုထက်... အလုပ်ဖုန်းလေးမို့ ကိုင်လိုက်ဦးမယ်”ဟု မောင်ဖိုးသားက ပြောကာ ဖုန်းကိုကိုင်လိုက်သည်။ “ဟယ်လို မစု... မင်္ဂလာပါဗျ။ စက်ရုံမှာ အဆင်ပြေရဲ့လား”

ဖုန်းတစ်ဖက်မှ မစု၏ စိုးရိမ်တကြီး သတင်းပို့သံ ထွက်ပေါ်လာတော့သည်။ မစု၏ စက်ရုံတွင် ပိတ်စလိပ်ကြီးများကို ကတ်တင်းစတီယာရင်လိုင်းမှ ချုပ်လုပ်ရေးလိုင်းများဆီ ပို့ဆောင်ခြင်းနှင့် ထုပ်ပိုးရုံဆီ ရွှေ့ပြောင်းခြင်းတို့တွင် လူအစားအလိုအလျောက် ပစ္စည်းသယ်စက်ရုပ်များ (AGV – Automated Guided Vehicles)ကို စက်ရုံအတွင်း ကွန်ရက်ဖြင့်


ဒီဂျစ်တယ် အော်တိုမေးရှင်းစနစ်ဖြင့် လည်ပတ်နေသည့် လှိုင်သာယာရှိ အထည်ချုပ်စက်ရုံလည်ပတ်မှု။

ချိတ်ဆက်ခိုင်းစေထားခြင်းဖြစ်သည်။ ထိုစက်ရုပ်များသည် ကြမ်းပြင်ပေါ်တွင် လမ်းကြောင်းအတိုင်း မီလီစက္ကန့်ပိုင်း တိကျသည့် ညွှန်ကြားချက်များဖြင့် သွားလာရပြီး ကွန်ရက်တုံ့ပြန်ချိန် အနည်းငယ်မျှ နှောင့်နှေးသွားပါက မတော်တဆမှုမဖြစ်စေရန် ဘေးကင်းရေးစနစ်က စက်ကို ချက်ချင်းရပ်တန့်ပစ်လေ့ရှိသည်။ ယခုအခါ အလုပ်များသည့် အချိန်များတွင် လိုင်းတုံ့ပြန်မှုနှေးသွားသဖြင့် စက်ရုပ်များ ခဏခဏရပ်တန့်ကုန်ကာ ထုတ်လုပ်မှုလိုင်းတစ်ခုလုံး လမ်းကြောင်းပိတ်ဆို့နေ၍ မစုတစ်ယောက် အကူအညီတောင်းရခြင်းဖြစ်၏။

မောင်ဖိုးသားသည် ဆက်သွယ်ရေး အင်ဂျင်နီယာတစ်ဦး၏ သဘောအရ စက်ရုံ၏ ကွန်ရက်ဗိသုကာပုံစံကို ခေါင်းထဲတွင် စက္ကန့်ပိုင်းအတွင်း အစဉ်လိုက် တန်းစီတွက်ချက်ကြည့်လိုက်သည်။ စက်ရုံအတွင်း တပ်ဆင်ထားသည့် 5G Radio လှိုင်းများ၏ အမြန်နှုန်းမှာ ပြဿနာမရှိသော်လည်း၊ AGV စက်ရုပ်များ၏ ဘေးကင်းရေး Sensor များသည် တုံ့ပြန်ချိန်ကို ၁၀ မီလီစက္ကန့်အောက် တိကျစွာလိုအပ်သည်။ လက်ရှိ NSA စနစ်တွင် Control Signaling များသည် နောက်ကွယ်ရှိ 4G Core Network ကို ဖြတ်သန်းနေရသဖြင့် အလုပ်များချိန်တွင် 4G Core ကြောင့် Latency ခဏတာ မြင့်တက်သွားကာ စက်ရုပ်များ ခဏခဏ ရပ်တန့်ရသည့်အပြစ် ဖြစ်နေကြောင်း အဖြေထွက်သွားသောအခါ မောင်ဖိုးသား၏ မျက်နှာပေါ်တွင် ပိုင်နိုင်လှသော အပြုံးတစ်ခု ပေါ်လွင်လာတော့သည်။

“မစု... ဒါ စက်ရုပ်တွေရဲ့ ပြဿနာ မဟုတ်ဘူး၊ မစုတို့ စက်ရုံမှာ အခုသုံးနေတဲ့ NSA (Non–Standalone) စနစ်ရဲ့ ပြဿနာပါ။ NSA က 5G Radio ကို သုံးထားတာမှန်ပေမယ့် ထိန်းချုပ်မှုစနစ်အတွက် 4G Core ကိုပဲ မှီခိုနေရတာမို့ အချက်အလက်တုံ့ပြန်ချိန် Latency ကို မီလီစက္ကန့်ပိုင်းအထိ လျှော့ချဖို့ အကန့်အသတ်ရှိတယ်။ စက်ရုံရဲ့ AGV စက်ရုပ်တွေ မရပ်မနား ချောချောမွေ့မွေ့ မောင်းနှင်နိုင်ဖို့ဆိုရင် 4G မပါတော့ဘဲ 5G Radio နဲ့ 5G Core စနစ် အပြည့်ပါတဲ့ **SA (Standalone)** စနစ်ဆီကို ပြောင်းရမှာ။ အခုအနေအထားအရတော့ အဲဒီ SA စနစ်ရမှပဲ စက်ရုံအတွင်း Real–time ထိန်းချုပ်မှုကို လုံးဝအမှားအယွင်းမရှိ ရနိုင်မှာပါ”ဟု ရှင်းပြကာ ဖုန်းချလိုက်သည်။

ဖုန်းပြောပြီးသည်နှင့် မောင်ဖိုးသားက မျက်နှာချင်းဆိုင်မှ ကိုထက်ကိုကြည့်ကာ ရယ်မောလိုက်သည်။

“ဟော... တွေ့လား ကိုထက်။ မင်း စောစောက မေးလိုက်တဲ့ ‘4G လုံးဝမပါဘဲ 5G သီးသန့် သီးခြားကြီး တည်ဆောက်ထားတာရော မရှိဘူးလား’ ဆိုတဲ့ မေးခွန်းရဲ့အဖြေက အခုမင်း speaker ထဲက ကြားနေရတဲ့ မစု စက်ရုံပြဿနာမှာ ကွက်တိပဲ။ NSA စနစ်ဆိုတာ မင်းနဲ့ငါလို သမားရိုးကျ ဖုန်းသုံးသူတွေအတွက် အဆင်ပြေပေမယ့် အခုလို စက်ရုံတွေ၊ ဆေးရုံတွေလိုမျိုး တုံ့ပြန်ချိန် မီလီစက္ကန့်ပိုင်းမျှ အမှားအယွင်းမခံနိုင်တဲ့ နေရာတွေအတွက်တော့ 4G လမ်းဟောင်းကို လုံးဝမသုံးတော့ဘဲ 5G Core အသစ်စက်စက်နဲ့ တည်ဆောက်ထားတဲ့ **SA (Stan–dalone)** စနစ်အစစ်ကို သုံးရတာပေါ့ကွာ...”

ဖုန်းပြောပြီးနောက် မောင်ဖိုးသားက ကိုထက်ဘက်သို့ ပြန်လှည့်လာသည်။ ထိုအချိန်တွင် လှည်းတန်းလမ်းမပေါ်၌ ဥဩသံတညံညံဖြင့် လူနာတင်ယာဉ်တစ်စီး ကားများကြားမှ တိုးဝှေ့မောင်းနှင်နေသည်ကို တွေ့လိုက်ရသည်။

“ကြည့်စမ်း ကိုထက်... ဟောဒီလမ်းမပေါ်မှာ လူနာတင်ယာဉ်အတွက် ကားတွေက ဘေးဖယ်ပေးရသလိုမျိုး 5G SA စနစ်ရဲ့ 5G Core ထဲမှာ 'Network Slicing' ဆိုတဲ့ အံ့သြစရာ နည်းပညာပါလာတယ်။ Network Slicing ဆိုတာ အများသုံး ကွန်ရက်ကြီးတစ်ခုတည်းထဲမှာတင် မတူညီတဲ့ ဝန်ဆောင်မှုတွေအတွက် VIP လမ်းကြောင်းသီးသန့်တွေ ခွဲခြားသတ်မှတ်ပေးလိုက်တာမျိုးပေါ့ကွာ။ ဥပမာ–သင်္ကြန်ပွဲတော်မှာ လူတစ်သန်း အင်တာနက်ပြိုင်သုံးနေပါစေ၊ လူနာတင်ယာဉ်ပေါ်က ဆရာဝန်က အရေးပေါ်ကုသဖို့ Video Call ခေါ်လိုက်ရင် အဲဒီ Medical Slicing လမ်းကြောင်းက တခြားသူတွေရဲ့ Data တွေနဲ့ ပိတ်ဆို့မသွားဘဲ သီးခြားဦးစားပေး Quality နဲ့ Priority ကို အပြည့်အဝရနေမှာ။ အဲဒါကြောင့် ဆေးရုံ၊ Campus နဲ့ Private 5G တည်ဆောက်တဲ့ စက်ရုံတွေအတွက် SA စနစ်က အဓိကသက်ရောက်မှုရှိတာပေါ့။”

ကိုထက်က စိတ်ဝင်တစားဖြင့် “နည်းပညာတွေကတော့ အံ့သြစရာပဲနော် ဦးလေး။ ဒါဆို ကျွန်တော်တို့ အိမ်မှာသုံးတဲ့ Fiber အင်တာနက်တွေနဲ့ရော 5G က ဘယ်လို ယှဉ်မလဲ” ဟု မေးလိုက်သည်။

"5G FWA (Fixed Wireless Access)ဆိုတာရှိတယ်။ ကြိုးတပ်စရာမလိုဘဲ 5G Router လေး တန်းထည့်လိုက်ရုံနဲ့ အိမ်သုံး Broadband အင်တာနက်ကို အမြန်နှုန်းတိုးချဲ့ပေးနိုင်တယ်။ High–resolution Streaming ကြည့်မလား၊ Remote Work လုပ်မလား အဆင်ပြေတာပေါ့။ နောက်ပြီး ဖုန်းခေါ်မယ်ဆိုရင်လည်း NSA သုံးတုန်းက 4G VoLTE ကိုပဲ သုံးရပေမယ့် SA အပြည့်ဖြစ်လာရင်တော့ 5G ပေါ်က Voice ဖြစ်တဲ့ VoNR စနစ်နဲ့ အသံကို လူချင်းတွေ့ပြီး ပြောနေရသလို တကယ့်ကို ကြည်ကြည်လင်လင်ပြောနိုင်လာမယ်။ ဖုန်းဘက်ထရီကုန်တာနဲ့ ပတ်သက်လို့လည်း SA Power–saving feature တွေနဲ့ မျိုးဆက်သစ် 5G Chipset တွေက လိုအပ်တဲ့ အချိန်မှာပဲ Radio Resource ကို အသုံးချမှာမို့ ဘက်ထရီစားတာကိုလည်း ပိုပြီးတော့တောင် သက်သာသွားမှာဖြစ်တယ်။ Low–band 5G က အိမ်ထဲအထိ Coverage ကျယ်ပြန့်အောင် ပံ့ပိုးပေးပြီး High–frequency Band တွေက လူများတဲ့နေရာတွေအတွက် Capacity ပိုပေးမှာပေါ့။”

ကိုထက်သည် သူ၏လက်ထဲတွင် ကိုင်ထားဆဲဖြစ်သော 4G စမတ်ဖုန်းလေးကို ငေးကြည့်ရင်း ရုတ်တရက် စိုးရိမ်စိတ်ဝင်သွားသည်။ သူလို လခစားရုံးဝန်ထမ်း လူငယ်တစ်ယောက်အတွက် ဈေးကြီးပေးဝယ်ရမည့် 5G စမတ်ဖုန်းအသစ်တစ်လုံး ချက်ချင်းလဲလှယ်ရန်ဆိုသည်မှာ မလွယ်ကူလှ။

ထို့ပြင် 4G ကွန်ရက်သာ ရုတ်တရက် ပိတ်ပစ်လိုက်ပါက သူ၏ လက်ရှိဖုန်းဖြင့် အိမ်ပြန်လမ်းတွင် မိုဘိုင်းဂိမ်းဆော့ခွင့်ရတော့မည် မဟုတ်သလို 5G ဒေတာပက်ကေ့ချ်ဈေးနှုန်းများ အဆမတန်မြင့်တက်သွားမည်လား၊ သို့မဟုတ် နယ်ဘက်ရှိ မိဘများဆီ ပြန်သည့်အခါ 5G လိုင်းမမိဘဲ လိုင်းပြတ်ကျန်ခဲ့မည်လားဆိုသည့် စိုးရိမ်စိတ်များ ခေါင်းထဲတိုးဝင်လာသည်။

“ဒါဆို 4G ကွန်ရက်ကြီးက ရုတ်တရက် ပျောက်သွားတော့မှာလား ဦးလေး”ဟု ကိုထက်က သိလိုစိတ်တစ်ဝက်၊ ဂိမ်းဆော့သူ လူငယ်တစ်ယောက်၏ စိုးရိမ်စိတ်တစ်ဝက်ဖြင့် မေးလိုက်သည်။ “5G သီးသန့်ဖြစ်သွားရင် ကျွန်တော့် 4G ဖုန်းနဲ့ ဂိမ်းဆော့လို့ရတော့မှာ မဟုတ်ဘူးလား။ အော်ပရေတာတွေက 4G ကို ချက်ချင်းပိတ်လိုက်ရင် 5G ဖုန်း မဝယ်နိုင်သေးတဲ့သူတွေရော၊ 5G မရောက်သေးတဲ့ နယ်ဘက်ကလူတွေရော လိုင်းပြတ်ကုန်မှာပေါ့နော်...”

မောင်ဖိုးသားက ကိုထက်၏ စိုးရိမ်တကြီးဖြစ်သွားသောမျက်နှာကို ကြည့်ကာ သဘောကျစွာ ရယ်မောလိုက်သည်။

“မစိုးရိမ်ပါနဲ့ကွာ... 4G ကွန်ရက်ကြီးက ရုတ်တရက် ပျောက်မသွားပါဘူး။ အော်ပရေတာတွေက 4G Network ကို ဆက်ပြီး ခိုင်မာအောင် ထိန်းထားရင်း 5G Radio တွေ တပ်ဆင်ပြီး NSA စတင်မယ်။ အဲဒီကမှ 5G Core တည်ဆောက်ပြီး SA စနစ်နဲ့ Enterprise Service ဝန်ဆောင်မှုတွေကို အဆင့်လိုက် တိုးချဲ့သွားမှာ။ ဒါကြောင့် 4G က ကျယ်ပြန့်တဲ့ coverage နဲ့ VoLTE ဖုန်းခေါ်ဆိုမှုတွေကို ဆက်ပြီး တာဝန်ယူပေးထားမှာမို့ မင်းရဲ့ 4G ဖုန်းလေးနဲ့ အေးဆေး ဂိမ်းဆက်ဆော့လို့ရနေဦးမှာပါ။”

မိုးစဲသွားပြီး လှည်းတန်းလမ်းဆုံ၏ ကားများ တဖြည်းဖြည်းရွေ့လျားသွားသည်။ ကိုထက် ဖုန်းကို ပြန်ကြည့်လိုက်သောအခါ မကြာမီက ထိန်းချုပ်ရခက်လှသည့် ဂိမ်းကွန်ရက်သည် ပေါ့ပါးစွာပြန်လည်ချိတ်ဆက်သွားသည်ကို တွေ့လိုက်ရသည်။ မမြင်ရသော လှိုင်းဂယက်များကြားတွင် အနာဂတ် 5G နည်းပညာသည် ၎င်းတို့၏ နေ့စဉ်ဘဝများထဲသို့ တိတ်တဆိတ် ချင်းနင်းဝင်ရောက်လာနေပြီဖြစ်ကြောင်း ကိုထက် သဘောပေါက်လိုက်မိတော့သည်။ ။



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၌ မီးဘေးအန္တရာယ် အသိပညာပေးနှိုးဆော်ခြင်းကို အောက်တိုဘာ ၁၅ ရက်က အမှတ်(၁၅)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအေးကြိုင်နှင့် အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်စဉ်။ ဟန်နီ(ပြန်/ဆက်)



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ထားဝယ်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ၌ အောက်တိုဘာ ၁၇ ရက်က တာဝန်ခံဦးစီးအရာရှိ ဦးသောင်းထိုက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးစဉ်။ မြင့်မြင့်ရီ

# ဖန်းမော်မြို့နယ်မှ ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စု ၁၀၂ စု၊ လူဦးရေ ၄၁၇ ဦးတို့အတွက် ဆန် ၂၄ ပြည်ပါ ၁၀၂ အိတ် ထောက်ပံ့ပေးအပ်



**မြစ်ကြီးနား အောက်တိုဘာ ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်ကုန်းရပ်ကွက် အင်ဂျန်ဒုံတောင်နယ်မြေ(၇)အတွင်း ဖန်းမော်မြို့နယ်မှ ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စု ၁၀၂ စု၊ လူဦးရေ ၄၁၇ ဦးအတွက် ဆန် ၂၄ ပြည်ပါ ၁၀၂ အိတ်ကို ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ယာယီနေရပ်စွန့်ခွာ မိသားစုများအား နေရာချထားပေးမည့် ဖန်းမော် Robert Camp စခန်းကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်တွေ့ဆုံ၍ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံစဉ် စခန်းတာဝန်ခံက စခန်းသစ်တွင် ပြောင်းရွှေ့နေထိုင်ကြမည့် အိမ်ထောင်စုများအတွက် နေအိမ်အဆောက်အအုံများအကြား သဲကျောက်လမ်းခင်းပေးနိုင်ရေး၊ သောက်သုံးရေ ချိုးရေလိုအပ်ချက်နှင့် မိသားစုများအတွက် လိုအပ်ချက်များ တင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အားပေးစကားပြောကြားသည်။

ထို့အတူ သိက္ခာတော်ရဆရာတော်အတွက် ချီးမြှင့်ငွေများကိုပေးအပ်ပြီး အိမ်ထောင်စုများ၏ နေအိမ်များ တည်ဆောက်ထားရှိမှုနှင့် သဲကျောက်လမ်းခင်းပေးနိုင်ရေး၊ ရေစင်တည်ဆောက်ပေးနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်အတွင်းရှိ သာသနာ့ဝန်ဆောင် မြို့ဦးကျောင်းတိုက်၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် အစိုးရ ဓမ္မာစရိယ၊ ပါဠိပထမပြန်၊ နိကာယ်စာမေးပွဲ၊ ပိဋကတ်သုံးပုံပါဠိတော် မြန်မာပြန်စာမေးပွဲတို့၌ မြစ်ကြီးနားစာဖြေဌာနမှ ထူးချွန်စွာ ဖြေဆိုအောင်မြင်တော်မူကြသည့် စာအောင်သံဃာတော်များ၊ ဆရာလေးများနှင့် လူပုဂ္ဂိုလ်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲသို့ တက်ရောက်သည်။

ချီးကျူးဂုဏ်ပြုပူဇော်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီးတို့က ဆရာတော်သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီးက သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းသော ကွန်ပျူတာစာစီမှု ပိဋကတ်သုံးပုံ အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်ကိုလည်းကောင်း လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ဘွဲ့ရစာအောင်သံဃာ ၁၁ ပါး၊ ဆရာလေး ငါးပါးတို့အား ဘွဲ့တံဆိပ်တော်များ၊ ဝန်းသိုကျောင်းတိုက်ဆရာတော်က စာအောင်လူပုဂ္ဂိုလ်များကို ဂုဏ်ပြုလွှာများ ဆက်ကပ်ပေးအပ်ပြီး ပင့်သံဃာတော်ကြီးများ၊ စာချဆရာတော်များ၊ စာအောင်သံဃာများ၊ ရဟန်းသာမဏေများနှင့် သီလရှင်ဆရာလေးများအား ဆွမ်းဆန်တော်၊ လှူဖွယ်ဝတ္ထုများနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ ဗီယက်နမ်နိုင်ငံသို့ သွားရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၈**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင် စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၃၆ ဦးနှင့် အုပ်ချုပ်သူများကို နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီး စဉ်စေလွှတ်ခဲ့ရာ အောက်တိုဘာ ၁၆ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှလေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာကြပြီး ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိကြသည်။

ယမန်နေ့ နံနက်ပိုင်းတွင် ထူးချွန်ကျောင်းသား ကျောင်းသူများသည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှ ဟာလောင်းမြို့သို့ ထွက်ခွာကြကာ ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံထားရသည့် Halong Bay သို့ ရောက်ရှိပြီး အပျော်စီးသင်္ဘောဖြင့် လေ့လာကြည့်ရှုကြသည်။

လေ့လာစဉ် သဘာဝအတိုင်း လှပသော ထုံးကျောက်လိုဏ်ဂူဖြစ်သည့် Thien Cung Cave အတွင်းရှိ ထုံးကျောက်တန်းများ၊ ကျောက်စက်ပန်းဆွဲများနှင့် ကျောက်စွယ်ကျောက်နံရံများ၏ သဘာဝအလှတရားများနှင့် ထူးခြားသည့်ရှုခင်းများ၊ Lu Huong ကျွန်းနှင့် Couple ကျွန်းများ၏ သဘာဝထုံးကျောက်တောင်ဖြစ်တည်ပုံများ၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေး နည်းလမ်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများနှင့် သဘာဝပင်လယ်ကမ်းခြေရှုခင်းများကို စိတ်ပါဝင်စားစွာလေ့လာကြသည်။

ညနေပိုင်းတွင် ဟနွိုင်းမြို့ရှိ ဗီယက်နမ်နိုင်ငံ၏ ပထမဆုံး တက္ကသိုလ်ဖြစ်ခဲ့သည့် Temple of Literature ကို ရောက်ရှိပြီး ယူနက်စကို အသိအမှတ်ပြု ကျောက်လိပ်ကြီးများ၏ ကျောပေါ်တွင် စိုက်ထူထားသည့် ကျောက်စာတိုင်များနှင့် ဗီယက်နမ်ပညာရေးဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များ၊ ရှေးဟောင်းဗိသုကာလက်ရာများ၊ သမိုင်းဝင်အမွေအနှစ်များကို ခေတ်မီဒီဂျစ်တယ်နည်းပညာများ အသုံးပြုပြင်ဆင်ထားသည့် 3D ကျောက်စာများကို လေ့လာခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် ထူးချွန်ကျောင်းသား ကျောင်းသူများသည် ဗီယက်နမ်နိုင်ငံ၏ သမိုင်းဝင် အထိမ်းအမှတ် နေရာဖြစ်သည့် ဟိုချီမင်းပြတိုက်သို့ ရောက်ရှိပြီး ဟိုချီမင်း၏ ဘဝဇာတ်ကြောင်းအတ္ထုပ္ပတ္တိ၊ လွတ်လပ်ရေးလှုပ်ရှားမှု သမိုင်းစာရွက်စာတမ်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ ရှေးဟောင်းပစ္စည်းများ၊ ကိုယ်ပိုင်အသုံးအဆောင်ပစ္စည်းများနှင့် သမိုင်းဝင်ပစ္စည်းများ၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည့် စစ်သည်များ၏စစ်ဝတ်စုံ၊ အသုံးအဆောင်များနှင့် လက်နက်ငယ်များ ပြသထားသည့်ပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် One Pillar Pagoda ရှေးဟောင်းဗုဒ္ဓဘာသာဘုန်းကြီးကျောင်း၊ Ba Dinh ရင်ပြင်နှင့် ဟိုချီမင်းဂူဗိမာန်၊ ဗီယက်နမ်နိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှု၊ ပထဝီဝင်နှင့်သမိုင်းဆိုင်ရာ အထောက်အထားများ ခိုင်မာစွာကျန်ရှိနေသည့် UNESCO ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံထားရသော Imperial Citadel of Thang Long ရှေးဟောင်းနန်းတော်၊ Vietnam Military History Museum နှင့် ဗီယက်နမ်၏ရှေးအကျဆုံးနှင့် အထင်ကရ ရိုးရာပိုးထည်ထုတ်လုပ်ရာ ကျေးရွာကြီးဖြစ်သည့် Van Phuc Silk Village တို့သို့ ရောက်ရှိကြပြီး ဗီယက်နမ်နိုင်ငံ၏သမိုင်းကြောင်းများ၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းဗိသုကာအမွေအနှစ်များ၊ သမိုင်းဝင်တိုက်လေယာဉ်များ၊ တင့်ကားများ၊ စစ်ဆင်ရေးမြေပုံများ၊ ပြင်ပကွင်းပြင်မှ စစ်လက်နက်ကြီးများ၊ ခေတ်မီ 3D မာလ်တီမီဒီယာပြခန်းများ၊ ပိုးကောင်မွေးမြူခြင်း၊ ပိုးအိမ်မှ ပိုးမျှင်ထုတ်ယူခြင်း၊ ပိုးချည်ဆိုးဆေးဆိုးခြင်းမှစ၍ ရှေးဟောင်းသစ်သား ရက်ကန်းစင်များနှင့် ခေတ်မီ ရက်ကန်းစက်များဖြင့် ပိုးထည်ရက်လုပ်နေပုံ အဆင့်ဆင့်ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



■ *ရှေ့ဖုံးမှ*

ဟောပြောပွဲတွင် ပါမောက္ခ ဒေါက်တာတက်ထွန်းချစ်က "အရိုးကျန်းမာကာကွယ်ပါ" ခေါင်းစဉ်၊ ပါမောက္ခ ဒေါက်တာရွှေကျော်ဦးက "အရိုးပွရောဂါ ခွဲစိတ်ကုသရုံနှင့် မပြီးပါ" ခေါင်းစဉ်တို့ဖြင့် ဟောပြောဆွေးနွေးပြီး အရိုးပွရောဂါအကြောင်းသိကောင်းစရာများ၊ အရိုးပွရောဂါဖြစ်နိုင်ခြေ စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

"အရိုးပွရောဂါဟာ အဖြစ်များတဲ့ ရောဂါတစ်ခုဖြစ်ပါတယ်၊ ပြည်သူလူထု အများစုမှာ အရေးကြီးတဲ့ရောဂါတစ်ခုအနေနဲ့ သတိမထားမိကြသလို ရောဂါလက္ခဏာမပြတဲ့အတွက် သတိမထားမိကြဘူး။ ပြည်သူလူထု ဂရုပြုမိပြီး ကျန်းမာရေးကို ပိုပြီးဂရုစိုက်နိုင်အောင် ရည်ရွယ်ဆောင်ရွက်တာပါ" ဟု ပါမောက္ခ ဒေါက်တာတက်ထွန်းချစ်က ပြောသည်။

အရိုးပွရောဂါသည် ကမ္ဘာအနှံ့ ဖြစ်ပွားလျက်ရှိပြီး အသက် ၅၀ နှင့်အထက် အမျိုးသမီးသုံးဦးတွင် တစ်ဦးနှင့် အမျိုးသားငါးဦးတွင် တစ်ဦးသည် အရိုးပွ၊ အရိုးကျိုးခြင်းကို ကြုံတွေ့နေကြရကြောင်း သိရသည်။

"အရိုးပွရောဂါ ကာကွယ်ဖို့အတွက် အန္တရာယ်ရှိနိုင်တဲ့ အသက်အပိုင်းအခြားရောက်လာပြီဆိုရင် အမျိုးသမီးတွေ သွေးဆုံးတဲ့အချိန်မှာ သတိထားရမယ့်အချက်တွေရှိတယ်။ စားသောက်တဲ့ အစားအသောက်မှာ ကယ်လ်စီယမ်ဓာတ်က အဓိကပါဝင်ဖို့လိုတယ်။ နို့နဲ့ နို့ထွက်ပစ္စည်း၊ အရိုးပါတဲ့ ငါးကလေးတွေ စားသုံးဖို့လိုတယ်။ ဒ့ါအပြင် ဗီတာမင်ဒီ လုံလောက်အောင် နေရောင်ခြည်ထိတွေ့ဖို့လိုတယ်။ ပရိုတင်း အသားဓာတ်ကို လုံလောက်အောင် စားသုံးဖို့လိုပါတယ်။ ဗီတာမင်ဒီပါတဲ့ အစားအသောက်တွေ၊ အစေ့အဆန်တွေ စားသုံးဖို့လိုပါတယ်" ဟု ပါမောက္ခ ဒေါက်တာတက်ထွန်းချစ်က အကြံပြုပြောကြားသည်။

**အထူးအလေးထားဆောင်ရွက်လျက်ရှိ**

အရိုးပွရောဂါ ကာကွယ်ကုသရေးတွင် ပြည်သူလူထုအတွင်း အသိပညာဗဟုသုတများ တိုးပွားလာရေး၊ ရောဂါအန္တရာယ်ရှိသူများကို စောစီးစွာ ဖော်ထုတ်စစ်ဆေးနိုင်ရေးနှင့် စနစ်တကျကုသမှုရရှိစေရေးတို့ကို သက်ဆိုင်ရာ ဆေးပညာရှင်အဖွဲ့အစည်းများနှင့် လက်တွဲကာ စဉ်ဆက်မပြတ် တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာပျော်ရွှင်သော လူနေမှုဘဝကို ပိုင်ဆိုင်နိုင်စေရန်အတွက် မကူးစက်နိုင်သော နာတာရှည်ရောဂါများ ကာကွယ်ကုသရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း/ဓာတ်ပုံ-ကျော်ကြီး**

# လပွတ္တာမြို့နယ် ဆင်သေကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်

**လပွတ္တာ အောက်တိုဘာ ၁၈**

လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကုက္ကိုကျေးရွာအုပ်စု ဆင်သေကျေးရွာသို့ အောက်တိုဘာ ၁၄ ရက်က မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည် ဦးဆောင်သောအဖွဲ့ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရေချွေတာရေး နည်းလမ်းများ

- ❒ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❒ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

## ရောဝတီတိုင်းဒေသကြီးမှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် တိုင်းဒေသကြီးဂုဏ်ဆောင်အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်

**ပုသိမ် အောက်တိုဘာ ၁၈**

နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် တိုင်းဒေသကြီး/ပြည်နယ် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သော ရောဝတီတိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ တာဝန်ရှိသူများက ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲမှ ရရှိခဲ့သည့် အမျိုးသမီး တံခွန်စိုက်ဆုဖလားကို အပ်နှံကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများက နိုင်ငံတကာပြိုင်ပွဲများနှင့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများတွင် ကာယကြံ့ခိုင်မှု၊ စစ်တုရင် (U-18)၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ U-18 ပြေးခုန်ပစ် (တုတ်ထောက်ခုန်)၊ U-18 အမျိုးသား ဘောလုံးပြိုင်ပွဲ၊ U-19 အမျိုးသမီး ဘောလုံးပြိုင်ပွဲ၊ Teqball နှစ်ယောက်တွဲ၊ ရေကူး၊ ကရာတေး၊ ပိုက်ကျော်ခြင်း၊ ရိုးရာလက်ဝှေ့၊ ပန်ကြပ်ဆီလတ် အစရှိသည့် အားကစားနည်းများဖြင့် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်ဆုများ ရရှိခဲ့သည့် အားကစားသမားများနှင့် အားကစားနည်းများအလိုက် အုပ်ချုပ်သူများ၊ နည်းပြများကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁) ၌ International First Grade ကုမ္ပဏီလီမိတက်မှ ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကျပ်သိန်းနှစ်ထောင့်နှစ်ဆယ့် ခုနစ်သိန်း ခုနစ်သောင်းသုံးရာခြောက်ဆယ်ရှစ်ကျပ်ခန့်တန်ဖိုးရှိသော ပစ္စည်းများနှင့် လှူဒါန်းငွေကျပ်သိန်းသုံးရာကို လာရောက်လှူဒါန်းရာ တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ လူမှုရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ပန်းတောင်းမြို့နယ်၌ ရဟန်းသံဃာတော်များအား UID ကတ်များ ဆက်ကပ်

**ပန်းတောင်း အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များအား UID ကတ်များ ဆက်ကပ်ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဝန်လိုရပ်ကွက်ရှိ စကုကျောင်းတိုက် (မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်ကြီး၏ ကျောင်းတိုက်) ဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမြင့်ဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဆရာတော် ၅၂ ပါးအား လက်ဝယ်အရောက် UID ကတ်များ ဆောင်ရွက်ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေး

**သာယာဝတီ အောက်တိုဘာ ၁၈**

သာယာဝတီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ကျွဲခြံအင်း၊ ငဖြူကလေး၊ ကုန်းမီးနင်း၊ သဇင်အိုင်၊ မကျီးကွင်း၊ ရေတွင်းကုန်း၊ ဗေဒင်ကုန်းအုပ်စုများမှ တောင်သူများအား ကျွဲခြံအင်းအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ အသိပညာပေးဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်နှင့် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းတို့က အယ်လ်နီညိုကြောင့် ရာသီဥတုဖောက်ပြန်မှုများဖြစ်သည့် မိုးရွာသွန်းမှုမမှန်ကန်ခြင်း၊ အပူလွန်ကဲခြင်း၊ စိုက်ပျိုးရေပြတ်လပ်မှုများဖြစ်ပေါ်နိုင်သဖြင့် ဆောင်းသီးနှံများစိုက်ပျိုးရာတွင် အစိုဓာတ်မပြတ်လပ်မီ အချိန်မီထွန်ယက်စိုက်ပျိုးခြင်းအပါအဝင် အယ်လ်နီညိုဒဏ်ကာကွယ်ရန် ကြိုတင်စီမံဆောင်ရွက်ရမည့် အချက်များနှင့် အမိုနီယမ်ဆာလဖိတ်ဓာတ်မြေဩဇာသုံးစွဲရာတွင် လိုက်နာရမည့် အချက်များအား လိုက်နာဆောင်ရွက်ကြရန်ဆွေးနွေးခဲ့ပြီး အယ်လ်နီညိုဒဏ်ကာကွယ်ဖို့ကြိုတင်စီမံဆောင်ရွက်စို့နှင့် တောင်သူများအသုံးပြုနေသော အမိုနီယမ်ဆာလဖိတ်ဓာတ်မြေဩဇာအကြောင်း လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**သန့်ဇော်(ပြန်/ဆက်)**



## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကျိုက်မရော အောက်တိုဘာ ၁၈**

ကျိုက်မရောမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းရည်ထက်နှင့် ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယမန်နေ့က ဘုရားနှစ်ဆူ တောရကျောင်းတိုက်၌ အတွင်းအပြင် အမှိုက်များ ရှင်းလင်းပေးခြင်း၊ ဘုရားရင်ပြင်တော်ပေါ်ရှိ အမှိုက်များ လှည်းပေးခြင်း၊ မုခ်ဦးနေရာများ၌ ရေညှိများရှင်းလင်းပေးခြင်း၊ ဘုန်းကြီးကျောင်းပေါ်ရှိ ရေစည်များ ရေလဲလှယ်ပေးခြင်းနှင့် အပင်များခုတ်ထွင်ရှင်းလင်းခြင်းများကို စုပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

## နောင်ချိုမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**နောင်ချို အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ နောင်ချိုမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ အပူဒဏ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့က နောင်ချို-ကံကြီးလမ်းပေါ်၌ ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ကျောက်မဲခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ နောင်ချိုမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစည်သူလင်းနှင့် အဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေး ဝန်ထမ်းများပူးပေါင်း၍ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကာလတွင် ပြည်သူများ ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် အပူဒဏ်ကာကွယ်ရေးနှင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး လက်ကမ်းစာစောင်များကို ခရီးသွားလာ ပြည်သူများနှင့် မြို့မဈေးတို့တွင် ဈေးရောင်း ဈေးဝယ်ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့မဈေး၌ အောက်တိုဘာ ၁၈ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသခြင်းကို ဈေးသူ ဈေးသားများနှင့် ပူးပေါင်းဆောင်ရွက်စဉ်။

ကျော်ဝင်း(ကလော)


■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ဉာဏ်ရည်တုနည်းပညာနှင့် ပဉ္စမမျိုးဆက်ပညာရေး(သို့မဟုတ်)Education 5.0: Smart Education

**ရန်ကုန်ပညာရေးတက္ကသိုလ်ကျောင်းဆင်း ကျွန်တော်၏ ဖခင်ကြီးက ကျွန်တော့်အား ဆုံးမလေ့ရှိသော စကားတစ်ခွန်းရှိပါသည်။ "ပညာရေးဆိုတာ နံရံလေးဖက်ကာရံထားတဲ့ စာသင်ခန်းထဲမှာပဲရှိတဲ့အရာ မဟုတ်ပါ" ဟူသည့် ကမ္ဘာကျော် အဆိုအမိန့်တစ်ခုပင် ဖြစ်ပါသည်။**

*ပါမောက္ခ ဒေါက်တာမျိုးခိုင်*
*(ကွန်ပျူတာတက္ကသိုလ်)*

> **❝ ကျောင်းသားများသည် ကျောင်းပြင်ပ ရောက်ရှိနေချိန် သို့မဟုတ် ညဉ့်နက်သန်းခေါင် စာကြည့်ချိန်တွင် နားမလည်သည့် သင်ခန်းစာများ၊ ခက်ခဲလွန်းသည့် မေးခွန်းများ ရှိလာတတ်ပါသည်။ AI Chatbot များသည် ဤပြဿနာကို အကောင်းဆုံးဖြေရှင်းပေးနိုင်ပါသည်။ ကျောင်းသားက မိမိမသိသည်ကို ရိုက်နှိပ်မေးမြန်းလိုက်ရုံဖြင့် အဆိုပါ AI စနစ်သည် စိတ်ရှည်လက်ရှည်ဖြင့် ချက်ချင်းအဖြေပေးရုံမျှမကဘဲ အဆင့်ဆင့်တွက်နည်းနှင့် နားလည်လွယ်သော ရှင်းလင်းချက်များကိုပါ အချိန်မရွေး၊ နေရာမရွေး ပံ့ပိုးပေးနိုင် ❞**

လူသားတစ်ဦး၏ အသိဉာဏ်ပွင့်လင်းမှုနှင့် သင်ယူခြင်းလုပ်ငန်းစဉ်သည် စာသင်ခန်းတစ်ခု၊ ကျောင်းဝင်းတစ်ခု၊ သတ်မှတ်ထားသည့် အချိန်ကာလတစ်ခုအတွင်း၌သာ တည်ရှိနေခြင်း မဟုတ်ကြောင်းကို အနက်ရှိုင်းဆုံး လှစ်ဟပြခြင်းဖြစ်ပါသည်။ ပညာရေးဆိုသည်မှာ ပတ်ဝန်းကျင်ရှိအရာရာကို စူးစမ်းလေ့လာခြင်း၊ ဘဝအတွေ့အကြုံများမှတစ်ဆင့် သင်ခန်းစာယူ ရင့်ကျက်လာခြင်းနှင့် နေ့စဉ်ကြုံတွေ့ရသည့် အခက်အခဲများကို ကိုယ်တိုင်ဖြေရှင်းရင်း အမှားနှင့်အမှန်ကို ဆင်ခြင်တုံတရားဖြင့် ခွဲခြားတတ်လာခြင်းပင် ဖြစ်ပါသည်။

ဤပညာရေးသဘောတရားသည် လူသားတို့၏ လူ့အဖွဲ့အစည်းတွင်သာ တည်ရှိသည် မဟုတ်ဘဲ သဘာဝလောကကြီးအတွင်းရှိ ကျေးငှက်တိရစ္ဆာန်လေးများ၌ပင် အခြေခံဗီဇအဖြစ် တည်ရှိနေပါသည်။ မိခင်ငှက်မကြီးက သားငယ်သမီးငယ် ငှက်ကလေးများကို အတောင်ပံဖြန့်ကာ အပျံသင်ပေးခြင်း၊ တိရစ္ဆာန်မိခင်များက မိမိတို့၏ သားကောင်ငယ်များကို လောက၌ ရှင်သန်နိုင်ရန် အစာရှာဖွေနည်း အတတ်ပညာများ သင်ကြားပေးခြင်းတို့သည်လည်း သဘာဝတရားကြီးက ပေးအပ်ထားသည့် အဖိုးတန်လှသော "ပညာရေး"ပင် ဖြစ်ပါသည်။

ကျောင်းသင်ခန်းစာများသည် ကျွန်ုပ်တို့ကို စာပေအခြေခံနှင့် လမ်းစများကို ချပြပေးနိုင်သည်မှာ မှန်သော်လည်း ထိုကျောင်းနံရံများ၏ ပြင်ပရှိ ကမ္ဘာလောကကြီးတစ်ခုလုံးသည်ကား အသိပညာ၊ အတတ်ပညာများကို အကန့်အသတ်မရှိ ပေးစွမ်းနေသည့် အကြီးမားဆုံးသော **"လောကစာသင်ကျောင်းကြီး"** ဖြစ်ပါသည်။ အထူးသဖြင့် ယနေ့ခေတ်ကဲ့သို့ ကမ္ဘာ့အဆင့်မီ ပညာရပ်များကို နေရာမရွေး၊ အချိန်မရွေး လက်လှမ်းမီနိုင်သည့်အချိန်တွင် ဤစကားသည် ပိုမိုထင်ရှားလာပြီး လူသားတို့၏ သင်ယူလိုစိတ် ရှင်သန်နေသရွေ့ လောကခေတ် တစ်ခုလုံးသည် ကျွန်ုပ်တို့အတွက် ဘယ်သောအခါမျှ ကုန်ဆုံးမသွားမည့် စာသင်ခန်းကြီး ဖြစ်နေပါတော့သည်။

**သမိုင်းဦးပညာရေးမှသည် Smart Education ဆီသို့**

**ပညာရေးဆိုသည်မှာ လူသားတို့၏ သမိုင်းစတင်ကတည်းက ဒွန်တွဲပါရှိလာခဲ့သည့် မြင့်မြတ်သော အမွေအနှစ်တစ်ခု ဖြစ်ပါသည်။ ရှေးဦးလူသားတို့သည် ကျောက်ဂူနံရံများပေါ်တွင် အရုပ်များဆွဲ၍လည်းကောင်း၊ နှုတ်ဆင့်ကမ်း ပုံပြင်များပြော၍လည်းကောင်း မိမိတို့၏ အတွေ့အကြုံနှင့် အတတ်ပညာများကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းခဲ့ကြပါသည်။ ထိုမှတစ်ဆင့် ပေရွက်၊ ပုရပိုက်များ၊ ထို့နောက် စက္ကူနှင့် ဖတ်စာအုပ်များ ပေါ်ထွက်လာပြီးနောက် စာသင်ခန်းများသည် ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသော လူသားများကို အလင်းပြပေးခဲ့သည့် အခြေခံအုတ်မြစ်ကြီးများ ဖြစ်လာခဲ့ပါသည်။**

ယနေ့ခေတ်တွင်မူ ဤအစဉ်အလာကောင်းများကို အားဖြည့်ပေးမည့် **"စမတ်ပညာရေးစနစ်" (သို့မဟုတ်) "Smart Education"** ပေါ်ထွက်လာခဲ့ပြီ ဖြစ်ပါသည်။ ယင်းသည် ရိုးရာစာသင်ခန်းများ၏ တန်ဖိုးကို ဖျက်ဆီးပစ်ခြင်းမဟုတ်ဘဲ အင်တာနက်၊ အဆင့်မြင့်ဆော့ဖ်ဝဲများနှင့် ဉာဏ်ရည်တုနည်းပညာ(AI)တို့ကို ပေါင်းစပ်ကာ သင်ကြားရေးကို ပိုမိုရှင်သန်လတ်ဆတ်လာအောင် ပံ့ပိုးပေးခြင်း ဖြစ်ပါသည်။ စာသင်သားတို့၏ ပင်ကိုအရည်အသွေးကို ရှာဖွေဖော်ထုတ်ပေးပြီး ခေတ်နှင့်အညီ အသိပညာ၊ အတတ်ပညာများကို အကန့်အသတ်မရှိ ရှာဖွေနိုင်စေရန် နံရံများကို ဖွင့်လှစ်ပေးလိုက်ခြင်းလည်း ဖြစ်ပါသည်။

ကမ္ဘာ့အခြားတစ်ဖက်မှ ထိပ်တန်းတက္ကသိုလ်ကြီးများ၏ သင်ခန်းစာများကို မိမိအိမ်ဧည့်ခန်းထဲမှနေ၍ စမတ်ဖုန်းတစ်လုံးရှိရုံဖြင့် အလွယ်တကူ လေ့လာသင်ယူနိုင်ခြင်းသည်ပင် ရိုးရာပညာရေးကို နည်းပညာဖြင့် အဆင့်မြှင့်တင်လိုက်သည့် Smart Education ၏ အစွမ်းထက်လှသော သာဓကတစ်ခုပင် ဖြစ်ပါသည်။

**ပညာရေးစနစ်များ၏ ခေတ်အဆက်ဆက် ဆင့်ကဲပြောင်းလဲလာမှု**

ရိုးရာပညာရေးစနစ်မှသည် ယနေ့ခေတ် နည်းပညာအခြေပြု စမတ်ပညာရေးစနစ်ဆီသို့ ကူးပြောင်းလာရာတွင် အဆင့်ငါးဆင့်တိုင်တိုင် ဆင့်ကဲပြောင်းလဲခဲ့ရခြင်းဖြစ်ပါသည်။ ဆရာက နှုတ်တိုက်သင်ကြား၍ ကျောင်းသားမှ နှုတ်တိုက်သင်ယူရသော **"ပထမမျိုးဆက်ပညာရေး"** (Education 1.0)၊ စက္ကူ၊ စာအုပ်နှင့် ပုံနှိပ်စက်များ ထွန်းကားလာပြီး အပြန်အလှန်ဆွေးနွေးသင်ယူလာနိုင်သည့် **"ဒုတိယမျိုးဆက်ပညာရေး"** (Education 2.0)၊ အင်တာနက်နှင့် ကွန်ပျူတာ ပေါ်ပေါက်လာပြီး အချက်အလက်များကို ကိုယ်တိုင်ရှာဖွေနိုင်လာသည့် **"တတိယမျိုးဆက်ပညာရေး"** (Education 3.0) နှင့် အွန်လိုင်းဒီဂျစ်တယ်ဆော့ဖ်ဝဲများ E-learning ဖြင့် သင်ယူလာနိုင်သည့် **"စတုတ္ထမျိုးဆက်ပညာရေး"** (Education 4.0)တို့ ဖြစ်ကြပါသည်။

ယခုအခါတွင်မူ ဉာဏ်ရည်တုနည်းပညာ(AI) နှင့် လူသားတို့ အတူတကွပူးပေါင်းဖန်တီးပြီး ကျောင်းသားတစ်ဦးချင်းစီ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အပြုအမူအလိုက် အထူးပြုသင်ကြားပေးနိုင်သည့် **"ပဉ္စမမျိုးဆက်ပညာရေး"** (Education 5.0) ဟူသော 'Smart Education' ခေတ်သစ်ဆီသို့ ချင်းနင်းဝင်ရောက်လာခဲ့ပြီ ဖြစ်ပါသည်။

**ပညာရေး၏ စစ်မှန်သော ရည်မှန်းချက်နှင့် AI ၏ ပံ့ပိုးပေးနိုင်မှု**

ပညာရေး၏ အဓိကရည်မှန်းချက်မှာ စာမေးပွဲတွင် အမှတ်ကောင်းကောင်းရရုံမျှ မဟုတ်ပါ။ ကလေးတစ်ယောက်ချင်းစီ၏ တွေးခေါ်နိုင်စွမ်းကို ဖွင့်ပေးရန်၊ ၎င်းတို့၏ ပင်ကိုအရည်အချင်းနှင့် ဝါသနာကိုရှာဖွေဖော်ထုတ်ပေးရန်နှင့် လူ့အဖွဲ့အစည်းအတွက် အသုံးဝင်မည့် လူတော်လူကောင်းများ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးဖို့ ဖြစ်ပါသည်။ ဉာဏ်ရည်တုနည်းပညာ (AI) သည် အဆိုပါရည်မှန်းချက်များ အောင်မြင်လာစေရန်အတွက် ပံ့ပိုးပေးနိုင်ပါသည်။

**ကလေးတစ်ဦးချင်းစီနှင့် ကိုက်ညီမည့် အထူးကြပ်မတ်သင်ယူမှုစနစ်**

လူ့သဘာဝအရ ကလေးတစ်ဦးနှင့် တစ်ဦးသည် စာလိုက်နိုင်စွမ်းချင်း၊ ဉာဏ်ရည်ဉာဏ်သွေးချင်းနှင့် ဝါသနာပါပုံချင်း မတူညီနိုင်ကြပါ။ ရိုးရာအတန်းပညာရေးတွင် ဆရာတစ်ယောက်သည် ကျောင်းသား ၄၀ လုံးကို တူညီသောပုံစံဖြင့်သာ စာသင်ပေးနိုင်သဖြင့် ဉာဏ်နှေးသောကလေးများ ကျန်ရစ်ခဲ့တတ်ပါသည်။ သို့သော် AI နည်းပညာသည် ကလေးတစ်ဦးချင်းစီ၏ ဝါသနာ၊ စာလုပ်ပုံ၊ အားနည်းချက်နှင့် အားသာချက်များကို အသေးစိတ်လေ့လာပြီး ထိုကလေးနှင့် အကိုက်ညီဆုံးဖြစ်မည့် သင်ခန်းစာများနှင့် လေ့ကျင့်ခန်းများကို အလိုအလျောက် ပုံစံထုတ်ပေးနိုင်ပါသည်။ ဉာဏ်ကောင်းသောကလေးကို ရှေ့သို့အမြန်သွားစေပြီး ဉာဏ်နည်းနည်းနှေးသော ကလေးကို စိတ်ရှည်လက်ရှည်ဖြင့် နားလည်အောင် တွဲခေါ် ကူညီပေးနိုင်သည့်စနစ် ဖြစ်ပါသည်။

**၂၄ နာရီပတ်လုံး အနားမှာရှိနေမည့် ဉာဏ်ရည်တုကျူတာများ**

**ကျောင်းသားများသည် ကျောင်းပြင်ပ ရောက်ရှိနေချိန် သို့မဟုတ် ညဉ့်နက်သန်းခေါင် စာကြည့်ချိန်တွင် နားမလည်သည့် သင်ခန်းစာများ၊ ခက်ခဲလွန်းသည့် မေးခွန်းများ ရှိလာတတ်ပါသည်။ AI Chatbot များသည် ဤပြဿနာကို အကောင်းဆုံးဖြေရှင်းပေးနိုင်ပါသည်။ ကျောင်းသားက မိမိမသိသည်ကို ရိုက်နှိပ်မေးမြန်းလိုက်ရုံဖြင့် အဆိုပါ AI စနစ်သည် စိတ်ရှည်လက်ရှည်ဖြင့် ချက်ချင်းအဖြေပေးရုံမျှမကဘဲ အဆင့်ဆင့်တွက်နည်းနှင့် နားလည်လွယ်သော ရှင်းလင်းချက်များကိုပါ အချိန်မရွေး၊ နေရာမရွေး ပံ့ပိုးပေးနိုင်**ပါသည်။

**ဆရာ ဆရာမများ၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးခြင်း**

ဆရာ ဆရာမများ၏ နေ့စဉ်ဘဝတွင် အချိန်အကုန်ဆုံးနှင့် အပင်ပန်းဆုံးအလုပ် တစ်ခုမှာ ကျောင်းသားများ၏ စာမေးပွဲအဖြေလွှာများအား စစ်ဆေးခြင်း၊ အိမ်စာစာအုပ်များအား အမှတ်ပေးခြင်းနှင့် အမှတ်စာရင်းဇယားများ ပြုလုပ်ခြင်း စသည့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဖြစ်ပါသည်။ AI နည်းပညာသည် မှန်/မှား၊ ကွက်လပ်ဖြည့်ကဲ့သို့သော ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ သချာ်ပုစ္ဆာများသာမက ကျောင်းသားများ ကိုယ်တိုင်ရေးသားထားသည့် စာစီစာကုံးများကိုပါ မိနစ်ပိုင်းအတွင်း တိကျမှန်ကန်စွာ စစ်ဆေးပေးနိုင်စွမ်း ရှိပါသည်။ ဤသို့ဖြင့် ဆရာ ဆရာမများသည် ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတွင် အချိန်ကုန်သက်သာသွားပြီး ကျောင်းသားများအား စာသေချာသင်ပေးနိုင်ရန်နှင့် ၎င်းတို့၏ စိတ်ခံစားမှုပိုင်းဆိုင်ရာကို ပြုစုပျိုးထောင်ပေးရန်အတွက် အချိန်ပိုမို ရရှိသွားပါသည်။

**ကျောင်းသားများ၏ အနာဂတ်ကို ကြိုတင်ခန့်မှန်းပေးနိုင်ခြင်း**

ကျောင်းသားတစ်ဦး၏ ကျောင်းခေါ်ချိန်မှတ်တမ်း၊ နေ့စဉ်အိမ်စာတင်မှုနှင့် စာမေးပွဲ ရလဒ်များအား AI က ကွန်ပျူတာအချက်အလက်များမှတစ်ဆင့် ခွဲခြမ်းစိတ်ဖြာနိုင်ပါသည်။ ထိုသို့ခွဲခြမ်းစိတ်ဖြာပြီးနောက် **"ဤကျောင်းသားသည် အောင်နိုင်သည်"၊ "စာမလိုက်နိုင်တော့သဖြင့် အတန်းကျနိုင်ခြေရှိသည်" သို့မဟုတ် "ကျောင်းထွက်ရမည့် အန္တရာယ်ရှိသည်"** စသည်ဖြင့် ကြိုတင်ခန့်မှန်း၍ အချက်ပေးနိုင်ပါသည်။ ဤစနစ်ကြောင့် ဆရာများနှင့် မိဘများအနေဖြင့် ကလေးကို အချိန်မီ သတိပြုမိပြီး လိုအပ်သော အကူအညီများ ပေးနိုင်မည်ဖြစ်ပါသည်။

**Smart Education မှ ပေးစွမ်းနိုင်သည့် ကောင်းကျိုးချမ်းသာများ**

Smart Education ကို ပြောင်းလဲကျင့်သုံးခြင်းအားဖြင့် ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းသည် အောက်ပါ ကောင်းကျိုးများကို လက်တွေ့ခံစားရမည်ဖြစ်ပါသည်-

**ပညာရေးအခွင့်အလမ်း ညီမျှလာခြင်း။** ယခင်က ကမ္ဘာ့အဆင့်မီ ပညာရပ်များ၊ အရည်အသွေးမြင့် သင်တန်းများကို တက်ရောက်နိုင်ရန်အတွက် ငွေကြေးအမြောက်အမြား အကုန်အကျခံကာ မြို့ကြီးပြကြီးများသို့ သွားရောက်သင်ယူခဲ့ကြရပါသည်။ သို့သော် Smart Education သည် ထိုအတားအဆီးကို ကျော်လွှားလိုက်ပြီ ဖြစ်ပါသည်။ ယခုအခါ အင်တာနက်လိုင်းနှင့် ဖုန်း၊ ကွန်ပျူတာရှိရုံဖြင့် တောရောမြို့ပါမကျန် ကမ္ဘာ့အဆင့်မီ ပညာရပ်များကို အလွယ်တကူသင်ယူနိုင်ခွင့် ရရှိစေပါသည်။ ဝေးလံခေါင်ဖျားသည့် ကျေးလက်ဒေသများမှ ကလေးငယ်တစ်ဦးသည်လည်း နည်းပညာ အကူအညီဖြင့် မြို့ပြမှ ကလေးများနည်းတူ ပညာရှာမှီးနိုင်ခွင့် ရှိလာပါသည်။

**စာသင်ရသည်ကို ပျော်ရွှင်စရာဖြစ်စေခြင်း။** စာမျက်နှာများပေါ်ရှိ စာသားများကိုသာ နာရီပေါင်းများစွာ ဖတ်ရှုလေ့လာနေရသည့် သင်ယူမှုပုံစံသည် ကလေးငယ်များအတွက် ရုံဖန်ရံခါ ငြီးငွေ့စရာဖြစ်လာနိုင်ပြီး စာပေလေ့လာမှုကို စိတ်ပျက်အားလျော့သွားစေတတ်ပါသည်။ Smart Education စနစ်တွင်မူ Virtual Reality (VR) နှင့် Augmented Reality (AR)ကဲ့သို့သော နည်းပညာများကို သင်ထောက်ကူပစ္စည်းအဖြစ် အသုံးပြုကာ သမိုင်းသင်ခန်းစာသင်ပါက ရှေးဟောင်းမြို့ပြနိုင်ငံများဆီသို့ ကိုယ်တိုင်ရောက်သွားသကဲ့သို့ လည်းကောင်း၊ ပထဝီဝင်သင်ခန်းစာသင်ရပါက တော၊ တောင်၊ ရေ၊ မြေ၊ လကမ္ဘာတို့ပေါ်တို့သို့ ရောက်ရှိသွားသကဲ့သို့ လည်းကောင်း ရုပ်ကြွဗီဒီယိုများဖြင့် သင်ကြားပေးနိုင်ပါသည်။ သိပ္ပံစမ်းသပ်ချက်များကိုလည်း အန္တရာယ်မရှိဘဲ ကွန်ပျူတာမျက်နှာပြင်ပေါ်တွင် လက်တွေ့ခေတ်ခွဲ စမ်းသပ်ကြည့်နိုင်သဖြင့် ကလေးများ စာသင်ရသည်ကို ပိုမိုစိတ်ဝင်စားပြီး ဉာဏ်ပွင့်လွယ်စေမည် ဖြစ်ပါသည်။

**ဒီဂျစ်တယ်အချက်အလက်အခြေပြု ပညာရေးဆိုင်ရာ လေ့လာဆန်းစစ်မှုများ လွယ်ကူလာခြင်း။** စမတ်ပညာရေးစနစ်သည် ကျောင်းသားများ၏ သင်ကြားသင်ယူမှု မှတ်တမ်းအားလုံးကို ဒီဂျစ်တယ်အချက်အလက် (Digital Data) များအဖြစ် စနစ်တကျ ပြောင်းလဲပေးနိုင်စွမ်းရှိပါသည်။ ဤသို့အချက်အလက်များ စုစည်းမိလာသည့်အခါ ဉာဏ်ရည်တုနည်းပညာ၏ အကူအညီဖြင့် ကျောင်းသားတစ်ဦးချင်းစီ၏ တိုးတက်မှုအားသာချက် အားနည်းချက်များကို လေ့လာဆန်းစစ်နိုင်ရုံမျှမက

*စာမျက်နှာ ၁၁ သို့*

# မြန်မာ့ယဉ်ကျေးမှု ထွန်းကားရေး အလေးပေးစို့ . . .

❖ စည်းနဲ့ဝါး စည်းနဲ့ဝါးဟု
ညီထားနရီ ဘက်စုံစီအောင်
ထားသည်စည်းကမ်း ထုံးတမ်းမဝေး
ကြေးကြိုးသားရေ လေနဲ့လက်ခုပ်
လေးချက်အုပ်ချီ အတည်မသွေ
ရှိကြစေရန် မြန်မာ့ဟန်ကို
ရှင်သန်ထာဝရ တည်တံ့ကြစေ
တောင်းဆုခြွေလျက်
နှစ်တွေကြာညောင်း
ပြောင်းခဲ့(၂၇)ကြိမ် ရှိန်ဟုန်မပျက်
ချီတက်လျှောက်ဆဲ ဤပြိုင်ပွဲတွင်
စုံလဲစုံစွာ ဂီတာဒုံမင်း
စောင်းညင်းပတ္တလား စန္ဒရားနှင့်
ချန်မထားမယ်ဒလင် ဘင်ဂျိုလဲပါ
ဝမ်းမြောက်စရာတည့်
ရိုးရာဆိုင်းဝိုင်း
နှောင်ဒိုင်းဒူဝေ စည်တော်ဖြေသည်
မြန်ပြည်တစ်လွှား လှပြောဘိ။
❖ ထိုသည့်တစ်ဖန် ကဟန်သွယ်သွယ်
ဆိုဟန်နွယ်၍ ရေးဖွယ်ပညာ
ညီညာညက်ညော သံစဉ်နှော၍
အပြောမဟုတ် အလုပ်နှင့်ပြ
အဓိကစိတ်ရင်း နိုင်ခြင်းမဟုတ်
ပြိုင်ခြင်းဟုတ်မို့ ကိုယ်နှုတ်နှလုံး
ရွှင်ပြုံးဟာဒယ ရှိကြရသည်
မဟာ့မဟာပြိုင်ပွဲဖြစ်
နှစ်ထောင့်နှစ်ဆယ့်ခြောက်ခုနှစ်။
❖ မျိုးချစ်စိတ်ထား ရှင်သန်ပွား
အများပြည်သူပျော်သည့်နှစ်။

[(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးအား ကြိုဆိုဂုဏ်ပြုပါ၏]

ဘိုမျိုး(ရွှေဘို)

## မော်လမြိုင်ကျွန်းမြို့နယ်၌ စက်မှုလုပ်ငန်းသုံးဆီ ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအား ဆွေးနွေးရှင်းလင်း

မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ



မြို့နယ်စားသုံးသူရေးရာဦးစီးဌာနရုံး၌ မြို့နယ်အတွင်းရှိ အကြီးစား၊ အလတ်စား၊ အသေးစား စက်မှုလုပ်ငန်းသုံးဆီ ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအား ဆွေးနွေးရှင်းလင်းခြင်းကို အောက်တိုဘာ ၁၆ ရက်က ပြုလုပ်ရာ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်လတ်နှင့် ခရိုင်/ မြို့နယ်စက်မှုလုပ်ငန်းသုံးဆီ ကိုယ်စားလှယ်များက လုပ်ငန်းရှင်များအား စက်မှုလုပ်ငန်းသုံးဆီများ ခွဲတမ်းရရှိမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ခွဲတမ်းခွဲဝေပေးအပ်မှုနှင့် ဖြန့်ဖြူးရောင်းချမှု လုပ်ငန်းစဉ်များ၊ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဖြန့်ဖြူးရောင်းချရေးနှင့် လိုက်နာရမည့်အချက်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ရဲကိုမောင်(ပြန်/ဆက်)



တိုက်ကြီးမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းကျော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ချစ်ထက်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များက အောက်တိုဘာ ၁၈ ရက်တွင် ဈေးများ၌ မီးဘေးလုံခြုံရေး သရုပ်ပြသမှုကို စစ်ဆေးစဉ်။ ဝတ်ရည်(ပြန်/ဆက်)

*စာမျက်နှာ ၁၀ မှ*

ကျောင်းတစ်ကျောင်းချင်းအလိုက် သင်ကြားမှုအရည်အသွေး၊ စာသင်နှစ် တစ်နှစ်ချင်းအလိုက် သင်ရိုးညွှန်းတမ်းများ၏ ထိရောက်မှုမှသည် တစ်နိုင်ငံလုံး အတိုင်းအတာအထိ ပညာရေးမူဝါဒများ၏ အားသာချက်၊ အားနည်းချက်များကို ဘက်စုံကဏ္ဍစုံ မြန်ဆန်လွယ်ကူစွာ ကိန်းဂဏန်း အထောက်အထားများဖြင့် လေ့လာဆန်းစစ် ဆောင်ရွက်လာနိုင်ခြင်းသည် ဤစနစ်၏ အကြီးမားဆုံးသော ကောင်းကျိုးချမ်းသာပင် ဖြစ်ပါသည်။

**သတိပြုရမည့် အန္တရာယ်နှင့် စိန်ခေါ်မှုများ**

မည်မျှပင် ကောင်းမွန်ပြည့်စုံသည့် နည်းပညာဖြစ်ပါစေ အသွားနှစ်ဖက်ပါသည့် ဓားကဲ့သို့ပင် အားနည်းချက်နှင့် ဘေးထွက်ဆိုးကျိုးများ ရှိနေတတ်ပါသည်။ ထို့ကြောင့် မိဘများနှင့် ဆရာများအနေဖြင့် အောက်ပါအချက်များအား အထူးသတိပြုရန် လိုအပ်ပါသည်-

**နည်းပညာကွာဟမှု ပြဿနာ။** လျှပ်စစ်မီးနှင့် အင်တာနက်လိုင်း လွှမ်းခြုံနိုင်မှု အားနည်းသေးသည့် ဒေသများအပြင် ခေတ်မီနည်းပညာသုံး ဒီဂျစ်တယ်ပစ္စည်းများအား လက်လှမ်းမမီနိုင်သည့် ကလေးငယ်များသည် ဤစမတ်ပညာရေးစနစ်သစ်တွင် အခွင့်အလမ်း နည်းပါးကာ နောက်ကျကျန်ရစ်ခဲ့မည့် အန္တရာယ် ရှိနေပါသည်။

**ကလေးများ၏ ကိုယ်တိုင်တွေးခေါ်မှု ကျဆင်းသွားနိုင်ခြင်း။** ကျောင်းမှပေးလိုက်သည့် အိမ်စာများ၊ မေးခွန်းများနှင့် စာစီစာကုံးများကို မိမိကိုယ်တိုင် ဦးနှောက်သုံးပြီး မစဉ်းစားတော့ဘဲ AI ကိုသာ ရေးခိုင်း၊ တွက်ခိုင်းပြီး အလွယ်တကူ ကူးချလာနိုင်ပါသည်။ ဤသို့ဖြင့် ကလေးများသည် ဉာဏ်ပညာဆိုင်ရာ ပျင်းရိမှုများဖြစ်လာပြီး မိမိကိုယ်တိုင် ဆင်ခြင်တုံတရားဖြင့် တွေးခေါ်နိုင်စွမ်း အားနည်းသွားနိုင်ပါသည်။

**ကိုယ်ရေးအချက်အလက် လုံခြုံရေးဆိုင်ရာ စိုးရိမ်ရမှု။** ကျောင်းသားများ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ၊ မှတ်ပုံတင်များ၊ နေ့စဉ် အပြုအမူများနှင့် စာမေးပွဲမှတ်တမ်းအားလုံးကို ကွန်ပျူတာစနစ်များထဲတွင် သိမ်းဆည်းထားရသဖြင့် ထိုအချက်အလက်များ ပေါက်ကြားခြင်း သို့မဟုတ် ဟက်ကာ (Hacker) များ၏ လက်ထဲသို့ ရောက်ရှိသွားပြီး အလွဲသုံးစားလုပ်ခံရခြင်း ဘေးအန္တရာယ်များ ရှိနေပါသည်။

**လူမှုဆက်ဆံရေးနှင့် စာနာစိတ် လျော့နည်းလာမှု။** ကလေးငယ်များသည် လူသားအချင်းချင်း ထိတွေ့ဆက်ဆံခြင်း မရှိတော့ဘဲ ဖုန်း သို့မဟုတ် ကွန်ပျူတာမျက်နှာပြင်ရှေ့တွင်သာ တစ်နေကုန် အချိန်ကုန်ဆုံးနေမည်ဆိုပါက သူငယ်ချင်းအချင်းချင်း အသင်းအဖွဲ့ဖြင့် စုပေါင်းလုပ်ဆောင်နိုင်စွမ်း၊ အနစ်နာခံလိုစိတ်နှင့် လူမှုဆက်ဆံရေးစွမ်းရည်များ တဖြည်းဖြည်း လျော့နည်းကျဆင်းသွားနိုင်ပါသည်။

**အနာဂတ်ပညာရေးတွင် ဆရာ ဆရာမများ၏ အခန်းကဏ္ဍ မည်သို့ပြောင်းလဲလာမည်နည်း**

**"နည်းပညာတွေက ဒီလောက်တောင် အစွမ်းထက်ပြီး အကုန်လုံးလုပ်ပေးနိုင်ရင် အနာဂတ်မှာ ဆရာ ဆရာမတွေ မလိုတော့ဘူးလား"** ဆိုသည့် မေးခွန်းသည် ယနေ့ကမ္ဘာတွင် စိုးရိမ်တကြီး မေးလေ့ရှိသော မေးခွန်းတစ်ခု ဖြစ်လာပါသည်။

စင်စစ်အားဖြင့် AI နည်းပညာသည် ဆရာ ဆရာမများကို ဘယ်သောအခါမှ အစားမထိုးနိုင်ပါ။ AI စနစ်တစ်ခုသည် အချက်အလက်များကို အမှားအယွင်းမရှိတိကျစွာ သင်ပေးနိုင်သော်လည်း ကလေးတစ်ယောက်ငိုနေသည့်အခါ နှစ်သိမ့်ပေးနိုင်မည့် ဆရာ ဆရာမတို့၏ လူသားချင်းစာနာမှု၊ ချစ်ခြင်းမေတ္တာ၊ အမှားအမှန်ကို ဆုံးမပေးနိုင်မည့် ကိုယ်ကျင့်တရားနှင့် နွေးထွေးမှုများကိုမူ ပေးစွမ်းနိုင်လိမ့်မည် မဟုတ်ပါ။

အနာဂတ် Smart Education တွင် ဆရာဆရာမများ၏ အခန်းကဏ္ဍသည် **"ပို့ချသူ"** ဟု ဆိုခြင်းထက် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှုနှင့် ဘဝလမ်းမှန်ရောက်အောင် လမ်းညွှန်ပေးသည့် **"လူသားလမ်းပြ"** များအဖြစ် ပိုမိုအရေးပါပြီး တန်ဖိုးတက်လာမည် ဖြစ်ပါသည်။

ထို့ကြောင့် ခေတ်သစ်ကမ္ဘာတွင် ဆရာ ဆရာမများအနေဖြင့် ဉာဏ်ရည်တုနည်းပညာ (AI) ကို စနစ်တကျ လေ့လာဆန်းသစ်ပြီး မိမိတို့၏ ပညာရေးလုပ်ငန်းစဉ်များတွင် ထိရောက်စွာ ပေါင်းစပ်အသုံးချတတ်ရန် အလွန်ပင် လိုအပ်လှပါသည်။ နည်းပညာ၏ အစွမ်းထက်မှုနှင့် ဆရာ ဆရာမတို့၏ မေတ္တာ၊ စေတနာ၊ ကရုဏာနှင့် အတတ်ပညာများ ပေါင်းစပ်သွားသည့်အခါ ပိုမိုပြည့်စုံသော ပညာရေးစနစ်သစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

အနှစ်ချုပ်အားဖြင့်ဆိုရသော် ပညာရေးအတွက် ဉာဏ်ရည်တုနည်းပညာနှင့် Smart Education ဆိုသည်မှာ ကျွန်ုပ်တို့ ငြင်းပယ်၍မရ၊ ရှောင်လွှဲ၍မရသည့် ခေတ်ရေစီးကြောင်းကြီးတစ်ခု ဖြစ်ပါသည်။ ဤနည်းပညာသည် ပညာရေးကို ပိုမိုထိရောက်မြန်ဆန်စေပြီး ကျွန်ုပ်တို့၏ အနာဂတ်မျိုးဆက်သစ် ကလေးငယ်များကို အရည်အသွေးမြင့်မားသော လူသားအရင်းအမြစ်များ ဖြစ်လာအောင် မွေးထုတ်ပေးနိုင်ပါသည်။ သို့သော် ဤနည်းပညာကို အောင်မြင်စွာ အသုံးချနိုင်ရန်အတွက် နိုင်ငံတော်၊ ကျောင်း၊ မိဘနှင့် လူထုတစ်ရပ်လုံးက ဝိုင်းဝန်းပြီး နည်းပညာကွာဟမှုကို လျှော့ချကြရမည် ဖြစ်သလို ကလေးများ လမ်းမှားမရောက်အောင်လည်း စနစ်တကျထိန်းကျောင်းပေးကြရမည် ဖြစ်ပါသည်။

လူသားတို့၏ နွေးထွေးသည့် လမ်းညွှန်ဆုံးမမှုများနှင့် AI နည်းပညာ၏ ထူးချွန်ထက်မြက်မှုတို့ကို အချိုးကျကျ ပေါင်းစပ်အသုံးပြုနိုင်မည်ဆိုပါက ကျွန်ုပ်တို့၏ သားသမီး၊ တပည့်၊ နိုင်ငံ့ရင်သွေးမောင်မယ်များသည် အသိပညာ၊ အတတ်ပညာအရာတွင်ရော ကိုယ်ကျင့်တရားအရာတွင်ပါ ထူးချွန်ပြည့်စုံသည့် (၂၁)ရာစုကမ္ဘာကြီးနှင့် လိုက်လျောညီထွေဖြစ်မည့် လူတော်လူကောင်းများ နိုင်ငံသားကောင်းများ ဖြစ်လာကြမည်မှာ အမှန်ပင် ဖြစ်ပါတော့သည်။ ။

**ကိုးကား**


- Artificial intelligence in Education, UNESCO, 2026.
- Generative artificial intelligence in fifth-generation education systems: A systematic review, Sanjay Chakraborty,Elsevier, 2026.
- Artificial intelligence-based personalized learning in education: a systematic literature review, Helia Farhood, et al., Discover Artificial Intelligence, Springer Nature, 2025.



## အိန္ဒိယ - မြန်မာ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားရန် မြန်မာ့တပ်မတော်ဘောလုံးအဖွဲ့ ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁၈**

အိန္ဒိယနိုင်ငံ၌ ကျင်းပပြုလုပ်မည့် အိန္ဒိယ - မြန်မာ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် သိန်းနိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးဘောလုံးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ထွက်ခွာကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ပြည့်စုံလင်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော် ချစ်ကြည်ရေးဘောလုံးအဖွဲ့တွင် အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ စုစုပေါင်း ၃၀ လိုက်ပါသွားပြီး အိန္ဒိယတပ်မတော်မှ ဘောလုံးအသင်းတို့နှင့် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲများကို အောက်တိုဘာ ၂၀ ရက်နှင့် ၂၃ ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

| ယနေ့ မိုးလေဝသ | နေပြည်တော် | ရန်ကုန် | မန္တလေး |
|---|---|---|---|
| | နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ | နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ | နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ |

## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှဆည်ရေများ လျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏ အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျ အုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံ ရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ ၁၀ ပေ လျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၁၈ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၃၀၄ ဒသမ ၄ ပေသာ ကျန်ရှိတော့သဖြင့် ၁၀ ဒသမ ၆ ပေခန့် လျှော့နည်းသွားကြောင်း သတင်းရရှိသည်။ (၁၀၀)



## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား/အမျိုးသမီး ဝိတ်တန်းအလိုက်ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

အားကစားရေးရာဝန်ကြီးဌာနမှ ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲ" ကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။



ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား(၅၁၊ ၅၇၊ ၆၇)ကီလိုတန်းပြိုင်ပွဲများနှင့် အမျိုးသမီး (၅၂၊ ၅၄၊ ၆၀၊ ၆၃) ကီလိုတန်းပြိုင်ပွဲများကို အသီးသီး ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် (၅၁) ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ထက်နိုင်အောင်(အပြာ) က ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ထက်ဇာနေဝင်း(အနီ) ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ လွင်မျိုးသန့်(အပြာ) က မွန်ပြည်နယ်အသင်းမှ ခန့်ဇော်သူ(အနီ)ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ထက်မြတ်လွင်(အနီ)က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဉာဏ်လင်းထက်(အပြာ) ကိုလည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ တမ်ဟာရှိန်း (အပြာ) က စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ စိန်ခိုင်(အနီ)ကိုလည်းကောင်း၊ (၅၇)ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ကောင်းကင်ကြယ်(အနီ)က စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ခုတ်ဆွင်းခိုင်(အပြာ)ကိုလည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ ရဲဇော်(အပြာ)က ကချင်ပြည်နယ်အသင်းမှ ရိန်အောင်(အနီ)ကိုလည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ဖြိုးဝေထွန်း(အနီ)က မကွေးတိုင်းဒေသကြီးအသင်းမှ ဇမ်းလျန်းရှမ်(အပြာ)ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဇဖဲတန်(အနီ)က ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ အောင်ဘုန်းခန့်ကျော်(အပြာ)ကိုလည်းကောင်း၊ (၆၇)ကီလိုတန်းပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းမှ အောင်ဇေမြတ်(အနီ) က ရှမ်းပြည်နယ်အသင်းမှ ကျော်နိုင်(အပြာ)ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ တန်မိုင်(အနီ)က တနင်္သာရီတိုင်းဒေသကြီးအသင်းမှ သူရမင်း(အပြာ) ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ အောင်မြင့်ထွန်း (အပြာ) က ကရင်ပြည်နယ်အသင်းမှ စောအဲပိုင်ပိုင်(အနီ)ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းမှ အောင်ဖြိုးပိုင်(အနီ)က ဧရာဝတီတိုင်းဒေသကြီးအသင်းမှ မင်းခန့်သူ(အပြာ)ကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များအဖြစ် (၅၂)ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ငွေငွေဇော်(အနီ)က တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ပန်ဆုပြည့် (အပြာ)ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ နော်ဗစ်တိုရီ(အပြာ)က ပဲခူးတိုင်းဒေသကြီးအသင်းမှ ရဝေလှိုင်(အနီ)ကိုလည်းကောင်း၊ (၅၄) ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ သွယ်ဇင်ယွန်း (အနီ)က တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ပြည့်ဖြိုးခင်(အပြာ)ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ညောင်ရှမ်းဟွဲ့ (အပြာ)က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သဥ္ဇာမင်း(အနီ) ကိုလည်းကောင်း၊ (၆၀) ကီလိုတန်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ သော်တာဦး (အနီ)က မကွေးတိုင်းဒေသကြီးအသင်းမှ ဟန်နွယ်နီစိုး(အပြာ)ကိုလည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ မူနှင်းအေး(အနီ) က ကရင်ပြည်နယ်အသင်းမှ နန်းသဥ္ဇာမိုး(အပြာ)ကိုလည်းကောင်း၊ (၆၃) ကီလိုတန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ချမ်းပြည့်စိုး(အနီ)က မန္တလေးတိုင်းဒေသကြီးအသင်းမှ အိအိထွေး(အပြာ) ကိုလည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ဇင်မာဝေ(အပြာ) က ပဲခူးတိုင်းဒေသကြီးအသင်းမှ ဆိုင်းနန်(အနီ) ကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီမှစတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲ" အမျိုးသား/အမျိုးသမီး ဝိတ်တန်းအလိုက် ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပန်ဆန်းမြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် အောက်တိုဘာ ၁၈**

ယနေ့ နံနက် ၀၃ နာရီ၊ ၅၅ မိနစ်၊ ၁၀ စက္ကန့်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၆၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပန်ဆန်းမြို့၏ အနောက်တောင်ဘက် ၆ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၁၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၁၀ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃.၅ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့ စည်ပင်သာယာဈေးကြီး၌ အောက်တိုဘာ ၁၇ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဈေးသူဈေးသားများ ပူးပေါင်းဆောင်ရွက်စဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)



တစ်ပတ်တာ ဖတ်စရာ

## မြန်မာရေးရာ

### အောက်တိုဘာ ၁၁ ရက်

**လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဆွေးနွေးပွဲသို့ တက်ရောက်ရန် ဖိတ်ခေါ်**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ချပြဆွေးနွေးပွဲကို နိုဝင်ဘာလ ပထမပတ်တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အောက်တိုဘာ ၃၀ ရက် ညနေ ၄ နာရီခွဲ နောက်ဆုံးထား၍ စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

### အောက်တိုဘာ ၁၂ ရက်

**နိုင်ငံတော်သမ္မတ သစ်လွင်ဆရာဝန်များအား ခန့်အပ်လွှာပေးအပ်၊ ထားဝယ်မြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ကျန်းမာရေးဝန်ကြီးဌာနမှ သစ်လွင်ဆရာဝန်များနှင့် သွားနှင့်ခံတွင်းဆရာဝန်များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိများအဖြစ် ခန့်အပ်လွှာပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ သွားရောက်ကာ လေဆိပ်အဆင့်မြှင့်တင်ရေး၊ စာကြည့်တိုက်၊ အားကစားကွင်း၊ ယဉ်ကျေးမှုပြတိုက်နှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

### အောက်တိုဘာ ၁၃ ရက်

**နိုင်ငံတော်သမ္မတ တနင်္သာရီဒေသဖွံ့ဖြိုးရေး ဆွေးနွေးမှာကြား**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထားဝယ်မြို့၌ ဒေသတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးမွေးမြူရေး၊ ဒေသထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့သည်။ ထို့ပြင် နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်ကာ ဆေးကုသမှုခံယူနေသည့် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များကို အားပေးစကားပြောကြားခဲ့သည်။

### အောက်တိုဘာ ၁၄ ရက်

**နိုင်ငံတော်သမ္မတ သန်လျင်ရေနံချက်စက်ရုံ (အပိုင်း-၁) ဖွင့်လှစ်ပေး**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် သန်လျင်ရေနံချက်စက်ရုံ (အပိုင်း-၁) ဖွင့်ပွဲသို့ တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ပြီး ပြည်တွင်းစက်သုံးဆီထုတ်လုပ်မှု မြှင့်တင်ရေး၊ စွမ်းအင်ဖူလုံရေးနှင့် စက်ရုံရေရှည်အကျိုးရှိစွာ လည်ပတ်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။ ထို့နောက် ရေနံချက်စက်ရုံ (အပိုင်း-၂) တည်ဆောက်မည့်နေရာနှင့် စွမ်းအင်ပြတိုက်တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

### အောက်တိုဘာ ၁၅ ရက်

**NCA (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဗီဒီယိုမိန့်ခွန်း ပေးပို့ပြောကြားခဲ့ပြီး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သူများ တက်ရောက်ခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် NCA အတွေ့အကြုံများ၊ အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်ကာ အနာဂတ်ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များသည် ထိုနေ့တွင် နိုင်ငံတော်သမ္မတထံ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ကြသည်။

### အောက်တိုဘာ ၁၆ ရက်

**သီတင်းကျွတ်ရုံးပိတ်ရက်ကာလ အထူးရထားများ တိုးချဲ့ပြေးဆွဲမည်**

မြန်မာ့မီးရထားသည် သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန် ရန်ကုန်-နေပြည်တော်၊ ရန်ကုန်-မော်လမြိုင်နှင့် ရန်ကုန်-ပြည် ခရီးစဉ်များတွင် အထူးရထားများ တိုးချဲ့ပြေးဆွဲမည်ဖြစ်ပြီး ပုံမှန်ရထားများတွင်လည်း လူစီးတွဲများ ထပ်တိုးပြေးဆွဲပေးမည်ဖြစ်သည်။

### အောက်တိုဘာ ၁၇ ရက်

**(၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး**

၂၀၂၆ ခုနှစ် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲ ၆၂၉ တွဲ၊ ကျောက်မျက် အတွဲ ၇၀ နှင့် ကျောက်စိမ်းအတွဲ ၂၇၅၇ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များထံ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့ပြီး ပြည်တွင်းရတနာကုန်သည်များအတွက် စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခဲ့သည်။

## ကမ္ဘာရေးရာ

**သီရိလင်္ကာ ဆိပ်ကမ်းများတွင် မူးယစ်ဆေးဝါးစစ်ဆေးရေးစက်များ တပ်ဆင်မည်**

သီရိလင်္ကာနိုင်ငံရှိ ဆိပ်ကမ်းများတွင် သင်္ဘောကွန်တိန်နာများမှ တစ်ဆင့် မူးယစ်ဆေးဝါးများ တရားမဝင် သယ်ဆောင်မှုကို တားဆီးရန် စစ်ဆေးရေးစက်များ တပ်ဆင်သွားမည်ဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးက အောက်တိုဘာ ၁၁ ရက်တွင် ပြောကြားသည်။

**အမေရိကန်ပါမောက္ခနှစ်ဦး စီးပွားရေးသိပ္ပံဆိုင်ရာ နိုဘယ်ဆု ပူးတွဲရရှိ**

၂၀၂၆ ခုနှစ် စီးပွားရေးသိပ္ပံဆိုင်ရာ နိုဘယ်ဆုကို မက်ခရိုစီးပွားရေး တည်ငြိမ်မှုဆိုင်ရာ သုတေသနပြုမှုကြောင့် အမေရိကန်စီးပွားရေး ပညာရှင် ပါမောက္ခ ရောဘတ် အီးဟောလ်နှင့် မိုက်ကယ်ဝုဒ်ဖို့ဒ်တို့ ပူးတွဲ ရရှိကြောင်း တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက အောက်တိုဘာ ၁၂ ရက်တွင် ကြေညာသည်။

**မာဒါဂတ်စကာ၌ ပလိပ်ရောဂါ အတည်ပြုလူနာ လေးဦးနှင့် သံသယလူနာ ငါးဦး တွေ့ရှိ**

မာဒါဂတ်စကာနိုင်ငံ၌ ပလိပ်ရောဂါ အတည်ပြုလူနာ လေးဦးနှင့် သံသယလူနာ ငါးဦး တွေ့ရှိထားပြီး ထိတွေ့ခဲ့သူ ၂၀၀ ခန့်ကို အနီးကပ်စောင့်ကြည့်ကာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၃ ရက်တွင် ထုတ်ပြန်သည်။

**Anthropic ကုမ္ပဏီ ဂျပန်နိုင်ငံ၌ AI နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်**

အမေရိကန် AI ကုမ္ပဏီ Anthropic သည် ဂျပန်နိုင်ငံရှိစီးပွားရေးလုပ်ငန်းများနှင့် သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ကုမ္ပဏီပူးတွဲတည်ထောင်သူ ဂျက်ခ်ကလာ့ခ်က အောက်တိုဘာ ၁၄ ရက်တွင် တိုကျိုမြို့၌ ပြောကြားသည်။

**မလေးရှား၌ မွေးဖွားသူဦးရေ ၄ ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းကျဆင်း**

မလေးရှားနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း မွေးဖွားသူဦးရေ ၃၉၆၁၇၅ ဦး ရှိခဲ့ပြီး ယခင်နှစ်ထက် ၄ ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း၊ သေဆုံးသူဦးရေမှာ ၁၉၉၈၀၇ ဦးရှိခဲ့ပြီး ၀ ဒသမ ၄ ရာခိုင်နှုန်း တိုးလာကြောင်း အောက်တိုဘာ ၁၅ ရက်တွင် ထုတ်ပြန်သည့် တရားဝင် အချက်အလက်များအရ သိရသည်။

**အမေရိကန်ပြည်နယ် ရှစ်ခုက ကလေးသူငယ်လုံခြုံရေးအတွက် OpenAI ကို တရားစွဲ**

အမေရိကန်ပြည်နယ် ရှစ်ခုမှ ရှေ့နေချုပ်များသည် ChatGPT ၏ ဒီဇိုင်းစနစ်ကြောင့် ကလေးငယ်များ စိတ်ပိုင်းဆိုင်ရာ စွဲလမ်းမှုဖြစ်ပေါ်နိုင်ပြီး ဘေးအန္တရာယ်များ ကြုံတွေ့နိုင်ကြောင်း စွပ်စွဲကာ OpenAI ကုမ္ပဏီကို သီးခြားစီ တရားစွဲဆိုခဲ့ကြောင်း တရားရုံးမှတ်တမ်းများအရ သိရသည်။

**ဆော်ဒီအာရေဗျကို အကူအညီပေးရန် အသင့်ရှိကြောင်း အီဂျစ်သမ္မတ ပြောကြား**

အီဂျစ်နိုင်ငံအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံ၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်ပေးရန် လိုအပ်သည့် မည်သည့်အကူအညီမျိုးကိုမဆို ပေးအပ်သွားမည်ဖြစ်ကြောင်း သမ္မတ အက်ဒဲလ် ဖာတာ အယ်လ်စီစီက အောက်တိုဘာ ၁၇ ရက်တွင် ပြုလုပ်သည့် စစ်ဘက်ဆိုင်ရာအကယ်ဒမီ သင်တန်းဆင်းပွဲ၌ ပြောကြားသည်။

## လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ အပူရှောင်စခန်းများ ကြိုတင်ပြင်ဆင်ထားမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၈**



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ရပ်ကွက် ကိုးရပ်ကွက်နှင့် ကျေးရွာငါးရွာတို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို ရှောင်လွှဲနိုင်ရန်အတွက် အပူရှောင်စခန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးသည်။

**ဟန်နီ(ပြန်/ဆက်)**

## မိုင်းခတ်မြို့နယ် ယန်းမိုင်(လားဟူ)ကျေးရွာ၌ လားဟူရိုးရာကောက်သစ်စားပွဲတော်ကျင်းပ

**မိုင်းခတ် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ဝမ်ခုတ်ကျေးရွာအုပ်စု ယန်းမိုင် (လားဟူ) ကျေးရွာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော လားဟူရိုးရာကောက်သစ်စားပွဲတော်ကို ယမန်နေ့က အဆိုပါကျေးရွာရှိ ဘုရားကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးဇော်အေးထွန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိ



သူများ တက်ရောက်ကြရာ ဒေသခံ တိုင်းရင်းသားများက လားဟူရိုးရာအစားအစာများဖြင့် ဧည့်ခံကြပြီး ဒေသထွက် ကောက်ပဲသီးနှံများ ပေးအပ်ခဲ့သည်။ **နန်းနွယ်နီ(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်၌ တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာ ပေးအပ်ပွဲကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သမဝါယမဦးစီးဌာနက ကန်သာကျေးရွာအုပ်စု မင်းရွာကျေးရွာရှိကြက်သွန်စိုက်ပျိုးသည့် အသင်းသား တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိတို့က ကန်သာစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း အသင်းသားတောင်သူ ၃၉ ဦး၏ ကြက်သွန် စိုက်ဧက ၁၀၀အတွက် အသင်းပိုင်ငွေကျပ် ၂၇ ဒသမ ၉၂ သန်းဖြင့် ပုလဲ အိတ် ၁၀၀၊ ကွန်ပေါင်းအိတ် ၁၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆက်လု**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ဂျပန်က အင်္ဂါဂြိုဟ်၏လများထံသို့ စူးစမ်းလေ့လာရေးမစ်ရှင် လွှတ်တင်မည်

**တိုကျို အောက်တိုဘာ ၁၈**

အင်္ဂါဂြိုဟ်၏ လများထံမှ နမူနာများကို ကမ္ဘာမြေသို့ ပြန်လည်သယ်ဆောင်ပေးမည့် ဂျပန်အာကာသခရီးစဉ်ကို နိုင်ငံအနောက်တောင်ဘက်ရှိ ကာဂိုရှီးမားစီရင်စုမှ အာကာသသို့ လွှတ်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ်၏ လများစူးစမ်းလေ့လာရေးမစ်ရှင် (MMX) ကို ဂျပန်စံတော်ချိန် အောက်တိုဘာ ၂၀ ရက် နံနက် ၄ နာရီ ၄၁ မိနစ်ဝန်းကျင်တွင် တာနဲဂါရှီးမားအာကာသစင်တာမှ H3 ဒုံးပျံဖြင့် လွှတ်တင်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ မစ်ရှင်သည် အင်္ဂါဂြိုဟ်၏ လတစ်စင်းဖြစ်သော ဖိုဘော့စ်ပေါ်သို့ ကမ္ဘာမှ ပထမဆုံးအကြိမ်အဖြစ် ဆင်းသက်ကာ ၎င်း၏ မျက်နှာပြင်ပေါ်မှ နမူနာများကို စုဆောင်းပြီး ကမ္ဘာမြေပြင်ပေါ်သို့ ယူဆောင်လာရန် ကြံရွယ်ထားခြင်းဖြစ်သည်။

ဂျပန်အာကာသ စူးစမ်းလေ့လာရေးအေဂျင်စီ (JAXA) သည် မော်ဂျူးသုံးခုပါ မစ်ရှင်ကို တီထွင်ဖန်တီးရန် စီမံကိန်းကို ဦးဆောင်ခဲ့သည်။ ယင်းမစ်ရှင်အတွက် စုစုပေါင်း တီထွင်ဖန်တီးမှု ကုန်ကျစရိတ်သည် ယန်း ၅၅ ဒသမ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၃၅၀ ခန့်) ရှိကြောင်း၊ စူးစမ်းလေ့လာရေးမော်ဂျူးတွင် ကမ္ဘာမြေဆွဲအား၏ ၂၀၀၀ ပုံ တစ်ပုံခန့်သာရှိသော ဖိုဘော့စ်ပေါ်သို့ ဆင်းသက်ရန် ဒီဇိုင်းထုတ်ထားပြီး ဆင်းသက်ခြေထောက် လေးခုပါရှိကြောင်း သိရသည်။




ယင်းမစ်ရှင်သည် လွှတ်တင်ပြီးနောက် တစ်နှစ်ခန့်အကြာတွင် အင်္ဂါဂြိုဟ်အနီးဝန်းကျင်သို့ရောက်ရှိရန် မျှော်မှန်းထားသည်။ ယင်းနောက် စောင့်ကြည့်လေ့လာမှုများကို သုံးနှစ်ကြာ လုပ်ဆောင်သွားမည်ဖြစ်သည်။ လေ့လာရေးမော်ဂျူးသည် ဖိုဘော့စ်ပေါ်သို့ ဆင်းသက်ကာ လမျက်နှာပြင်၏ အနက် ၂ စင်တီမီတာ သို့မဟုတ် ထိုထက်နက်သောအလွှာမှ နမူနာပစ္စည်းများ ၁၀ ဂရမ်ထက်မနည်းကို စုဆောင်းရယူရန် စီစဉ်ထားသည်။ **အင်န်အိတ်ချ်ကေ**

# အီဂျစ်အမျိုးသားကာကွယ်ရေးကောင်စီက ဆော်ဒီအာရေဗျ၏ လုံခြုံရေးကိုထောက်ပံ့ပေးရန် ဆုံးဖြတ်

**ကိုင်ရို အောက်တိုဘာ ၁၈**

ယီမင်နိုင်ငံရှိ လက်နက်ကိုင်အဖွဲ့က ဆော်ဒီအာရေဗျနိုင်ငံအပေါ် တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေချိန်တွင် ဆော်ဒီအာရေဗျနိုင်ငံ၏ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းမှုကို ကာကွယ်ရေးအတွက် ဖြစ်နိုင်သမျှသော နည်းလမ်းများဖြင့် ထောက်ပံ့ကူညီပေးရန် အီဂျစ်အမျိုးသားကာကွယ်ရေးကောင်စီက သမ္မတ အက်ဒဲလ်ဖတာအယ်လ်စီစီ ဦးဆောင်ပြုလုပ်သော အစည်းအဝေးတစ်ခုအတွင်း အောက်တိုဘာ ၁၈ ရက်တွင် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ယင်းကောင်စီသည် ဆော်ဒီအာရေဗျနိုင်ငံ၏ သယံဇာတများ၊ နယ်မြေတည်တံ့ခိုင်မြဲမှုတို့ကို ကာကွယ်စောင့်ရှောက်ရာတွင် ကူညီပေးသွားမည်ဟု ကတိပြုကြောင်း သမ္မတရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားလုံခြုံရေးသည် အီဂျစ်နှင့် အာရပ်နိုင်ငံများ၏ လုံခြုံရေးနှင့်နီးကပ်စွာဆက်နွယ်မှုရှိပြီး ဆော်ဒီအာရေဗျနိုင်ငံအပေါ် တိုက်ခိုက်မှုများ ပြင်းထန်လာခြင်းမှာ လက်သင့်ခံနိုင်စရာမရှိကြောင်း အဆိုပါကောင်စီက ပြောကြားသည်။

ယင်းအစည်းအဝေးသို့ လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ ထောက်လှမ်းရေးအကြီးအကဲနှင့် အဆင့်မြင့် စစ်ဘက်ဆိုင်ရာခေါင်းဆောင်များ အပါအဝင် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားတောမီးမှ မီးခိုးမြူများ အိမ်နီးချင်းနိုင်ငံများအထိ ပျံ့နှံ့

**ဂျကာတာ အောက်တိုဘာ ၁၈**

အင်ဒိုနီးရှားနိုင်ငံ၌ လက်ရှိဖြစ်ပွားနေသော တောမီးလောင်မှုမှ ထွက်ပေါ်လာသည့် မီးခိုးမြူများသည် အိမ်နီးချင်း မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အထိ ပျံ့နှံ့ရောက်ရှိလာသဖြင့် သက်ရောက်မှုရှိသော ဒေသအချို့တွင် စာသင်ကျောင်းများ ယာယီပိတ်ထားရကြောင်း သိရသည်။

ယခုနှစ်အတွင်း အယ်လ်နီညို (El Nino) ရာသီဥတုအခြေအနေနှင့် ခြောက်သွေ့ရာသီတိုက်ဆိုင်နေသည့်အတွက် သစ်တောများနှင့် မြေယာများ မီးလောင်လွယ်မှုဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း မိုးလေဝသအာဏာပိုင်များက ပြောကြားသည်။

လက်ရှိတွင် မီးခိုးမြူများကြောင့် မြို့ကြီးအချို့၌ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ နှောင့်နှေးလျက်ရှိပြီး အင်ဒိုနီးရှားပြည်သူ ၂၈၀၀၀၀ ကျော်မှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဖျားနာမှုများ ဖြစ်ပွားနေကြောင်း အစိုးရက ထုတ်ပြန်ထားသည်။ အနီးပတ်ဝန်းကျင်နိုင်ငံများတွင်လည်း ကျန်းမာရေးပြဿနာများ ပေါ်ပေါက်လာနိုင်မှုအတွက် စိုးရိမ်နေကြရသည်။ **အင်န်အိတ်ချ်ကေ**




# လေဖြတ်နိုင်ခြေကို ကြိုတင်အကဲဖြတ်နိုင်မည့် AI စနစ် သြစတြေးလျသုတေသနပညာရှင်များ တီထွင်

**ဆစ်ဒနီ အောက်တိုဘာ ၁၈**

လေဖြတ်ခြင်းအန္တရာယ်ကို မြင့်တက်စေသည့် မျိုးရိုးဗီဇဆိုင်ရာ အကြောင်းရင်းများကို ဖော်ထုတ်နိုင်သော ဉာဏ်ရည်တု(AI) မော်ဒယ်တစ်ခုကို သြစတြေးလျနိုင်ငံရှိ ဆစ်ဒနီနည်းပညာတက္ကသိုလ် (UTS) မှ သုတေသနပညာရှင်များက တီထွင်လိုက်သည်။

အဆိုပါလေ့လာမှုသည် အဖြစ်အများဆုံး လေဖြတ်ခြင်းအမျိုးအစားဖြစ်သည့် ဦးနှောက်သွေးကြောပိတ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် လေဖြတ်ခြင်း (Ischemic Stroke) နှင့် ဆက်စပ်နေသော မျိုးရိုးဗီဇမျိုးကွဲ ၁၈ ခုကို ခွဲခြားစိတ်ဖြာခြင်းဖြစ်သည်။ မျိုးရိုးဗီဇဆိုင်ရာ လေဖြတ်နိုင်ခြေ အမြင့်ဆုံးအုပ်စုသည် အန္တရာယ်နည်းပါးသည့်အုပ်စုထက် လေဖြတ်နိုင်ခြေ ၂၂ ရာခိုင်နှုန်း ပိုမိုမြင့်မားကြောင်း ဆစ်ဒနီနည်းပညာတက္ကသိုလ်၏ မကြာသေးမီကာလအတွင်း ထုတ်ပြန်ချက်အရ သိရသည်။

၎င်းသုတေသနအတွက် Transformer ဟုခေါ်သော AI စနစ်ကို အသုံးပြု၍ မျိုးရိုးဗီဇပေါင်း ထောင်နှင့်ချီကို လေ့ကျင့်သင်ကြားပေးထားခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဗီယက်နမ်နှင့် ဥရောပ လွတ်လပ်သောကုန်သွယ်ရေးအဖွဲ့ ကုန်သွယ်ရေးစာချုပ်ချုပ်ဆို

**ဟနွိုင်း အောက်တိုဘာ ၁၈**

နော်ဝေး၊ ဆွစ်ဇာလန်၊ အိုက်စလန်နှင့် လစ်တန်စတိန်းနိုင်ငံတို့ပါဝင်သည့် ဥရောပလွတ်လပ်သောကုန်သွယ်ရေးအဖွဲ့ (EFTA) နှင့် ဗီယက်နမ်နိုင်ငံတို့သည် ဟနွိုင်းမြို့၌ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် (FTA) ကို အောက်တိုဘာ ၁၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါသဘောတူညီချက်အရ EFTA နိုင်ငံများသည် ဗီယက်နမ်နိုင်ငံမှ တင်ပို့သည့် ပင်လယ်စာများနှင့် စက်မှုထွက်ကုန်များကို သွင်းကုန်ခွန် သုညရာခိုင်နှုန်း သတ်မှတ်ပေးမည်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံကလည်း EFTA မှ တင်ပို့သော ကုန်ပစ္စည်းအများစုကို ၁၁ နှစ်တာကာလအတွင်း သွင်းကုန်အခွန်စည်းကြပ်မှု ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ချခွင့်များ ပေးအပ်သွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၇ ရက်က အစိုးရ၏ တရားဝင်ဝက်ဘ်ပေါ်တယ်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နှင့် EFTA အဖွဲ့ဝင်နိုင်ငံများအကြား နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် တစ်နှစ်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံနီးပါးရှိကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြသည်။ **ဆင်ဟွာ**

# ဂရိမြောက်ပိုင်း၌ အပေ့ါစားလေယာဉ်ပျက်ကျ လူနှစ်ဦး သေဆုံး

**အေသင် အောက်တိုဘာ ၁၈**

ဂရိနိုင်ငံမြောက်ပိုင်း ပီရီးယားဒေသရှိ ခြောက်သွေ့နေသော မြစ်ကြမ်းပြင်အတွင်းသို့ အောက်တိုဘာ ၁၈ ရက်က အပေ့ါစား အင်ဂျင်တစ်လုံးတပ် လေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့ရာ လေယာဉ်ပေါ်ပါ လူနှစ်ဦးကို သတိမေ့နေသည့် အခြေအနေဖြင့် တွေ့ရှိခဲ့သော်လည်း ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါလေယာဉ်သည် ကွန်တာရီယိုတစ်ဆာ ကျေးရွာအနီးရှိ ပီရီးယားလေကြောင်းကလပ် ပျံသန်းရေးကွင်းအနီးတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဂရိအမျိုးသားရုပ်သံ ERT က ဖော်ပြသည်။ **ဆင်ဟွာ**

■

# ပဉ္စမအကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်လှစ်

**နာဂိုယာ အောက်တိုဘာ ၁၈**

ပဉ္စမအကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲကို အိုက်ချီ-နာဂိုယာမြို့၌ အောက်တိုဘာ ၁၈ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည့် အိုက်ချီ-နာဂိုယာ ၂၀၂၆ အာရှမသန်စွမ်းအားကစားပြိုင်ပွဲသည် အာရှဒေသတစ်ဝန်းရှိနိုင်ငံနှင့် ဒေသပေါင်း ၄၅ ခုမှ မသန်စွမ်းအားကစားသမားပေါင်း ၃၀၀၀ နီးပါးက အားကစားနည်း ၁၈ မျိုးမှ ပြိုင်ပွဲအမျိုးအစားပေါင်း ၅၀၀ နီးပါးတွင် ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ပဉ္စမအကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲအတွက် ပျမ်းမျှအသက် ၂၈ ဒသမ ၈ နှစ်ဝန်းကျင်ရှိ အားကစားသမားပေါင်း ၃၁၂ ဦးကို စေလွှတ်ထားကြောင်း သိရသည်။ အိုက်ချီ-နာဂိုယာ အာရှအားကစားပြိုင်ပွဲနှင့် အာရှမသန်စွမ်းအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ၏ဥက္ကဋ္ဌ ဟိဒဲအာကီအိုမူရာက ယခုပွဲတော် အကောင်အထည်ပေါ်လာစေရန် ကူညီဆောင်ရွက်ပေးခဲ့ကြသူအားလုံးကို ကျေးဇူးတင်ကြောင်း ပြောသည်။ **ဆင်ဟွာ**

# ကမ္ဘောဒီးယား၌ လူကိုတိုက်ခိုက်သည့် တောဆင်ရိုင်းများကို ဒရုန်းဖြင့် ခြေရာခံနေ

**ဖနောင်ပင် အောက်တိုဘာ ၁၈**

ကမ္ဘောဒီးယားနိုင်ငံ ပရတ်ဗီဟီယာပြည်နယ်အတွင်း ချွန်ခဆန်ခရိုင်မှ ကူလန်ခရိုင်သို့ ရွှေ့ပြောင်းသွားသည့် ဆင်ကောင်ငယ် တစ်ကောင်အပါအဝင် တောဆင်ရိုင်းခြောက်ကောင်ပါ ဆင်အုပ်စုကို အာဏာပိုင်များက အနီးကပ်ခြေရာခံလျက်ရှိကြောင်း သိရသည်။

ဒေသဆိုင်ရာအာဏာပိုင်များနှင့် တောရိုင်းတိရစ္ဆာန်ကျွမ်းကျင်သူများသည် ကူလန်ပရွန်တက်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတစ်လျှောက် လေကြောင်းမှဒရုန်းများအသုံးပြုကာ ဆင်များ၏ လှုပ်ရှားမှုများကို စောင့်ကြည့်ရှာဖွေနေကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၇ ရက်တွင် ထုတ်ပြန်သည်။

အာဏာပိုင်များက ဒေသခံများအား အထူးသတိပြုနေထိုင်ကြရန်၊ သစ်တောဧရိယာများနှင့် စတန်းဆင်းမြစ်အနီး ခရီးသွားလာခြင်း သို့မဟုတ် စခန်းချခရီးထွက်ခြင်းတို့မှ ယာယီရှောင်ကြဉ်ရန် တိုက်တွန်းထားသည်။



အဆိုပါဆင်အုပ်စုသည် သူတို့၏သွားလာနေကျ လမ်းဟောင်းလမ်းကြောင်းနှင့် အစဉ်အဆက်အစာရှာဖွေရာ လမ်းကြောင်းများတစ်လျှောက် ရွှေ့လျားသွားလာနေခြင်းဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ချစ်မြတ်နိုးသူများက ပြောကြားသည်။

ယင်းဆင်အုပ်စုကြောင့် ပြီးခဲ့သည့် အောက်တိုဘာ ၁၃ ရက်က ယာယီငါးဖမ်းတဲတစ်ခုပျက်စီးခဲ့ပြီး အသက် ၁၁ နှစ်အရွယ် ယောကျ်ားလေးတစ်ဦး သေဆုံးကာ မိခင်ဖြစ်သူ ဒဏ်ရာရရှိခဲ့သည်။

**ဆင်ဟွာ**

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၈**
နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံတစ်လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၁၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၁ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၈ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချ ဖျက်ဆီးမှုပြမြေပုံ။









ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ်အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချ ဖျက်ဆီးလျက်ရှိမှုကို တွေ့ရစဉ်။

## သနပ်ပင်မြို့ သန့်ရှင်းသာယာစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သနပ်ပင် အောက်တိုဘာ ၁၈**
ပဲခူးတိုင်းဒေသကြီး သနပ်ပင် မြို့နယ် ဘူတာပိုင်းရပ်ကွက် ရေကန်၌ အောက်တိုဘာ ၁၃ ရက်



က မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများစုပေါင်း၍ အင်အား၁၅၀ က ပတ်ဝန်းကျင်သန့်ရှင်းသာယာစေရေးအတွက် ပတ်ဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပိတ်ဆို့နေသော ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ အမှိုက်သရိုက်များကို စုပေါင်းရှင်းလင်းဖယ်ရှားခြင်းများ ပြုလုပ်ခဲ့ကြသည်။

သန့်ရှင်းရေး လုပ်ဆောင်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်ကားများဖြင့် ဝိုင်းဝန်းသယ်ဆောင်ပေးပြီး အဆိုပါသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မြို့ပေါ်ရပ်ကွက်အတွင်းရှိအိမ်တိုင်း ဆောင်ရွက်ကြသည်။

ညီပြာ(ပြန်/ဆက်)

## မင်္ဂလာဒုံမြို့နယ်၌ တီရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၈**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို အောက်တိုဘာ ၁၆ ရက်က ရွှေနံ့သာခန်းမ၌ ဖွင့်လှစ်သင်ကြားရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝင်းသန်းနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာနေခြည်နွေးတို့က စာရင်းကောက်ယူမှုလုပ်ငန်းများ စနစ်တကျဆောင်ရွက်ကြရန်၊ စာရင်းများ မှန်ကန်ပြည့်စုံစွာနှင့် အချိန်မီပြီးစီးအောင်ကောက်ယူကြရန်၊ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ စာရင်းကောက်ယူမှုနည်းလမ်းများ၊ စာရင်းအချက်အလက်များစုစည်းတင်ပြရေးကို သင်ကြားပို့ချခဲ့ကြပြီး တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## ပြည်တွင်းဆီစက်ပိုင်ရှင်များအသင်း သီတင်းကျွတ်အကြို ဈေးရောင်းပွဲတော်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**
မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်တွင်းထုတ်မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများကို ရန်ကုန်မြို့တွင် နှစ်နေရာခွဲ၍ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာရောင်းချပေးမည်ဖြစ်သည် ။

လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း ယာယီအရောင်းဆိုင်နှင့် ရန်ကင်းမြို့နယ် ရန်ရှင်းလမ်း ရွှေအုန်းပင်အိမ်ရာရှေ့ (ရန်ကင်းဈေးမှတ်တိုင်အနီး ) တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဝင် FDA အသိအမှတ်ပြုစစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ ဆီစက်လုပ်ငန်းရှင် ၁၂ ဦးတို့က သက်သာသောဈေးနှုန်းဖြင့် လွတ်လပ်စွာ ရောင်းချပေးမည်ဖြစ်သည်။

ဆီကောင်းဆီသန့်များကို စားသုံးလိုသည့် ရန်ကုန်မြို့နေပြည်သူများအတွက် အသင့်ထည့်သွင်းထုပ်ပိုးထားသည့် ၂၅ ကျပ်သားပါဆီဘူးမှ ၁၀ ပိဿာဝင်ဘူးများဖြင့် အရွယ်အစားအစုံ ရောင်းချပေးမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းသည် စားသုံးသူများသက်သာချောင်ချိရေးကို ရှေးရှု၍ တစ်နှစ်လျှင် သုံးကြိမ်ခန့် ဈေးရောင်းပွဲတော်ကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မျိုးမင်းသူရ

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် အောက်တိုဘာ ၁၈**
ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

**သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ (အပိုင်း-၂)

**လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် စာရေးသူ တက်ရောက်ဆွေးနွေးခွင့်ရရှိခဲ့ပါသည်။ ထိုအထဲမှာမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဆက်လက်ရေးသားဆွေးနွေးလိုပါသည်။**

*မောင်ပြေ (ဆင်ပေါင်ဝဲ)*

အဆိုပြုထားသော အမျိုးသားအဆင့် စိုက်ပျိုးမွေးမြူရေး သုတေသနကောင်စီ (National Agricultural Research Council – NARC) သည် သုတေသနများကို ကိုယ်တိုင်အားလုံး လုပ်ဆောင်မည့်အဖွဲ့အစည်းထက် အမျိုးသားအဆင့်အားလုံး ပါဝင်သော ညှိနှိုင်းဆောင်ရွက်ပေးသူခေါင်းဆောင် (National Coordinator and Strategic Research Leader) အဖြစ် ပိုမိုသင့်တော်ပါသည်။

**အဓိကတာဝန်များ**

**(၁) အမျိုးသားအဆင့် ဦးစားပေးသုတေသနများ သတ်မှတ်ခြင်း။** ငါးနှစ်တစ်ကြိမ် အမျိုးသားအဆင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာသုတေသန လမ်းညွှန်ချက် (National Agricultural Research Priority Framework) ချမှတ်ခြင်း၊

**(၂) သုတေသနအားလုံး ညှိနှိုင်းဆောင်ရွက်ခြင်း။** သုတေသနဌာနများ၊ တက္ကသိုလ်များ၊ သုတေသနဌာနများ၊ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၏ သုတေသနများကို ပေါင်းစပ်ညှိနှိုင်းခြင်း၊

**(၃) အမျိုးသားအဆင့် မဟာဗျူဟာမြောက် သုတေသနစီမံချက်ချမှတ်ခြင်း။** သုတေသန ဦးစားပေးကဏ္ဍများကို အမျိုးသားအဆင့် မဟာဗျူဟာမြောက်စီမံချက်အဖြစ် ဖော်ဆောင်ခြင်း၊

**(၄) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အရည်အသွေးပြည့်ဝမှုစိစစ်ပေးခြင်း။** သုတေသနအရည်အသွေး၊ အချက်အလက်များ စီမံခန့်ခွဲခြင်း၊ သုတေသနကျင့်ဝတ်နှင့် အကျိုးသက်ရောက်စွာ စိစစ်ပေးမှုတို့ကို မြှင့်တင်ခြင်း၊

**(၅) သုတေသနရန်ပုံငွေများ စနစ်ကျစွာ အသုံးပြုမှု ညှိနှိုင်းဆောင်ရွက်ခြင်း။** နိုင်ငံတော်အဆင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနများအားလုံး၏ ရန်ပုံငွေကို စီမံခန့်ခွဲခြင်း၊




**သုတေသနရန်ပုံငွေသုံးစွဲပုံ (ပြည်ပပို့မည့် သိုး၊ နွားတစ်ကောင်ချင်းစီ ရန်ပုံငွေရရှိမှုမှ သုတေသနများ အချိုးကျ ခွဲဝေဆောင်ရွက်မှု)။**

**(၆) အပြည်ပြည်ဆိုင်ရာ သုတေသနအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်း။** နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးသုတေသနအုပ်စု (CGIAR)၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးအဖွဲ့ (FAO)၊ ဩစတြေးလျနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေး သုတေသနအဖွဲ့ (ACIAR)၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးတွဲသုတေသန (Joint Research) များ မြှင့်တင်ပေးခြင်း စသည်တို့ ဆောင်ရွက်နိုင်ပါသည်။

**(၇) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနဌာနများ၊ တက္ကသိုလ်များ၊ တောင်သူပညာပေးလုပ်ငန်းနှင့် ဒေသဆိုင်ရာတက္ကသိုလ်များ ချိတ်ဆက်ပုံ**

ဤအပိုင်းသည် မြန်မာနိုင်ငံအတွက် **အရေးအကြီးဆုံး** အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတစ်ခု ဖြစ်နိုင်ပါသည်။

> **❛ တကယ်တော့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်တိုးမြှင့်ရေးအတွက် အသုံးချသုတေသနများ မရှိမဖြစ်လိုအပ်ပါသည်။ ဩစတြေးလျနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် "သုတေသနနှင့်ဖွံ့ဖြိုးမှုရန်ပုံငွေ(Levy)"ဆိုသည်မှာ သတ်မှတ်ထားသော စိုက်ပျိုးရေးထုတ်ကုန်များ၏ ထုတ်လုပ်သူများ၊ ပိုင်ရှင်များ၊ ပြုပြင်ထုတ်လုပ်သူများ သို့မဟုတ် တင်ပို့သူများထံမှ ဥပဒေအရကောက်ခံသည့် စက်မှု/ကုန်ပစ္စည်းကဏ္ဍဆိုင်ရာ မဖြစ်မနေထည့်ဝင်ငွေ(Mandatory Industry Charge) ဖြစ် ❜**

**(၇-က) သုတေသနများ အဓိကအခန်းကဏ္ဍ Departments of Agricultural, Livestock, Fishery Research။** အမျိုးသားအဆင့် မဟာဗျူဟာမြောက်သုတေသနများ၊ သီးနှံဖွံ့ဖြိုးတိုးတက်မှု၊ မြေဆီလွှာနှင့် ရေသုတေသန၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုးမွေးမြူရေး၊ စိုက်ပျိုးမွေးမြူရေးစနစ်၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဇီဝနည်းပညာ၊ စိုက်ပျိုးရေးအင်ဂျင်နီယာပညာ၊ ရိတ်သိမ်းချိန်လွန်နည်းပညာ၊ လူမှုစီးပွားရေးဆိုင်ရာ သုတေသနများစွာ ဆောင်ရွက်ရပါမည်။

**(၇-ခ) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၏ အဓိကအခန်းကဏ္ဍ (Agri-cultural Colleges and Universities)။** သုတေသန၊ ပညာရေး၊ တီထွင်မှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး (Research + Education + Innovation + Human Resource Development) တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများသည်-အခြေခံနှင့် အသုံးချသုတေသနများ၊ ဘွဲ့လွန်သုတေသနများ၊ ကျေးလက်လူငယ်များကို စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ သုတေသနပြုလုပ်နည်းစနစ်များ ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ မူဝါဒများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးပညာများ၊ တောင်သူပညာပေးလုပ်ငန်းများ၊ ခေတ်မီဒီဂျစ်တယ်စိုက်ပျိုးမွေးမြူရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးမွေးမြူရေးတို့တွင် အမျိုးသားအဆင့် အကောင်းဆုံးပညာပေးဌာန (National Centre of Excellence) အဖြစ် ဖွံ့ဖြိုးလာနိုင်ပါသည်။

**(၇-ဂ) နိုင်ငံအတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေသော တက္ကသိုလ်များ Regional Universities။** တက္ကသိုလ်တိုင်းကို အမျိုးသားအဆင့်သုတေသနဌာန ဖြစ်စေရန်မလိုပါ။ ယင်းအစား မိမိဒေသရေမြေ၊ ရာသီဥတုနှင့်ကိုက်ညီမှုအလိုက် စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန် "One Region/University–Selected Agricultural Research Strength" ဟူသော မူဝါဒဖြင့် ဒေသအလိုက် အားသာချက်ရှိသော သုတေသနကဏ္ဍများ သတ်မှတ်နိုင်ပါသည်။ ဥပမာ– အပူပိုင်းဒေသ စိုက်ပျိုးမွေးမြူရေး၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် သင့်တော်သော စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ ၊ တောင်ပေါ်ဒေသနှင့် သင့်တော်သော ဥယျာဉ်ခြံသီးနှံများ၊ တနင်္သာရီနှင့် မွန်ပြည်နယ်အတွက် ရော်ဘာနှင့် ဆီအုန်း၊ တောင်သူများအတွက် နွား၊ ကျွဲ၊ ကြက်၊ ဘဲ၊ ဝက်၊ ငါးပုစွန်မွေးမြူရေး၊ သီးနှံသစ်တောစိုက်ပျိုးရေး စသည်တို့ကို ဒေသအလိုက် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**စာရေးသူ၏အတွေး**

တကယ်တော့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်တိုးမြှင့်ရေးအတွက် အသုံးချသုတေသနများ မရှိမဖြစ်လိုအပ်ပါသည်။ ဩစတြေးလျနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် "သုတေသနနှင့်ဖွံ့ဖြိုးမှုရန်ပုံငွေ (Levy)"ဆိုသည်မှာ သတ်မှတ်ထားသော စိုက်ပျိုးရေးထုတ်ကုန်များ၏ ထုတ်လုပ်သူများ၊ ပိုင်ရှင်များ၊ ပြုပြင်ထုတ်လုပ်သူများ သို့မဟုတ် တင်ပို့သူများထံမှ ဥပဒေအရ ကောက်ခံသည့် စက်မှု/ကုန်ပစ္စည်းကဏ္ဍဆိုင်ရာ မဖြစ်မနေထည့်ဝင်ငွေ (Mandatory Industry Charge) ဖြစ်ပါသည်။ (ဥပမာ– ပို့ကုန်ငွေပမာဏ၏ ၀ ဒသမ ၅ ရာခိုင်နှုန်းမှ ၁ ရာခိုင်နှုန်း သုတေသနရန်ပုံငွေသတ်မှတ်ခြင်းဖြစ်ပြီး အခွန် (Tax) နှင့် မဆိုင်ပါ)။

အဆိုပါ Levy မှ ရရှိသောငွေများကို သတ်မှတ်သီးနှံရရှိမှုအလိုက် ဥပမာ – ဆန်စပါးဆိုလျှင် ဆန်စပါးအတွက်၊ ပဲမျိုးစုံဆိုလျှင် ပဲပို့ကုန်သီးနှံများအတွက်၊ အသား၊ ငါး၊ ပုစွန်ဆိုလျှင် သီးသန့်ကဏ္ဍအလိုက် အဓိကအားဖြင့် စိုက်ပျိုးရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးထုတ်ကုန် ဈေးကွက်ဖွံ့ဖြိုးရေး၊ ဇီဝလုံခြုံရေး၊ ပိုးမွှားနှင့် ရောဂါကာကွယ်ရေး၊ အစားအစာနှင့် စိုက်ပျိုးရေးထုတ်ကုန်များတွင် ဓာတုပစ္စည်းအကြွင်းအကျန် စစ်ဆေးခြင်း စသည့် လုပ်ငန်းတစ်ခုချင်း၊ သီးနှံတစ်မျိုးချင်းအလိုက်အတွက် အကျိုးရှိသောလုပ်ငန်းများတွင် အသုံးပြုခြင်းဖြစ်ပါသည်။ ထိုအတွက် လယ်ယာထွက်သီးနှံများ၊ မွေးမြူရေး ထွက်ကုန်များ ပို့ဆောင်ပေးနေသော ပြည်ပပို့ကုန်လုပ်ငန်းရှင်များသာ အကျိုးရှိခြင်းဖြစ်ပါသည်။ ။



ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ အောက်တိုဘာ ၁၇ ရက်က မြို့နယ်သန့်ရှင်းသာယာလှပရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုရှိစေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးဝင်းခိုင်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ချစ်သက်လယ်(ပြန်/ဆက်)



နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက်ရှိ မြို့မဈေး၌ အယ်လ်နီညိုဖြစ်စဉ်ကာလနှင့် သီတင်းကျွတ်ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် နေပြည်တော် မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြတ်သီဟနှင့် တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၁၇ ရက်က မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် မီးသတိမူရေး လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။

သျှင်ဦးမောင်(ပြန်/ဆက်)



မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ(၄)ရပ်ကွက်ရှိ ရွှေဟင်္သာဈေး၌ အယ်လ်နီညိုကာလ အပူရှိန်မြင့်ချိန်တွင် မီးလောင်၊ မီးလန့်မှုများ မဖြစ်ပွားစေရန် အောက်တိုဘာ ၁၇ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဖုန်းမြင့်အေးနှင့် တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

## မိုင်းဆတ်မြို့၌ ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ



**မိုင်းဆတ် အောက်တိုဘာ ၁၈**

မိုင်းဆတ်မြို့၌ ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ ရက်က ဝိန်းနေရပ်ကွက်ရှိကံ့ကော် မြိုင်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းလွင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် မိမိတို့၏ လုပ်ငန်းတာဝန်များ၊ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ဆွေးနွေးခဲ့ပြီး ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများ၏သိရှိလိုသောမေးမြန်းဆွေးနွေးချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**ပန်းတောင်း အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၁၆ ရက်က တောင်ဘွေကျေးရွာဓမ္မာရုံ၌ ကျင်းပရာ ခေတ္တမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် တာဝန်ရှိသူများက အယ်လ်နီညိုကာလတွင် သီးနှံများ အထွက်နှုန်းကျဆင်းမှု



မရှိစေရေးအတွက် ကာကွယ်မှုနည်းလမ်း(၅)ရပ်ကို လည်းကောင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာတွဲဖက် အသုံးပြုရေး၊ နွေစပါးရာသီတွင် ရေဆင်းပေါ်ဆန်း(၁)၊ (၂)ကေ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အမိုနီယမ်ဆာလဖိတ် မြေဩဇာ သုံးစွဲရာတွင် လိုက်နာဆောင်ရွက်သင့်သည့် နည်းလမ်းများကိုလည်းကောင်း၊ ဆောင်းသီးနှံများတွင် ဆီထွက်ပဲပုပ်နှင့် နေကြာသီးနှံကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ နွားကျင်ငယ်ရည်သဘာဝ ရွက်ဖျန်းမြေဩဇာ အသုံးပြုရေးကိုလည်းကောင်း၊ တားမြစ်ထားသည့် ပိုးသတ်ဆေးများအကြောင်းကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့၍ အယ်လ်နီညို ကာကွယ်မှုအတွက် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ **လပြည့်လင်း(ပြန်/ဆက်)**

## နေပြည်တော်မြို့နယ်၌ ဆောင်းရာသီ သီးထပ်စွမ်းအား မြှင့်တင်ရေး စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၁၈**

နေပြည်တော်မြို့နယ်တွင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ဆောင်းရာသီစိုက်ပျိုး စရိတ်ချေးငွေများကို အောက်တိုဘာ ၆ ရက်မှစတင်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ထုတ်ချေးပေးလျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က စိုက်ပျိုးစရိတ်ချေးငွေများအား တောင်သူများအနေဖြင့် အကျိုးရှိစွာအသုံးပြုသွားရန် ပြောကြားခဲ့သည်။

ထိုသို့ထုတ်ချေးရာတွင် အောက်တိုဘာ ၁၄ ရက်က ကျောင်းစုတိုက်နယ် သပြေရိုးကျေးရွာရှိ တောင်သူ ၇၄ ဦး၊ စိုက်ဧက ၆၅၉ ဧကအတွက် ချေးငွေကျပ် သိန်း ၁၆၄၇ ဒသမ ၅၀ကို ထုတ်ချေးပေးလျက်ရှိပြီး



၂၀၂၆ ခုနှစ်အတွက် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၆၃ အုပ်စု၊ တောင်သူ ၆၄၂၄ ဦး၊ ချေးငွေကျပ် ၁၁၅၆၂၅ သိန်းကို တောင်သူများထံ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ စာအုပ်မိတ်ဆက်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ စာရေးဆရာမမြကြေးမုံ(ရတနာဆောင်)၏ ရင်ထဲကဆူးနှင့် ရသဝတ္ထုတိုများ စုစည်းမှု၊ စာရေးဆရာ ကြည်ထွန်းလူ၏ လေဟုန်ဆန်ငှက် တစ်ကောင်၏ ဖြတ်သန်းကျန်ခဲ့ မိုင်တိုင်များ စာအုပ်မိတ်ဆက်ပွဲကို အောက်တိုဘာ ၁၅ ရက်က ကျင်းပရာမြို့နယ်



စာရေးဆရာအသင်း၏ ဂုဏ်ထူးဆောင်နာယက ဆရာတော် ဒေါက်တာအရှင်နေမိန္ဒ (နေနေနိုင်သူ)က ဩဝါဒစကားမိန့်ကြားပြီး စာရေးဆရာနှစ်ဦးတို့က ရင်တွင်းစကားများကို လည်းကောင်း၊ စာရေးဆရာကြီးများ ဖြစ်သည့် မော်ဝန်းကြည်မြတ်၊ အမျိုးသားစာပေဆုရှင်ဆရာကြီးမောင်ခြိမ့်၊ ဆရာကြီးအောင်သျှံဝိုင်း(ကျိုက်မရော)၊ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးလပြည့်ဇင်တို့က လည်းကောင်း မုဒိတာစကားများ ပြောကြားသည်။

ထို့နောက် စာရေးဆရာနှစ်ဦးက ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်များသို့ စာအုပ်များကို လှူဒါန်းသည်။

**အေးမဥ္ဇူ**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အခြေခံ စားသောက်ကုန်များ သက်သာချောင်ချိရေးရောင်းချပေး

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပြည်သူများ စားဝတ်နေရေး သက်သာချောင်ချိစေရန် အောက်တိုဘာ ၁၆ ရက်က ညောင်ကျေးရွာအုပ်စု၌ အခြေခံစားသောက်ကုန်များကို ရောင်းချပေးလျက်ရှိသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ဆန်၊ စားသုံးဆီ၊ ဘဲဥ စသည့် အခြေခံစားသောက်ကုန်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဒေသခံပြည်သူများ ဝယ်ယူနေမှုနှင့် စားသောက်ကုန်များ ရောင်းချပေးနေမှုတို့ကို ကြည့်ရှုခဲ့ကြောင်းသိရသည်။ **ဟန်နီ(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီး၌ အောက်တိုဘာ ၁၇ ရက်က ဆေးလာရောက်ကုသသော ပြည်သူများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်အောင်နှင့် အဖွဲ့ဝင်များ သောက်ရေသန့်များ ဝေငှလှူဒါန်းပေးစဉ်။ ဇော်ကိုကို(တောင်ငူ)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**



## ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်း

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၌ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၆ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ခင်မောင်ဦးနှင့် တာဝန်ရှိသူများက သင်တန်းသား ၅၁ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

**ဇော်ဇော်နိုင်(ပြန်/ဆက်)**



## တိုက်ကြီးမြို့နယ်၌ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် ရာသီဥတုအန္တရာယ်ကာကွယ်ရေး ဆွေးနွေး

**တိုက်ကြီး အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် အယ်လ်နီညိုရာသီဥတုဆိုင်ရာ ကြိုတင်ကာကွယ်ရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ ရက်က ဥက္ကံကံကုန်းကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာ ရွှေဟင်္သာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ရာ ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသူအောင်နှင့် တာဝန်ရှိသူများက ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီများ သုံးစွဲနိုင်ရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် သီးနှံစိုက် စွမ်းအားတိုးမြှင့်ရေး၊ အယ်လ်နီညိုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေ မလုံလောက်ခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ရေအသုံးချသူများအနေဖြင့် ရေကို ချွေတာသုံးစွဲရေးနည်းလမ်းများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ ဝတ်ရည်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ မီးလောင်မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် အောက်တိုဘာ ၁၆ ရက်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့်အဖွဲ့ ဦးဆောင်၍ ဈေးများအား မီးဘေးလုံခြုံရေးစစ်ဆေးခဲ့ပြီး မီးသတိပေး လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။ ဇင်မင်းမောင်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးကြိုတင် ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို ချမ်းအေးသာစံမြို့နယ် အဆင့်မြင့်ဈေးချိုတော်နှင့် မန်းမြန်မာပလာဇာ၌ အောက်တိုဘာ ၁၆ ရက်က ဆောင်ရွက်စဉ်။ ချမ်းမြေ့မောင်(ပြန်/ဆက်)

# UFC Fight Night ပြိုင်ပွဲတွင် မာလော့သ်က ဘာကလေကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ရ

UFC Fight Night ပြိုင်ပွဲမှ ကနေဒါနိုင်ငံသား မိုက်မာလော့သ်နှင့် အမေရိကန်နိုင်ငံသား ဂျိုအာကင် ဘာကလေတို့၏ ဝဲလ်တာဝိတ်တန်းပွဲစဉ်ကို ကနေဒါနိုင်ငံ အက်ဒမွန်တန်မြို့ရှိ Rogers Place ၌ အောက်တိုဘာ



၁၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ မိုက်မာလော့သ်က ဒုတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့သည်။

ပထမအချီတွင် အပြန်အလှန်ထိုးသတ်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ဒုတိယအချီတွင် မာလော့သ်က ပြိုင်ဘက် ဘာကလေ၏ ဟာကွက်ကို အခွင့်ကောင်းယူကာ ပြင်းထန်အားပါသည့် ဒူးတိုက်ချက်ကို အသုံးချနိုင်ခဲ့သည့်အတွက် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ မာလော့သ်သည် ယခုပွဲစဉ် နိုင်ပွဲရရှိမှုကြောင့် နိုင်ပွဲရလဒ်ကို ငါးပွဲအထိ ထိန်းထားနိုင်ခဲ့ပြီး ချန်ပီယံ စိန်ခေါ်ခွင့်အတွက် အလားအလာပိုမိုကောင်းမွန်လာခဲ့သည်။

အဆိုပါပြိုင်ပွဲမှ ဒု-ခေါင်းပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် အမျိုးသမီးဖလိုင်းဝိတ်တန်းပြိုင်ပွဲတွင် ကနေဒါနိုင်ငံသူ ဂျက်စမင် ဂျာဆူဒါဗီစီယပ်စ်က အမေရိကန်သူ အီရင်ဘလန့်ချ်ဖီးလ်ဒ်ကို ဒိုင်များ၏ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ဖြင့် နိုင်ပွဲရရှိခဲ့သည်။ အသက် ၃၇ နှစ်အရွယ် ဂျာဆူဒါ ဗီစီယပ်စ်သည် ယင်းနိုင်ပွဲကြောင့် ပရော်ဖက်ရှင်နယ် MMA ကစားသမားဘဝ ၁၆ ပွဲမြောက် နိုင်ပွဲရလဒ်ကို ရရှိခဲ့သည်။

## ဘွန်ဒက်စ်လီဂါတွင် ပွဲ (၁၀၀) ပြည့်မြောက်ပြီး ၁၀၂ ဂိုးမြောက် ဟာရီကိန်း သွင်းယူ



ဘိုင်ယန်မြူးနစ်အသင်း အဓိကတိုက်စစ်ကစားသမား ဟာရီကိန်းသည် ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၆) အဖြစ် အောက်တိုဘာ ၁၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဘိုင်ယန်မြူးနစ်က လိုက်ပ်ဇစ်ကို ခြောက်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သော ပွဲစဉ်တွင် ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၁၀၀) ပြည့်မြောက်ခဲ့ကြောင်း သိရသည်။

၎င်းသည် အဆိုပါပွဲစဉ်တွင် ဘွန်ဒက်စ်လီဂါ ၁၀၂ ဂိုးမြောက်ကိုလည်း သွင်းယူနိုင်ခဲ့သည်။ ထို့အပြင် ၎င်းသည် ယခုနှစ်ရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် ပြိုင်ပွဲစုံ ၁၀ ပွဲ ပါဝင်ကစားထားပြီး ကိုးဂိုးအထိ သွင်းယူထားနိုင်ပြီ ဖြစ်သည်။

ကိန်းသည် ၂၀၂၃-၂၀၂၄ ရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲစုံ ၁၅၇ ပွဲ ပါဝင်ကစားထားပြီး ၁၅၅ ဂိုးအထိ သွင်းယူထားသူလည်းဖြစ်သည်။

## ဘာစီလိုနာက ဘက်တစ်ကို အနိုင်ယူပြီး ရာနှုန်းပြည့် နိုင်ပွဲရလဒ် ဆက်လက်ထိန်းသိမ်း



ဘာစီလိုနာအသင်းသည် လာလီဂါပွဲစဉ်(၉) အဖြစ် အောက်တိုဘာ ၁၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဘက်တစ်အသင်းနှင့်ပွဲစဉ်တွင် ငါးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည့်အတွက် ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည့် အက်သလက်တီကိုမက်ဒရစ် အသင်းထက် ငါးမှတ်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သော တောင်ပံတိုက်စစ်ကစားသမား လာမိန်းယာမာလ်သည် ယခုနှစ်ရာသီ လာလီဂါတွင် သွင်းဂိုး ရှစ်ဂိုးအထိ ရှိလာပြီဖြစ်သည်။ ဘာစီလိုနာအသင်းသည် လာလီဂါပွဲစဉ် ကိုးပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် သွင်းဂိုး ၃၉ ဂိုးနှင့်အတူ ကိုးပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။

ထိုကဲ့သို့ စွမ်းဆောင်နိုင်မှုမှာ ၁၉၆၈-၁၉၆၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ ဘာစီလိုနာအသင်းသည် ရီးရဲမက်ဒရစ်အသင်း စံချိန်တင်ထားခဲ့သော လာလီဂါသမိုင်းတစ်လျှောက် ရာသီအစအကောင်းဆုံးစံချိန်ကို လိုက်မီခဲ့ပြီး လာမည့်ပွဲစဉ်တွင် ထပ်မံအနိုင်ရရှိပါက လာလီဂါသမိုင်းတစ်လျှောက်တွင် စံချိန်မှတ်တမ်းသစ် ရေးထိုးနိုင်မည်ဖြစ်သည်။

## ဝူဟန်အိုးပင်းအမျိုးသမီးတစ်ဦးချင်းဖိုလ်လုပွဲ ခဗာလင်းစကာ အနိုင်ရဖိုလ်စွဲ



တရုတ်နိုင်ငံ ဟူဘေးပြည်နယ် ဝူဟန်မြို့၌ အောက်တိုဘာ ၁၈ ရက်က ကျင်းပခဲ့သည့် ဝူဟန်အိုးပင်းတင်းနစ် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဖိုလ်လုပွဲတွင် ပိုလန်တင်းနစ်မယ် မာယာခဗာလင်းစကာက ဗြိတိန်တင်းနစ်မယ် ဆွန်နေ ကာတဲလ်ကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ၂-၆၊ ၆-၄၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။ ဝူဟန်အိုးပင်းပြိုင်ပွဲသည် ဒဗလျူတီအေ ၁၀၀၀ အဆင့်ရှိ ပြိုင်ပွဲအမျိုးအစားဖြစ်သည်။ အသက် ၂၅ နှစ်အရွယ် ခဗာလင်းစကာသည် ပြိုင်ပွဲတစ်လျှောက်တွင် ဂျိုဗစ်၊ ဆက္ကရီ၊ ရီယွန်တက်ခ်၊ ကာတဲလ်စသည့် ထိပ်တန်းတင်းနစ်မယ်များကို ကျော်ဖြတ်ကာ ဝူဟန်အိုးပင်းဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

## မေးရိုးကျိုးဒဏ်ရာရခဲ့သည့် ဂိုးသမား မာတီနက်ဇ် သီတင်းပတ်အနည်းငယ်အတွင်း ပြန်ကစားနိုင်မည်ဟုဆို

အောက်တိုဘာ ၁၇ ရက်က ချယ်ဆီးက အဲဗာတန်ကို နှစ်ဂိုးပြတ် အနိုင်ရရှိသောပွဲစဉ်တွင် မေးရိုးကျိုး ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်ပွားပြီးနောက် ချယ်ဆီးဂိုးသမား အမ်လီယာနို မာတီနက်ဇ်သည် သီတင်းပတ်အနည်းငယ်အတွင်း ဘောလုံးပြန်ကစားနိုင်လိမ့်မည်ဖြစ်ကြောင်း ပြောသည်။ အသက် ၃၄ နှစ်အရွယ် အာဂျင်တီးနား ဂိုးသမား မာတီနက်ဇ်နှင့် အဲဗာတန်ခံစစ်ကစားသမား ဂျရတ်ဘရန့်သ်ဝိတ်တို့ ဒုတိယပိုင်းတွင် ခေါင်းချင်းတိုက်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ထို့နောက် ရှစ်မိနစ်ကြာ ဆေးကုသမှုခံယူခဲ့ရပြီး ထမ်းစင်ဖြင့် ကွင်းပြင်သို့ ထွက်ခွာခဲ့ရသည်။ မာတီနက်ဇ်သည် အက်စ်တွန်ဗီလာအသင်းတွင် ခြောက်ရာသီကြာ ဖြတ်သန်းပြီးနောက် ယခုနှစ် နွေရာသီ အပြောင်းအရွှေ့ကာလတွင် ချယ်ဆီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ ၎င်းသည် ချယ်ဆီးအသင်းတွင် ခြောက်ပွဲကစားထားသည်။





## ဒူဘွိုက်စ်က ဝါ့ဒ်လေကို အနိုင်ယူပြီး WBO ကမ္ဘာ့ဟဲဗီးဝိတ်ခါးပတ် ကာကွယ်

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ O2 Arena ၌ အောက်တိုဘာ ၁၈ ရက်က ကျင်းပခဲ့သော WBO ကမ္ဘာ့ဟဲဗီးဝိတ်ခါးပတ်ကာကွယ်ပွဲတွင် လက်ရှိချန်ပီယံ ဒန်နီရယ်ဒူဘွိုက်စ်က စိန်ခေါ်သူ ဖေဘီယို ဝါ့ဒ်လေကို ဒုတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိကာ ၎င်း၏ ခါးပတ်ကို ကာကွယ်နိုင်ခဲ့သည်။

ပထမအချီအစပိုင်းတွင် ဒူဘွိုက်စ်၏ ပြင်းထန်အားပါသော လက်သီးထိုးချက်ကြောင့် ဝါ့ဒ်လေ အထိနာသွားပြီး အမှတ်စဉ်ရေတွက်ခြင်း ခံခဲ့ရသည်။ ထို့နောက် ဒုတိယအချီတွင် ဒူဘွိုက်စ်၏ ပြင်းထန်သော တရစပ် လက်သီးထိုးချက်များကြောင့် ဝါ့ဒ်လေ ပြန်လည်ခုခံနိုင်စွမ်းမရှိတော့ဘဲ ဒိုင်လူကြီးက ပွဲကိုရပ်တန့်ကာ ဒူဘွိုက်စ်ကို အနိုင်ပေးခဲ့ခြင်း ဖြစ်သည်။

၎င်းတို့နှစ်ဦးသည် ပြီးခဲ့သည့် မေလက မန်ချက်စတာမြို့၌ ပထမဆုံးအကြိမ် တွေ့ဆုံသည့် ပွဲစဉ်တွင် ၁၁ ချီအထိ အပြင်းအထန် အပြန်အလှန်ထိုးသတ်ခဲ့သော်လည်း ယခုမကျေပွဲတွင် ဒုတိယအချီတွင်ပင် နိုင်ပွဲရလဒ် ထွက်ပေါ်ခဲ့ခြင်း ဖြစ်သည်။ အသက် ၂၉ နှစ်အရွယ် ဒူဘွိုက်စ်သည် ယခုနိုင်ပွဲကြောင့် ပရော်ဖက်ရှင်နယ် လက်ဝှေ့ကစားသမားဘဝတွင် ၂၄ ပွဲအထိ နိုင်ပွဲရရှိလာပြီ ဖြစ်သည်။ ၎င်းသည် အဆိုပါ ၂၄ ပွဲတွင် ၂၃ ပွဲအထိ အလဲထိုးအနိုင်ရရှိအောင် စွမ်းဆောင်ထားသည်။

## Shanghai Masters အမျိုးသား တစ်ဦးချင်းဖိုလ်လုပွဲ ဖိုကီနာ အနိုင်ရဖိုလ်စွဲ



စပိန်တင်းနစ်ကစားသမား အာလေဟန်ဒရိုဒါဗီဒိုဗစ် ဖိုကီနာသည် Shanghai Masters အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံး ဖိုလ်လုပွဲတွင် တစ်နိုင်ငံတည်းသား ရာဖေးလ်ဂျိုဒါကို ၁-၆၊ ၇-၆ (၇-၅)၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။ ဖိုကီနာသည် တင်းနစ်ကစားသမားဘဝတစ်လျှောက် အမြင့်ဆုံးဖလားကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ပြီး အေတီပီ အဆင့်သတ်မှတ်ချက်တွင် အဆင့် (၁၃) နေရာအထိ တက်လှမ်းနိုင်တော့မည် ဖြစ်သည်။ Shanghai Masters ပြိုင်ပွဲသည် အေတီပီ ၁၀၀၀ အဆင့်ရှိ ပြိုင်ပွဲအမျိုးအစားဖြစ်ပြီး ထိပ်တန်းတင်းနစ်အကျော်အမော်များဖြစ်သည့် မက်ဗီဒက်ဗ်၊ ဇဗဲရက်ဗ်၊ စစ်ဆီပတ်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

## စီးရီးအေ ပွဲစဉ် (၇) တွင် နာပိုလီ ရှုံးပွဲကြုံ

နာမည်ကြီး နာပိုလီအသင်းသည် အောက်တိုဘာ ၁၇ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် စီးရီးအေပွဲစဉ် (၇) တွင် ဗနီဇီယာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ နာပိုလီအသင်းသည် ယင်းပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ကန်သွင်းမှုအသာ၊ ဂိုးပေါက်တည့်မတ်မှုအသာဖြင့် တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့သော်လည်း အသင်းကစားသမားများ၏ အဆုံးသတ်လိုအပ်ချက်ကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ နာပိုလီအသင်းသည် အဆိုပါရှုံးပွဲကြောင့် ယခုနှစ်ရာသီ စီးရီးအေပွဲစဉ် (၇) အပြီးတွင် ရှုံးပွဲသုံးပွဲအထိ ရှိလာပြီဖြစ်သည်။

■ မိုးဇက်-စုစည်းရေးသားသည်

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Adjective (နာမဝိသေသန)များနဲ့ပတ်သက်ပြီး Degree of Adjective (နာမဝိသေသန၏နှိုင်းယှဉ်အဆင့်များ)အကြောင်းကို ရှင်းလင်းချက်များ နမူနာဝါကျများနဲ့ ပြည့်ပြည့်စုံစုံလေး ထပ်မံဖော်ပြပေးလိုက်ပါတယ်။ ဒါ့အပြင် ပိုမိုနားလည်စေဖို့ လေ့ကျင့်ခန်းများနဲ့လည်း အားဖြည့်ပေးလိုက်ပါတယ်။ စကားပြောခန်းမှာလည်း Shortest way to talk about airport English–2 (လေဆိပ်မှာ ဘယ်လိုပြောမလဲ)ကို ထင်းခနဲ လင်းခနဲ နဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

# GRAMMAR

## Basic to Intermediate

| Positive (D1) (အခြေခံအဆင့်/ သာမန်အဆင့်) | Comparative (D2) (သာလွန်အဆင့်) | Superlative (D3) (အသာလွန်ဆုံးအဆင့်) |
|---|---|---|
| as wet as | wetter than | the wettest of |
| as white as | whiter than | the whitest of |
| as wide as | wider than | the widest of |
| as wild as | wilder than | the wildest of |

Comparative နဲ့ Superlative Adjectives များ၏ မတူညီသည့် ဖွဲ့စည်းပုံများကို ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။

| Positive (D1) (အခြေခံအဆင့်/ သာမန်အဆင့်) | Comparative (D2) (သာလွန်အဆင့်) | Superlative (D3) (အသာလွန်ဆုံးအဆင့်) |
|---|---|---|
| as wise as | wiser than | the wisest of |
| as young as | younger than | the youngest of |
| beautiful | more beautiful | the most beautiful |
| careful | more careful | the most careful |
| cheerful | more cheerful | the most cheerful |
| comfortable | more comfortable | the most comfortable |
| dangerous | more dangerous | the most dangerous |
| difficult | more difficult | the most difficult |
| enjoyable | more enjoyable | the most enjoyable |
| expensive | more expensive | the most expensive |
| foolish | more foolish | the most foolish |
| forgetful | more forgetful | the most forgetful |
| frightening | more frightening | the most frightening |
| generous | more generous | the most generous |
| helpful | more helpful | the most helpful |
| important | more important | the most important |
| intelligent | more intelligent | the most intelligent |
| interesting | more interesting | the most interesting |
| powerful | more powerful | the most powerful |
| prosperous | more prosperous | the most prosperous |
| sensible | more sensible | the most sensible |
| terrible | more terrible | the most terrible |
| unusual | more unusual | the most unusual |
| useful | more useful | the most useful |
| valuable | more valuable | the most valuable |
| wonderful | more wonderful | the most wonderful |
| as good as | better than | the best |
| as bad as | worse than | the worst |
| as little as | less than | the least |
| as much as | more than | the most |
| as many as | more than | the most |
| as far as | farther than | the farthest |
| as far as | further than | the furthest |

**Exercise (1) Give the correct form of the adjective in the brackets.**

e.g. 1. I am as (tall) as Ko Ko.
I am as tall as Ko Ko.
2. Tom is (tall) than I am.
Tom is taller than I am.
3. Tom is the (tall) of all.
Tom is the tallest of all.

1. A horse is as (strong) as an ox.
2. An elephant is (strong) than a horse.
3. Oil is (light) than water.
4. A metre is (long) than a yard.
5. This is the (easy) way to do the sum.

**Exercise (2) Put the adjective in brackets into the correct form.**

e.g. 1. James is eight years old, Tom is nine and John is ten.
James is the (young) and John is the (old).
James is the youngest and John is the oldest.
2. Which is (long), a yard or a metre?
A metre is slightly (long) than a yard.
Which is longer, a yard or a metre?
A meter is slightly longer than a yard.

6. Tokyo is one of the (large) cities in the world.
7. The moon is (bright) tonight than it was last night.
8. Which is (heavy), lead or iron?
9. Who is (handsome), John or his brother?
10. Is it (cheap) to travel by bus or by taxi?

## Vocabulary Enrichment Programme

ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာ အစီအစဉ်

1. **break even = (အရှုံးမရှိ အမြတ်မရှိ)**
We **broke even** this year.
ငါတို့ ဒီနှစ်မှာ အရှုံးအမြတ်မရှိဘူး။
2. **break the ice = (အစပြောဆိုသည်။)**
He told a joke to **break the ice.**
အစပျိုးပြောဆိုဖို့ ဟာသတစ်ခုပြောလိုက်တယ်။
3. **break the news = (သတင်းဆိုးတစ်ခုခုကို ပြောပြသည်။)**
She **broke the news** gently.
(သူသတင်းကို ညင်ညင်သာသာပြောပြခဲ့တယ်။)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။
နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

# CONVERSATION



## Shortest way to talk about airport English–2 (လေဆိပ်မှာ ဘယ်လိုပြောမလဲ)

***Your baggage might be overweight.***
***Your flight might be delayed …***
***Or even cancelled.***

၁။ ကိုယ့်ရဲ့ ခရီးဆောင်အိတ်က သတ်မှတ်ထားတဲ့ ပမာဏထက် ဝန်ပိုနေတယ်ဆိုရင် ***Your baggage might be overweight.*** ဆိုပြီး ပြောတာကို ကြားရမှာ ဖြစ်ပါတယ်။ လေဆိပ်မှာ သတ်မှတ်ထားတဲ့ ပမာဏကတော့ အများအားဖြင့် ၂၃ ကီလို ဖြစ်ပါတယ်။ သတ်မှတ်တဲ့ပမာဏထက် ကျော်သွားရင်တော့ ကျော်သွားတဲ့ပမာဏအတွက် အပိုကြေးပေးဆောင်ရမှာ ဖြစ်ပါတယ်။ ဒီလိုမှ မဟုတ်ရင်တော့ သတ်မှတ်ထားတဲ့ပမာဏအထိ ကိုယ့်ပစ္စည်းတွေကို လျှော့ချရမှာပဲ ဖြစ်ပါတယ်။

၂။ နောက်တစ်ခါ ကိုယ့်ရဲ့လေယာဉ်ဟာ သတ်မှတ်ထားတဲ့ အချိန်ပမာဏထက် နောက်ကျတာမျိုး ဖြစ်မယ်ဆိုရင်တော့

– ***Your flight might be delayed*** ဆိုပြီးပြောနိုင်ပါတယ်။ ဒီလိုမျိုး တစ်ခါတစ်ရံမှာ ကြုံတွေ့နိုင်ပါတယ်။ အထူးသဖြင့် ရာသီဥတုမကောင်းရင် ဒီလိုမျိုး ကြုံနိုင်ပါတယ်။

၃။ တစ်ခါတစ်ရံမှာ ကိုယ့်ရဲ့လေယာဉ်ခရီးစဉ် လုံးဝဖျက်သိမ်းလိုက်တာမျိုးတောင် ကြုံနိုင်ပါတယ်။ အဲဒီအခါမှာတော့ – ***Your flight might be cancelled.*** ဆိုပြီးပြောတာကို ကြားရမှာဖြစ်ပါတယ်။

### Dealing with problems at check–in

**Austin:** I'm sorry ma'am, but **this bag is over–weight.** The limit is 23 kilos. You either need to take some things out, or pay for the excess.

**Jessica:** How much is the excess?

**Austin:** It's fifty euros for a bag up to 32 kilos.

**Jessica:** That's expensive! I'll try to take some things out. I'm sorry, but **the flight is delayed by at least two hours.**

**Austin:** So, when do you expect the plane to leave?

**Jessica:** Right now, we expect it to depart at 10.30 pm. I do apologize for the inconvenience.

**Austin:** Well, I guess there's nothing we can do.

**Jessica:** Thank you for your patience. You can check the departure boards for updated boarding times and flight information.

**Austin:** I'm sorry, but **your flight has been cancelled** due to bad weather.

**Jessica:** But, I really need to be in London tomorrow afternoon. When's the next available flight?

**Austin:** Let me see what we can do … we do have a flight leaving tomorrow morning that I can switch you to.

**Jessica:** What time in the morning?

**Austin:** It leaves here at 7 am, and arrives at 10.

**Jessica:** That will be fine.

**Austin:** Right, here's a printed confirmation. And again I am very sorry for the trouble.

**Jessica:** That's Okay; it's not your fault. Are there any hotels near the airport?

**Austin:** Yes, of course. If you go to the customer service desk, just over there, you can claim a voucher for a hotel and meals.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၂၈၉၅၄၄၆၂ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## နေပြည်တော်... 

## ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဆီထွက်သီးနှံစိုက်တောင်သူများအား သွင်းအားစုများ ပေးအပ်

**ဇမ္ဗူသီရိ အောက်တိုဘာ ၁၈**

ဇမ္ဗူသီရိမြို့နယ် မရမ်းချောင်းကျေးရွာရှိ ကဥ္စနကျွန်းသာကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၆ ရက်က မြို့နယ်အတွင်းရှိဆီထွက်သီးနှံစိုက် တောင်သူများအား သွင်းအားစုများပေးအပ်ပွဲ ကျင်းပရာ



ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်ဦး တက်ရောက်သည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က မြို့နယ်အတွင်း ဆီထွက်သီးနှံ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ စည်ပင်သာယာရေးဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ စည်ပင်သာယာ ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဆီထွက်သီးနှံစိုက် တောင်သူများအား သွင်းအားစုများ ပေးအပ်သည်။

ထို့နောက် စည်ပင်သာယာရေးဝန်ကြီးနှင့်အဖွဲ့သည် အုန်းပင်ကွင်း ကျေးရွာ ကဥ္စနကျွန်းသာကုမ္ပဏီလီမိတက်မှ တာဝန်ယူစိုက်ပျိုးထားသည့် မော်ဘီ ၃ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်ကြည့်ရှုအားပေး ခဲ့သည်။ အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

## ဘားအံမြို့၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များ အသိပညာပေး

**ဘားအံ အောက်တိုဘာ ၁၈**

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေး အန္တရာယ်များနှင့် ရေသိုလှောင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ ရက်က ဘားအံမြို့နယ် ဂကျိုင်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာန ဦးစီးအရာရှိက အယ်လ်နီညိုကြောင့် မိုးခေါင်ရေရှားခြင်း၊ အပူချိန်မြင့်တက်ခြင်းနှင့် စိုက်ပျိုးရေ မလုံလောက်ခြင်းတို့ ဖြစ်ပေါ် နိုင်သဖြင့် ရေအရင်းအမြစ်များကို စနစ်တကျ သိုလှောင်ထိန်းသိမ်း သုံးစွဲရေး၊ ကြိုတင်ပြင်ဆင်ထားသင့်သည့် အချက်များ၊ ရေချွေတာနိုင် သော စိုက်ပျိုးနည်းစနစ်များနှင့် ဆောင်ရန်/ရှောင်ရန်များကို ဟောပြော



ဆွေးနွေးခဲ့ပြီး အယ်လ်နီညိုအတွက် ရေအသုံး ချသူများ ကြိုတင်ပြင်ဆင် ကြပါစို့ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## ဝါးခယ်မမြို့နယ်၌ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်း



**ဝါးခယ်မ အောက်တိုဘာ ၁၈**

ဝါးခယ်မမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်ဇေယျ အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် တာဝန်ရှိသူတစ်ဦးက သင်တန်း ဖွင့်လှစ်ရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ရီရီလွင်(ပြန်/ဆက်)

## ရွှေဘုံရတနာမင်္ဂလာနန်းတော်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရွှေဘို အောက်တိုဘာ ၁၈**

ရွှေဘိုမြို့ရှိ ရွှေဘုံရတနာမင်္ဂလာနန်းတော်၌ ယမန်နေ့နံနက်ပိုင်းက ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဌာနပေါင်းစုံမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ စုစုပေါင်း ၅၅၀ ခန့်က နန်းတော်ရင်ပြင်တော်နှင့် ပတ်ဝန်းကျင်ရှိ ချုံနွယ်များနှင့် ပေါင်းမြက် များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြပြီး တာဝန် ရှိသူများက နန်းတော်ဝင်းအတွင်းရှိ ရေမြောင်းများအတွင်း အမှိုက် နှင့် အညစ်အကြေးများ ပိတ်ဆို့နေမှု ရှိ၊ မရှိ၊ ရေစီးရေလာကောင်းမွန်မှု



ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မော်လမြိုင်ကျွန်းမြို့နယ်၌ အဆင့်မြင့် အပ်ချုပ်စက် သင်တန်းဆင်းပွဲ ကျင်းပ

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၈**

မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စုကျေးရွာရှိ ဘက်စုံသုံးခန်းမ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဆင့်မြင့် အပ်ချုပ်စက် သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၅ ရက်က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူတစ်ဦးတို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်း ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်သည်။

ရဲကိုမောင်(ပြန်/ဆက်)

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်း

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း ဆင်းပွဲကို အောက်တိုဘာ ၁၆ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၂၃ ရပ်ကွက် အမှတ်(၁) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင် မျိုးလတ်က သင်တန်းသား အုပ်ချုပ်ရေးမှူးများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၁၆ ရက်အထိ သင်တန်းသား ၇၃ ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ နေမျိုးအောင်






## သက်ကြီးသတင်းထောက်ကြီးများအား ဂါရဝပြုကန်တော့ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေး အဖွဲ့၏ နဝမအကြိမ်မြောက် သက်ကြီးသတင်းထောက်ကြီးများအား ဂါရဝပြုကန်တော့ပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ စမ်းချောင်းမြို့ နယ် ကိုးထပ်ကြီးဘုရားဝင်းအတွင်းရှိ သန္တိသုခဓမ္မာရုံ၌ ကျင်းပရာ ကြေးမုံ သတင်းစာတိုက် (စာတည်းမှူးချုပ်-ငြိမ်း) ဦးမြင့်ဆွေက မုဒိတာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းက ပူဇော်ကန်တော့ပွဲကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး ဦးတင်ဝင်းက ငွေစာရင်းရှင်းတမ်း ဖတ်ကြားကာ ကန်တော့ပွဲသို့ တက်ရောက်လာကြသည့် မြို့နယ်သတင်းထောက်များက မုဒိတာစကား များ ပြောကြားကြသည်။ ဆက်လက်၍ သက်ကြီးသတင်းစာဆရာကြီး များအား ပူဇော်ကန်တော့ချီးဖြင့် ကန်တော့ကြပြီး ကန်တော့ငွေများနှင့် လက်ဆောင်များ ပေးအပ်ခဲ့သည်။ မြန်မာ့အလင်း



အယ်လ်နီညိုဖြစ်စဉ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်နှင့် တာဝန်ရှိသူများ ပူးပေါင်း၍ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လက်တွေ့ မီးငြိမ်းသတ်မှုသရုပ်ပြသခြင်းများကို အောက်တိုဘာ ၁၅ ရက်က မြင်းမူမြို့ စစ်ကိုင်း–မုံရွာကားလမ်း လွတ်လပ်ရေးကျောက်တိုင် အနီးနှင့် မြို့မဈေးတို့၌ ဆောင်ရွက်စဉ်။ နေလင်းအောင်(ပြန်/ဆက်)



မော်လမြိုင်မြို့နယ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်မီးဘေး လုံခြုံရေးအဖွဲ့များက အောက်တိုဘာ ၁၇ ရက်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အမှတ်(၁)၊ အမှတ်(၂)နှင့် မြိုင် ရတနာဈေးများ၌ ကွင်းဆင်းဆောင်ရွက်စဉ်။ ရွှေမြိုင်သူ(ပြန်/ဆက်)



ဘီးလင်းမြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့က မီးငြိမ်း သတ်မှု သရုပ်ပြလေ့ကျင့်ခြင်းနှင့် ဈေးမီးဘေးလုံခြုံရေး စစ်ဆေးခြင်း ကို အောက်တိုဘာ ၁၇ ရက်က ဘိုးရာဇာရပ်ကွက်ရှိ မင်္ဂလာဈေး အရှေ့၌ ပြုလုပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

# တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီး၌ အထူးဆေးကုသရေးအဖွဲ့ ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်

**တောင်ငူ အောက်တိုဘာ ၁၈**

နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီး ၁၁ ဦး ပါဝင်သော အထူးကုဆေးကုသရေးအဖွဲ့နှင့် တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ ယမန်နေ့က တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများအား အထူးကုဆေးကုသမှုများ ကွင်းဆင်းဆောင်ရွက်ပေးသည်။



ထိုသို့ ကွင်းဆင်းကုသဆောင်ရွက်ပေးရာတွင် အထွေထွေရောဂါ၊ နှလုံး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ၊ အသည်း၊ ကင်ဆာ၊ ဆီးချိုနှင့် ဟော်မုန်း၊ ဆီးနှင့် ကျောက်ကပ်၊ ရင်ခေါင်း၊ အရိုးအကြောအဆစ်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း စသည့်ရောဂါတို့ကို ကြည့်ရှုကုသပေးသည်။

ယင်းဆေးကုသမှုခရီးစဉ်တွင် ဆီးချိုနှင့် သွေးတိုးရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲများကိုလည်း ထည့်သွင်းဆောင်ရွက်ပြီး တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ မြို့ပေါ်နှင့် ကျေးလက်နေ ဒေသခံပြည်သူ ၁၆၂၅ ဦး လာရောက်ပြသကုသလျက်ရှိပြီး အောက်တိုဘာ ၁၇ ရက်မှ ၁၈ ရက်အထိ ကွင်းဆင်းကုသမှု ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇော်ကိုကို(တောင်ငူ)



မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် နန့်ပုတ်ကျေးရွာလုံ့ဂျာကောင့် လယ်ယာကုန်ထုတ်လမ်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၇ ရက်က ခရိုင်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးစဉ်။ ရွှေမိုးညှင်း

## ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ ဆရာတော်၊ သံဃာတော်များအား Biometric Data UID ကောက်ယူခြင်းဆောင်ရွက်



**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်၊ ပြည်လုံးချမ်းသာသိမ်တော်ကြီး၌ အောက်တိုဘာ ၁၇ ရက်က ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (ရွှေရတုတိပိဋကဓရ မော်ကျွန်းဆရာတော်ကြီး)နှင့် ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီးတွင် သီတင်းသုံးတော်မူကြသော ဆရာတော်၊ သံဃာတော်များအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဦးစီးမှူး ဦးညီဇော်ငွေးနှင့် ဝန်ထမ်းများက Biometric Data UID ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နေမျိုးအောင်



ကျောက်တံခါးမြို့နယ် ဖဒိုမြို့၌ စားအုန်းဆီ လက်လီလက်ကားဖြန့်ဖြူးရောင်းချလျက်ရှိသော စားအုန်းဆီအရောင်းဆိုင်များ သတ်မှတ်ရည်ညွှန်းဈေးနှုန်းနှင့်အညီ ရောင်းချစေရေး အောက်တိုဘာ ၁၄ ရက်က ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးရဲမင်းထွဋ်နှင့် တာဝန်ရှိသူများ စစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

# (၇) နှစ်ကြာ ကျင်းပနိုင်ခြင်းမရှိခဲ့သည့် ရွှေကျင်မီးမျှောပူဇော်ပွဲအား ရိုးရာအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပမည်

**ရွှေကျင် အောက်တိုဘာ ၁၈**

၂၀၁၉ ခုနှစ်မှစတင်၍ ကျင်းပနိုင်ခြင်းမရှိခဲ့သည့် ရွှေကျင်မီးမျှောပူဇော်ပွဲအား ယခုနှစ်တွင် ရိုးရာအစဉ်အလာမပျက် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

(၁၇၅)နှစ်မြောက်အဖြစ် ကျင်းပမည့် ရွှေကျင်မြို့နယ် သီတင်းကျွတ်မီးမျှောပွဲတော်ကို အောက်တိုဘာ ၂၇ ရက်(၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်)တွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့ ပျဉ်းမပင်ရပ်ကွက်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသွားမည်ဖြစ်ပြီး အောက်တိုဘာ ၂၇ ရက်မှစတင်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ လှော်ကားတော်ကြီးလှေမှ တက်ရေးပြဖျော်ဖြေခြင်း၊ ယိမ်းအဖွဲ့များက အကဲဖြတ်မဏ္ဍပ်တွင် ယှဉ်ပြိုင်ခြင်း၊ ယိမ်းအဖွဲ့များက ဗဟိုမဏ္ဍပ်တွင် ဖျော်ဖြေခြင်း၊ ယိမ်းအဖွဲ့များအား ဆုများချီးမြှင့်ခြင်း အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။



ထို့နောက် ညနေ ၆ နာရီတွင် ရှင်ဥပဂုတ္တမထေရ်မြတ်အား ရွှေကျင်မြစ်အတွင်း ရောင်စုံမီးကြာခွက်များဖြင့် မီးမျှောပူဇော်သွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်ပုံထံမှ သိရသည်။

ပိန်းဇလုပ်-သိန်းညွန့်



ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)ဈေး၌ အောက်တိုဘာ ၁၇ ရက်က ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်လင်း၊ လက်ထောက်မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဇော်မျိုးထွန်းနှင့် တာဝန်ရှိသူများ မီးသတ်ပစ္စည်းကိရိယာများ အသင့်အသုံးပြုနိုင်မှု ရှိ/မရှိ၊ လျှပ်စစ်မီး စနစ်တကျသွယ်တန်းသုံးစွဲမှု ရှိ/မရှိ စစ်ဆေးစဉ်။ အေးမဥ္ဇူ



## အောင်လံမြို့နယ်၌ သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**အောင်လံ အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ကသစ်ကန်ကျေးရွာဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေနှင့် တာဝန်ရှိသူများက စူပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအကြောင်းကို အသိပညာပေး ဟောပြောကြပြီး စူပါအယ်လ်နီညိုနှင့် ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေကြသည်။

မြို့နယ်(ပြန်/ဆက်)

## တွံတေးမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေး သင်တန်းဖွင့်

**တွံတေး အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသော မြို့နယ်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးသင်တန်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးတို့က တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးနှင့် အယ်လ်နီညိုမွေးမြူရေးကဏ္ဍအတွက် ကြိုတင်ပြင်ဆင်ထားရေး၊ ရှင်းလင်းပို့ချခဲ့သည်။ အဆိုပါ သင်တန်းသို့ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး ၁၄၆ ဦးတို့အား သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

မျိုးလှိုင်တွံတေး





လင်းခေးမြို့နယ် မြို့မစည်ပင်သာယာရေးဈေး၌ အောက်တိုဘာ ၁၇ ရက်က ဈေးသူ ဈေးသားများအား အယ်လ်နီညိုအပူဒဏ် တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် ဈေးအတွင်း မီးဘေးလုံခြုံမှုရှိစေရန် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းထွေးတို့ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြစဉ်။ စိုင်းဇော်လတ်(လင်းခေး)



နေပြည်တော် လယ်ဝေးမြို့နယ် အမှတ်(၅)ရပ်ကွက် သီရိရတနာမြို့မဈေး၌ အယ်လ်နီညိုဖြစ်စဉ်ကာလနှင့် သီတင်းကျွတ်ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပေါ်စေရေးအတွက် ဒက္ခိဏခရိုင်မီးသတ်ဦးစီးမှူး ဦးဝင်းကျော်နှင့် တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၁၇ ရက်က မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြ ငြိမ်းသတ်စဉ်။ မြို့နယ်(ပြန်/ဆက်)

❏ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



ငပုတောမြို့၌ အောက်တိုဘာ ၁၈ ရက်က အနောက်ပိုင်းရပ်ကွက်ရှိ ဥယျာဉ်တောင် မြို့ဦးစေတီတော်မြတ်ကြီးနှင့် အရှေ့ပိုင်းရပ်ကွက်ရှိ မဟာရာဇာမုနိအောင်တော်မူစေတီတော်မြတ်ကြီးတို့၌ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဘုရားရေသပ္ပာယ်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

အောင်သူ(ပြန်/ဆက်)



မွန်ပြည်နယ် ကျိုက်ထိုမြို့ မြို့မဈေး၌ အောက်တိုဘာ ၁၇ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးရဲညွန့်ထွေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၌ မြို့နယ်အတွင်း မီးလောင်မှု မဖြစ်ပေါ်စေရေး မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို အောက်တိုဘာ ၁၇ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

ထွန်းထွန်းထူး



ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့ မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြခြင်းကို အောက်တိုဘာ ၁၆ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းဟန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သည့် ပန်းတနော်မြို့နယ် ရေလဲနဲ့ကောကျေးရွာအုပ်စု နဲ့ကောကျေးရွာရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလှိုင်နှင့် တာဝန်ရှိသူများ အောက်တိုဘာ ၁၆ ရက်က ကွင်းဆင်း စစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

## Social Etiquette လူမှုဘဝထဲက လောကဝတ်များ

# ကလေးများကို ယဉ်ကျေးလိမ္မာအောင် လေ့ကျင့်ပေးခြင်း - (၁၂)

**မေ**

လူတစ်ယောက်ရဲ့ အကျင့်စာရိတ္တကောင်းမွန်မှုဟာ ငယ်စဉ်ကလေးဘဝကတည်းက စတင်ပုံသွင်းတည်ဆောက်လာတာ ဖြစ်ပါတယ်။ ကလေးများကို ပညာသင်ပေးရုံတင်မကဘဲ လူမှုဘဝမှာ အခြားသူတွေနဲ့ အဆင်ပြေပြေနေထိုင်နိုင်ဖို့ လိုအပ်တဲ့ အက်တီကက်တွေကိုပါ လေ့ကျင့်ပေးဖို့ အလွန်အရေးကြီးပါတယ်။

"ကျေးဇူးတင်ပါတယ်"၊ "တောင်းပန်ပါတယ်"၊ "ခွင့်ပြုပါ" ဆိုတဲ့ စကားလေးတွေကို အချိန်အခါနဲ့ လိုက်ဖက်စွာ အသုံးပြုတတ်အောင် သင်ပေးရပါမယ်။ ထို့အပြင် အခြားသူတွေ စကားပြောနေချိန်မှာ နားထောင်ပေးခြင်း၊ မိမိအလှည့်ကို စောင့်တတ်ခြင်း၊ အများပိုင်ပစ္စည်းများကို ဂရုစိုက်ခြင်းတို့ကို ငယ်စဉ်ကတည်းက လေ့ကျင့်ပေးသင့်ပါတယ်။



ကလေးတွေဟာ လူကြီးတွေရဲ့ ပြောစကားထက် လက်တွေ့ပြုမူပုံတွေကို ပိုမိုအတုယူ သင်ယူတတ်ကြပါတယ်။ ဒါကြောင့် မိဘများ၊ ဆရာ ဆရာမများအနေနဲ့ ကိုယ်တိုင်ယဉ်ကျေးစွာ ပြုမူနေထိုင်ပြသပေးခြင်းက အဓိကကျပြီး ကောင်းမွန်တဲ့ အလေ့အကျင့်ကို နေ့စဉ်လေ့ကျင့်ပေးရပါမယ်။

အက်တီကက်ဆိုတာ အရွယ်ရောက်ပြီးမှ သီးသန့်သင်ယူရမယ့် အရာတစ်ခု မဟုတ်ပါဘူး။ ငယ်စဉ်ကတည်းက လေ့ကျင့်လာတဲ့ အကျင့်ကောင်းတွေက နောင်တစ်ချိန်မှာ လူမှုဆက်ဆံရေး ကောင်းမွန်တဲ့ လူကြီးလူကောင်းတစ်ယောက် ဖြစ်လာစေပါတယ်။ ဒါကြောင့် ကလေးများကို စာတော်ရုံတင်မကဘဲ ယဉ်ကျေးသိမ်မွေ့ဖို့ပါ အာရုံစိုက်သင့်ပါတယ်။

## ချောင်းဆုံမြို့နယ်၌ အယ်လ်နီညိုရာသီဥတုကြောင့် ကျန်းမာရေးပြဿနာများ လျော့နည်းစေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ချောင်းဆုံ အောက်တိုဘာ ၁၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အယ်လ်နီညို ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားနိုင်ခြေကို ထိရောက်စွာ လျှော့ချနိုင်ရေးအတွက် အောက်တိုဘာ ၁၆ ရက်က လူစည်ကားရာ ချောင်းဆုံအနောက်ရပ်ကွက်ရှိ အမှတ်(၂) ပျံကျဈေးနှင့် မုဒွန်းကျေးရွာ ရှင်စောပုဈေးတို့တွင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



အဆိုပါ ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြပြီး အယ်လ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များကို ပြည်သူများ သိရှိနားလည်စေရန် နံရံကပ်ပိုစတာများ ချိတ်ဆွဲခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ပြည်သူများအား ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## ဟင်္သာတမြို့နယ် နဝင်းကျေးရွာ၌ သောက်သုံးရေရရှိရေး ဆောင်ရွက်

**ဟင်္သာတ အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားပြီး ရေပြန်လည်ကျဆင်းသွားသည့် ကျေးရွာများမှ ဒေသခံပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ကာ သန့်ရှင်းသော သောက်သုံးရေ ရရှိနိုင်ရန် အောက်တိုဘာ ၁၈ ရက်က သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဟင်္သာတခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက နဝင်းကျေးရွာသို့ ကွင်းဆင်း၍ တွင်းနက်၊ စက်ရေတွင်းများကို တွင်းဆေးတွင်းမှုတ်ခြင်းနှင့် ကလိုရင်းခတ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



**ဇင်မာ**



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ တရားမဝင် ဓာတ်အားသုံးစွဲမှုများ ကင်းရှင်းရေးနှင့် မီတာများ ဖတ်ရှုမှု မှန်ကန်ခြင်း ရှိ မရှိ အောက်တိုဘာ ၁၇ ရက်က မိတ္ထီလာခရိုင်လျှပ်စစ်မန်နေဂျာ ဦးနောင်ဘိုဘိုလင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

မွန်ပြည်နယ် သထုံမြို့နယ် မြို့မဈေး၌ အောက်တိုဘာ ၁၆ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟိန်းဇော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေးစဉ်။

ခရိုင်(ပြန်/ဆက်)



- ❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဟိုပုံးမြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ

ဟိုပုံး အောက်တိုဘာ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံး မြို့နယ်မြို့မဈေးရှိဈေးသူ ဈေးသား များ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်နိုင်ရေးနှင့် မီးဘေး ကြုံတွေ့လာပါက ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး အသိ ပညာပေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့ သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့ နံနက် ၉ နာရီက မြို့မဈေး၌ ဆောင်ရွက်ရာ မြို့နယ်မီးသတ်




ဦးစီးမှူး ဦးကျော်မိုးနိုင်က အယ်လ် နီညိုကာလအတွင်း မီးဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်း များ၊ မီးသတ်ဆေးဘူးများ စနစ် တကျထားရှိအသုံးပြုနည်း၊ မီး အမျိုးအစားများနှင့် မီးငြိမ်းသတ် နည်းများကို ဈေးသူ ဈေးသားများ အား ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ် ဆေးဘူးနှင့် ရေစိုအဝတ်ကို အသုံး ပြု၍ မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြ ကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန် သိန်းရွှေနှင့် မြို့နယ်စည်ပင် သာယာရေးဌာန အမှုဆောင် အရာရှိတို့က လက်တွေ့သရုပ်ပြမှု များကို ကြည့်ရှုအားပေးခဲ့ပြီး မြို့မ ဈေးနှင့် ဈေးဆိုင်များတွင် မီးသတ် ဆေးဘူး၊ မီးချိတ်၊ မီးကတ်၊ သဲပုံး နှင့် ရေပုံးများ ထားရှိမှုအခြေအနေ ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## ထန်းတပင်မြို့နယ်၌ မြို့နယ်အဆင့်တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနမှ ကြီးမှူးကျင်းပသော မြို့နယ်အဆင့် တိရစ္ဆာန်ကောင်ရေ စာရင်း ကောက်ယူရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေးကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။(**အပေါ်ပုံ**)

အဆိုပါအစည်းအဝေးတွင်မြို့နယ်အဆင့်တိရစ္ဆာန်ကောင်ရေစာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်နိုင်ဦးက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါက်တာသက်နိုင်ဦးက ဆောင်ရွက်မည့်လုပ်ငန်းစဉ်အဆင့် ဆင့်ကို ရှင်းလင်းပြောကြားခဲ့ကာ မြို့နယ်အဆင့်တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူမည့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများကို မေးခွန်းလွှာ ပုံစံများပေးအပ်ကာ ဖြည့်စွက်ရမည့်အကြောင်းအရာများကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။ **အေးထက်ထက်(ပြန်/ဆက်)**

❐ *ကျောဖုံးမှ*

အသက် ၂၁ နှစ်အရွယ် မန်ဇမ်ဘီသည် ဂျာမန်ကလပ် ဖရိုင်းဘတ်အသင်းမှ ကလပ် စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် အက်စ်တွန် ဗီလာအသင်းသို့ ရောက်ရှိလာပြီးနောက် အသင်းအတွက် သွင်းဂိုး သုံးဂိုးရှိလာပြီ ဖြစ်သည်။ အဆိုပါနိုင်ပွဲသည် အက်စ်တွန်ဗီလာ အသင်းနည်းပြ အူနိုင်းအမ်မရီအတွက် ပရီမီယာ လိဂ် ပွဲ ၁၀၀ မြောက်နိုင်ပွဲအဖြစ် မှတ်တမ်းဝင် ခဲ့သည်။

နယူးကာဆယ်အသင်းနည်းပြ ဂျိုက်စလေ သည် နောက်ဆုံး ယှဉ်ပြိုင်ကစားခဲ့သည့် လေးပွဲတွင် ရှုံးပွဲသုံးပွဲအထိ ရှိလာပြီဖြစ်သည့် အတွက် ဖိအားများ ဝင်လာခဲ့ပြီဖြစ်သည်။ နယူးကာဆယ်အသင်းသည် ဂိုးပေါက်ကန်သွင်း ချက် ၁၆ ကြိမ်အထိရှိခဲ့သော်လည်း ဂိုးပေါက် တည့်မတ်မှု တစ်ကြိမ်သာ ရှိသည့်အတွက် ၂၀၂၄ ခုနှစ် ဩဂုတ်လနောက်ပိုင်း အိမ်ကွင်း ပွဲစဉ်များအနက် ဂိုးပေါက်တည့်မတ်မှု အနည်း ဆုံးပွဲစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် ချယ်ဆီးက အဲဗာတန်ကို နှစ်ဂိုး – ဂိုးမရှိ၊ လီဗာပူးက နှစ်ယောက်လျော့ ဘရန့်ဖို့ဒ်ကို နှစ်ဂိုး – တစ်ဂိုး၊ တစ်ယောက်လျော့ ဖူလ်ဟမ်က ဟားလ်စီးတီး ကို တစ်ဂိုး – ဂိုးမရှိ၊ အမှတ်ပေးဇယားဦးဆောင် သူ မန်စီးတီးက အစ်ဆွစ်ကို သုံးဂိုး–နှစ်ဂိုးဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့သည်။ **အောင်ဇော်**

✽ *ကျောဖုံးမှ*

အကောင်းဆုံးကစားသမားဆုကို ဟံသာဝတီယူနိုက်တက် ဂိုးသမား အောင်ပြည့်ဖြိုးက ရရှိခဲ့သည်။

စတားစီးတီးကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် ဒဂုံစတားယူနိုက်တက်နှင့် စစ်ကိုင်းယူနိုက်တက်အသင်းပွဲစဉ်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ပြီး ဒဂုံစတားယူနိုက်တက်အသင်းက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဒဂုံစတား ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၁၀ မိနစ် တွင် ပါထရစ်၊ ၅၄ မိနစ်တွင် ဂျူအီဒီယမ်၊ ၈၈ မိနစ်တွင် သီဟဇော်နှင့် ပွဲပြီးခါနီး မိနစ် ၉၀+၃ တွင် ရန်ကျော်ထွေးတို့က အသီးသီးသွင်းယူ ခဲ့ကြသည်။ စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ချေပဂိုးများကို ၆၄ မိနစ်တွင် ကောင်းဇေယျာလင်းနှင့် ၆၆ မိနစ်တွင် ဒဂုံစတားအသင်းမှ ဝေယံလင်းသူ၏ ကိုယ့်ဂိုးကိုယ်သွင်းမိမှုမှ ရရှိခဲ့ခြင်း ဖြစ်သည်။ AYA Pay အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားယူနိုက်တက်အသင်း တိုက်စစ်မှူး သီဟဇော်က ရရှိခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ–ML**

✳ *ကျောဖုံးမှ*

ဖိလစ်ပိုင်ကစားသမား Yanzie Yalong တို့ကို ခေါ်ယူစာချုပ်လိုက်ပြီ ဖြစ်သည်။

ကွင်းလယ်နှင့် တောင်ပံတိုက်စစ်နေရာများတွင် ခြေစွမ်းပြနိုင်ပြီး ဘယ်ညာနှစ်ဖက်စလုံးကို ကျွမ်းကျင်စွာအသုံးပြုနိုင်သည့် အဆိုပါကစား သမားနှစ်ဦးအနက် အသက် ၂၄ နှစ်အရွယ် Kirara Ogawa သည် ဂျာမနီကလပ်အများအပြားနှင့် ဖိလစ်ပိုင်ကလပ် Stallion Laguna FC တို့တွင် ပါဝင်ကစားခဲ့ဖူးကာ ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်ကလည်း ဧရာဝတီ FC ၌ အငှားဖြင့် လာရောက်ကစားခဲ့ဖူးသူဖြစ်သည်။

အသက် ၂၉ နှစ်အရွယ် ဖိလစ်ပိုင်ကစားသမား Yanzie Yalong သည် Stallion–Laguna Women's FC နှင့်အတူ Ang Liga Invitational Cup ချန်ပီယံဆုရရှိထားရုံမက AFC Women's Champions League ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးသည့် အတွေ့အကြုံရင့်ကစားသမား တစ်ဦးဖြစ်သဖြင့် ရှမ်းယူနိုက်တက်အမျိုးသမီးအသင်း၏ တိုက်စစ်ပိုင်းကို ပိုမိုအားကောင်းလာစေမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ–SWFC**

❍ *ကျောဖုံးမှ*

ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ဂိုးပေါက်ခြိမ်းခြောက်မှု များနှင့် အပိုင်အခွင့်အရေးများ ထပ်မံရရှိခဲ့သော်လည်း အနိုင်ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိဘဲ ပြိုင်ပွဲပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် အမှတ်ခွဲယူခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု (E)ပွဲစဉ်အဖြစ် အောက်တိုဘာ ၂၁ ရက်တွင် ဘရူနိုင်းကလပ် ကာဆူကာအသင်းနှင့် ဒုတိယပွဲစဉ်အဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ–SUFC**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ကမ်းနီးငါးဖမ်းရေယာဉ်များ ရာသီဥတုခိုလှုံရာ နေရာသတ်မှတ်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်း လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်း ရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီ အတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံ နိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံ နိုင်ပါကြောင်းကို (၉–၆–၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် –

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိ ကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန် ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံ ဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက် လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်း ရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထား ခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ် များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နား နိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

- (က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
  - (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁
- (ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  - (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
- (ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
  - (၁) ၀၉-၃၄၉၀၃၅၅၃၄
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄
- (ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
  - (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  - (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀
- (စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  - (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄
- (ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  - (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁
- (ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  - (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
- (ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  - (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
- (ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  - (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
- (ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  - (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
- (ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  - (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
- (ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  - (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
- (ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  - (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
- (ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  - (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
- (တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  - (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-**

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ -၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -**

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

**၂။** ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
- (ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
- (ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
- (ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
- (င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
- (ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
- (ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

**PDF Game**

**ဆော့ကစားခြင်းကြောင့်**

**ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။













## အမြင့်ဆုံး နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| စစ်ကိုင်းမြို့ | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ချောက်မြို့ | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ကော့ကရိတ်မြို့ | ၃၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေးမြို့ | ၃၆ | | | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် (လွန်ကျော်) | ၃၆ | | | ဒီဂရီဆဲလ်စီးယပ် |
| မကွေးမြို့ | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူမြို့ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူးမြို့ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မာန်အောင်မြို့ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံမြို့ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |



# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့် အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆို ရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်) နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာ ရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူ ဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀,၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

---

**မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}**

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်း ရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်းရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြော သွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

---

**ရတနာသစ်တော**

**ပြည်သွေးကြော**

**သစ်တောရတနာ**

**ထိန်းသိမ်းပါ**

---



## မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း
## နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး
## ဖိတ်ကြားခြင်း

၁။ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ချီးမြှင့်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

- ❖ ကျင်းပမည့်နေ့ရက် - ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၂၁)ရက် (စနေနေ့)
- ❖ ကျင်းပမည့်အချိန် - နံနက် ၉ နာရီမှ ၁၁ နာရီထိ (၀၈း၃၀ နာရီတွင် ကြိုတင်နေရာယူပေးပါရန်)
- ❖ ကျင်းပမည့်နေရာ - HOTEL MAX (Nay Pyi Taw), Kumudra Grand Ballroom

၂။ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို တက်ရောက်နိုင်ပါရန်နှင့် အသင်းသူ/အသင်းသားများပါဝင်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ အသေးစိတ် သိရှိလိုပါက ဖုန်း-၀၉-၈၈၃၃၅၃၃၅၈၊ ၀၉-၉၈၈၅၃၉၃၆၀ များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**


## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ဆေးရုံလမ်း၊ အမှတ် (၁၄၂၈/ခ)၊ ပေ(၂၀x၆၀) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁) ခန်းတည်း (၆) ထပ်တိုက်၏ ဒုတိယထပ် (၃ လွှာ)၊ အခန်းအမှတ် (A-3)၊ အကျယ်အဝန်း (၁၈ x ၅၄) ပေရှိ ရေမီးအစုံပါဝင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း မြွက်ဟဝန်ခံ ပြောဆိုလာသူ ဒေါ်ဟေမာန်မင်းတပ် (ဘ) ဦးမင်းတပ်မောင် ၁၄/ပသန (နိုင်) ၂၀၅၅၁၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆိုပါတိုက်ခန်းကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀) ရက် အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်နီလာဝင်းLL.B, D.B.L, D.M.L, D.I.L, D.I.P.L တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၄၁)**
**ဖုန်း-၀၉-၄၄၈၀၀၈၇၉၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ သပြေကုန်းဈေး၊ ဇီဝကဆေးဆိုင်ခန်း၊ ဆိုင်ခန်းအမှတ်(ဇ-၃၆)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဈေးဆိုင်ခန်းအား ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ရရှိသူ ဒေါ်ရီရီ (ဘ) ဦးပွ၊ ၁၂/လသန(နိုင်)၀၁၁၂၈၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဒေါ်ယမုန်မြတ်ထွန်း (ဘ)ဦးမြတ်ထွန်း ၁၃/ကလန(နိုင်)၁၀၄၀၀၀ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါဈေးဆိုင်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့တွင် အကျိုးသက်ဆိုင်ခွင့်ရှိသည့်ဟု ထင်မြင်သူမည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်မာသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်ရှိုင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၂၀၂၉၇)**
**အမှတ်(၇၆၈၈)၊ ရွှေတောင်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊**
**နေပြည်တော်၊ ဖုန်း- ၀၉-၂၆၀၈၆၇၄၀၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အုန်းတောစေတနာလမ်း၊ အမှတ်(၇၂)ဟုခေါ်တွင်သော နေရာရှိအလျားပေ (၂၀) x အနံ (၆၅)ပေ ကျယ်ဝန်းသောမြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်ပတ်ကားနေအိမ် အဆောက်အအုံအပါအဝင် ယင်းမြေနှင့် ပတ်သက်သောအရပ်ရပ်အကျိုးခံစားခွင့်များအားလုံးကို လက်ရှိထားပိုင်ဆိုင်သူ ဦးမင်းခိုင်(၇/ဒဥန(နိုင်)၀၃၂၇၃၄) နှင့် ဒေါ်ခိုင်ခိုင်ညို(၇/ဒဥန(နိုင်)၀၂၃၆၇၂)တို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ပိုင်ဆိုင်ကြောင်း ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသန္တာဝင်း ၈/ကမန(နိုင်)၀၄၆၀၃၃)၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မင်းထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၁၃၊ ၃၁-၁-၂၀၁၇)**
**အမှတ် (၁၀၁၄)၊ တီကျစ်ဆုံလမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ဖုန်း-၀၉-၄၂၃၆၆၀၅၁၆**

### ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားကြောင်း ကြော်ငြာစာ

ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကံ့ကော်ရပ်ကွက်၊ အကွက်အမှတ် (၂၆ˢ)၊ စပယ်တပ်အကွက်၊ ဦးပိုင်အမှတ် (၃၉)၊ မြေဧရိယာ (၀.၁၁၃) ဧကရှိ မြေကွက်အား ကျိုက်ထိုမြို့နယ်မြေစာရင်းဦးစီးဌာန၏(၁-က)စာရင်းတွင် ဦးဖောင်- ဒေါ်သန်းမေ အမည်မှ ဒေါ်ချိုချိုမြင့်၊ ဦးကျော်သူရ၊ ဒေါ်ကေသီမြင့် အမည်သို့ ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် မည်သူမဆို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်မှ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်မတိုင်မီ ရက်ပေါင်း (၃၀) အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကျိုက်ထိုမြို့နယ်မြေစာရင်း**
**ဦးစီးဌာန၊ ကျိုက်ထိုမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/25545 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီလှော်နက်တလွဲ ၄/ဟခန(နိုင်)၀၂၈၅၂၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ချင်းပြည်နယ်ရုံး**
**(ဟားခါး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 85W/46786 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေငွန်ကြွယ် ၄/ထတလ(နိုင်)၀၅၃၇၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ချင်းပြည်နယ်ရုံး**
**(ဟားခါး)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၆/ပဒေသာ)၊ ဦးပိုင်အမှတ်(၄၁)၊ မြေဧရိယာ ၀ ဒသမ ၀၄၆ ဧကရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်)လျှောက်ထားနိုင်ရေး ဒေါ်ခင်လေးနွယ်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(အ-၁/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၁၉)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်)လျှောက်ထားနိုင်ရေး ဦးမြအောင်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၇/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၅၀)၊ မြေ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်သန်းနု မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(CC/မြနန္ဒာ)၊ ဦးပိုင်အမှတ်(၁၉၇)၊ မြေ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်)လျှောက်ထားနိုင်ရေး ဒေါ်ခိုင်ခိုင်စန်း မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-IV/ကွက်ပြင်-၄)၊ ဦးပိုင်အမှတ် (၆-ကည)၊ မြေ ဧရိယာ ၀ဒသမ ၀၈ဧကရှိ မြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်ပီတိဝေ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ်(၇/ခဲလယ်တောင်)၊ ဦးပိုင်အမှတ် (၁၂၅)၊ မြေ ဧရိယာ ၀ဒသမ ၁၃၇ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ဇင်ဝေစန်းမှဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(စ-၂/ပဒေသာ)၊ ဦးပိုင်အမှတ်(၇၄)၊ မြေ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်)လျှောက်ထားနိုင်ရေး ဦးဇော်ဝင်း (၈/မကန(နိုင်)၀၈၁၆၀၅မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(၁၈/ကျောက်တောင်ရပ်)၊ ဦးပိုင်အမှတ် (၇၃)၊ မြေဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ခင်ခင်ထွေး မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး(၃၀)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်-

| စဉ် | ရာထူး၊ လစာနှုန်း | ပညာအရည်အချင်း | ရာထူးနေရာ |
|---|---|---|---|
| (က) | ဒုတိယလက်ထောက်ဦးစီးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူ/အခြေခံပညာအထက်တန်း (တက္ကသိုလ်ဝင်တန်း/Grade-12) အောင်မြင်ပြီးဖြစ်ရမည်။ | (၂၀)နေရာ |
| (ခ) | လက်ထောက်စုံစမ်းရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | တက္ကသိုလ်မှဘွဲ့တစ်ခုခု ရရှိသူဖြစ်ရမည်။ | (၁၀)နေရာ |

၂။ လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
- (ခ) အင်္ဂလိပ်စာ/ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်။
- (ဂ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၃၀-၉-၂၀၂၆ ရက်နေ့၌ အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂)ရရှိပြီးသူများအား သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ဌာနမှသတ်မှတ်အသက်ထက် (၃)နှစ်တိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်။
- (ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၃၀-၉-၂၀၂၆ ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းပါရှိရမည် (သို့မဟုတ်) သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။ (ကော်မရှင်ရုံးမှ အမှုထမ်းဝန်ထမ်းများအတွက် အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားပေးမည်။)
- (င) အကျင့်စာရိတ္တကောင်းမွန်ပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (စ) အနည်းဆုံး(၃)နှစ်တစ်ဆက်တည်း တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချက်စာချုပ် ချုပ်ဆိုရမည်ဖြစ်ပြီး စာချုပ်စည်းကမ်းဖောက်ဖျက်ပါက လျော်ကြေးငွေပေးလျော်ရမည်။
- (ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာပုံစံကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ရုံးအမှတ်(၅၆)၊ နေပြည်တော် နှင့် ကော်မရှင်ရုံးခွဲ(ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်)တို့တွင် လာရောက်ထုတ်ယူနိုင်ပြီး ကော်မရှင်၏ Website ဖြစ်သော www.accm.gov.mm တွင်လည်း Download ရယူနိုင်ပါသည်။

၄။ အလုပ်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
- (က) အသက်နှင့် ပညာအရည်အချင်းအတွက် အထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်အောင်လက်မှတ် (သို့မဟုတ်) အောင်မြင်ခဲ့သည့်ကျောင်း၏ ထောက်ခံစာ ပါရှိရမည်ဖြစ်ပြီး မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ခ) (၁)လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ (၅)ပုံ (၁" x ၁.၂၅")
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ဃ) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
- (င) (၁)လအတွင်း ရယူထားသည့် စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့၏ ထောက်ခံချက်မူရင်းများ
- (စ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံရှိပါက ခိုင်လုံသော အထောက်အထားမိတ္တူများ၊
- (ဆ) (၁)လအတွင်း ရယူထားသော ကျန်းမာကြောင်းဆေးထောက်ခံချက်(မူရင်း)
- (ဇ) ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ပြီးသူများသည် ပုံစံ ၁၂ လက်မှတ် (မိတ္တူ)
- (ဈ) အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ည) ယခင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာ(မူရင်း/မိတ္တူ)

၅။ လျှောက်လွှာများကို ၃၀-၁၁-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ရုံးအမှတ်(၅၆)၊ နေပြည်တော်နှင့် ကော်မရှင်ရုံးခွဲ(ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ၊ စာတိုက်မှဖြစ်စေ ရုံးချိန်အတွင်း ပေးပို့လျှောက်ထားရမည်။ (သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထား မပြည့်စုံသူများကို (လုံးဝ) ထည့်သွင်းလက်ခံ စဉ်းစားပေးမည်မဟုတ်ပါ။)

၆။ အရည်အချင်းစစ်စာမေးပွဲများကို နေပြည်တော်တွင် အောက်ပါအတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ(ရေးဖြေ) | ၁၉-၁၂-၂၀၂၆ (စနေနေ့) | နံနက် (၀၉:၃၀) နာရီမှ (၁၁:၃၀) နာရီထိ |
| (ခ) | အထွေထွေဗဟုသုတ (ရေးဖြေ) | ၁၉-၁၂-၂၀၂၆ (စနေနေ့) | နေ့လယ် (၁၃:၀၀) နာရီမှ (၁၅:၀၀) နာရီထိ |
| (ဂ) | လူတွေ့နှင့် ကွန်ပျူတာ ကျွမ်းကျင်မှုစစ်ဆေးခြင်း | ၂၀-၁၂-၂၀၂၆ (တနင်္ဂနွေနေ့) | နံနက် (၀၉:၃၀) နာရီမှ (၁၂:၀၀) နာရီထိ |

၇။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းများကို ရုံးအမှတ်(၅၆) နေပြည်တော်ရှိ ကြော်ငြာသင်ပုန်း၊ ဌာန၏ Website ဖြစ်သော www.accm.gov.mm နှင့် Facebook Page: ACC Myanmar တို့တွင် ထုတ်ပြန်ကြေညာပေးထားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်(ခုံနံပါတ်)များကို ၁၇-၁၂-၂၀၂၆ ရက်နှင့် ၁၈-၁၂-၂၀၂၆ ရက်တို့၌ ရုံးအမှတ်(၅၆)၊ နေပြည်တော်တွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့်အတူ ရုံးချိန်အတွင်း လာရောက်ထုတ်ယူရမည်။

၈။ စာမေးပွဲလာရောက်ဖြေဆိုရာတွင် ဖြေဆိုခွင့်ကတ်ပြား၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်၊ ဘွဲ့လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားနှင့် ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ပြီးသူများသည် ပုံစံ-၁၂ စသည်တို့ကို မူရင်းတင်ပြနိုင်ရမည်။ (အထောက်အထားများ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိပါက စာမေးပွဲဖြေဆိုခွင့်မပြုပါ)

၉။ ရွေးချယ်ခံရသူ အမည်စာရင်းကို ဌာန၏ Website နှင့် Facebook Page တို့တွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက နေပြည်တော်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စီမံရေးရာဦးစီးဌာန၊ ဝန်ထမ်းရေးရာဌာနခွဲ၊ ဖုန်းနံပါတ်-၀၆၇-၈၁၀၃၄၈၇ သို့ဖြစ်စေ၊ ကော်မရှင်ရုံးခွဲ(ရန်ကုန်)၏ ဖုန်းနံပါတ်- ၀၁၇-၅၃၂၆၀၈ သို့ဖြစ်စေ၊ ကော်မရှင်ရုံးခွဲ(မန္တလေး)၏ ဖုန်းနံပါတ်၊ ၀၂-၄၀၅၆၀၇၉ သို့ဖြစ်စေ၊ ကော်မရှင်ရုံးခွဲ(တောင်ကြီး)၏ ဖုန်းနံပါတ်-၀၈၁-၂၁၃၂၂၇၅၊ ၀၈၁-၂၁၃၂၂၇၆ သို့ဖြစ်စေ၊ ကော်မရှင်ရုံးခွဲ (မော်လမြိုင်)၏ ဖုန်းနံပါတ်-၀၅၇-၂၀၂၇၈၆၉ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း မှန်ထုတ်လုပ်ရေးဌာန (ပုသိမ်) ရှိ အလယ်မန်သဲများရောင်းချနိုင်ရန် တင်ဒါခေါ်ယူခြင်း

၁။ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ မှန်ထုတ်လုပ်ရေးဌာန (ပုသိမ်) ရှိ **အလယ်မန်သဲ (၇၁၄၅.၃၄၃) တန် ရောင်းချနိုင်ရေး** အတွက် တင်ဒါဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို (၁၉-၁၀-၂၀၂၆) ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာများကို (၃-၁၁-၂၀၂၆) ရက် (၁၆:၀၀) နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ **တင်ဒါပုံစံရောင်းချမည့် လိပ်စာ** ။ ။ နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၂) အကြီးစားစက်မှု လုပ်ငန်း၊ ရုံးအမှတ် (၄၁)၊ နေပြည်တော်

၄။ **ဆက်သွယ်ရန်ဖုန်း** ။ ။ ၀၆၇၃-၄၀၈၆၇၇ (ရုံးချိန်အတွင်း)

## အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း ၊ ရှမ်းပြည်နယ် ( အရှေ့/တောင် )မှ ၂၀၂၆-၂၀၂၇ ခုနှစ် သစ်ထုတ်ရာသီတွင် မိုင်းတုံမြို့နယ် မိုင်းကန်ကြိုးဝိုင်းနှင့် ၊ ကျိုင်းတုံမြို့နယ် မိုင်းပုကြီး ကြိုးပြင်( အပတော)အတွင်းမှ ကျွန်းသစ်တန်( ၇၅၀၀ )နှင့် မိုးနဲမြို့နယ် ကျိုင်းတောင်း ကြိုးဝိုင်း သစ်ကွက်အတွင်းမှ သစ်မာတန် (၉၀၀၀) တို့အား နမ့်စန် သစ်ဆိပ်သို့ Lot (၂)ခုဖြင့် (သစ်ခုတ်/ငုတ်ထုတ်/လမ်းဖောက်/လမ်းပြင်/လမ်းချော/ ကားတိုက်/သစ်တင်/သစ်ချ ) ဝန်ဆောင်မှုများအတွက် (၁) တန် အရောက် ဈေးနှုန်းဖြင့်လည်းကောင်း၊ မိုင်းကိုင်မြို့နယ်၊ မိုင်းယွန်း/မိုင်းလန်းကြိုးဝိုင်း သစ်ကွက်များအတွင်းမှ သစ်မာ( ၂၀၀၀၀ ) တန်နှင့် ရပ်စောက်မြို့နယ် နောင်ဝိုး ကြိုးဝိုင်းအတွင်းမှ သစ်မာ (၈၀၀၀ )တန်တို့အား ရပ်စောက်မြို့ရှိ မွေတော် သစ် ဆိပ်သို့ Lot(၂)ခုဖြင့် (လမ်းဖောက်/လမ်းပြင်/လမ်းချော/ကားတိုက်/ သစ်တင်/သစ်ချ) ဝန်ဆောင်မှုများအတွက် (၁) တန်အရောက် ဈေးနှုန်းဖြင့် လည်းကောင်း ဝန်ဆောင်မှုများရယူလိုပါ၍ အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

၂။ **တင်ဒါပုံစံ ရောင်းချမည့်ရက်** - ၁၃-၁၀-၂၀၂၆ ရက်မှ ၂၆ -၁၀-၂၀၂၆ ရက်ထိ

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၉-၁၀-၂၀၂၆ ရက် ( ညနေ ၁၆:၃၀နာရီ )

၄။ **တင်ဒါဖွင့်မည့်ရက်** - ထပ်မံအကြောင်းကြားပါမည်။

၅။ **တင်ဒါပုံစံ ရောင်းချမည့်နေရာ** - မြန်မာ့သစ်လုပ်ငန်း ၊ ဒုတိယအထွေထွေမန်နေဂျာရုံး ၊ တောင်ကြီးမြို့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၈)၊ မဥ္ဇူသကလမ်း၊ အမှတ်( - )ဟု ခေါ်တွင်သော အလျားပေ (၆၀)xအနံပေ (၂၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ယင်းမြေကွက်နှင့် ဆက်စပ်နေသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်ရွှေရည်ဝင်းခင် ၇/ပခန(နိုင်)၄၉၃၀၇၃ က ၄င်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသူ ၁၂/မဂဒ(နိုင်)၁၂၆၁၄၀ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် အိမ်နှင့်မြေတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသီဂီမင်း(LL.B, D.B.L, LL.M(Civil Law))**
**အထက်တန်းရှေ့နေ(စဉ်- ၅၆၅၆၄/၂၄-၆-၂၀၂၄)**
**အမှတ်(၁၆၅)၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း- ၀၉-၇၉၆၂၁၂၀၈၉၊ ၀၉-၆၇၇၂၁၀၈၆၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(ယခင်)ဏ/၃၈ (ယခု)ဏ/၄၀၊ လူနေရပ်ကွက်အမှတ်-ဏ၊ မြေကွက်အမှတ်-၅၅၁ (က)ဟုခေါ်တွင်သော(ဏ/၁၄)ရပ်ကွက် မိုးညှင်းပန်းခြံ(၁၃)လမ်း၊ အမှတ် (၅၅၁/က)၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးမြစိန်၁၂/ဒလန(နိုင်) ၀၂၁၀၅၄ အမည်ပေါက်သည့် မြေအမျိုးအစား-မြေချပါမစ်၊ (အလျားပေ ၂၀xအနံပေ ၆၀)အကျယ်အဝန်းရှိ မြေကွက် (၁) ကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အစဉ်အဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူများဖြစ်သော ဦးမောင်လှ ၄/ပလဝ (နိုင်)၀၈၉၀၁၈ နှင့် ဒေါ်ခိုင်မာဦး ၁၀/ရမန (နိုင်)၁၉၁၅၆၈ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်ဖြိုးဦး ၉/သေရ(နိုင်)၀၀၉၄၃၇ နှင့် ဒေါ်ဆွေဆွေထွန်း ၁၂/ဒဂတ(နိုင်)၀၉၉၈၉၂ တို့က အပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ(သို့) ဆက်ခံခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်မျိုးသူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၆၂)**
**အမှတ်(၉၁)၊ ၄-လွှာ(ဘီ)၊ (၁၂၃)လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၁၃၂၂၇၆**

## ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ၊ တံတားအထူးအဖွဲ့(၁၀) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၀)၊ လှည်းကူးမြို့မှ ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနမှ အပ်နှံရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တောင်ငူမြို့၊ ကေတုမတီ မြို့ဟောင်း ကျုံးကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်လျက်ရှိသော ကျပ်သန်း (၂၀၀) အထက် လုပ်ငန်းခွင်သုံးပစ္စည်းများဝယ်ယူခြင်း၊ စက်/ယာဉ်ငှားရမ်းခြင်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **တံတားအထူးအဖွဲ့ (၁၀)** | | |
| **အိတ်ဖွင့်တင်ဒါအမှတ်စဉ်** | - | (၃/၂၀၂၆-၂၀၂၇) |
| **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၁၉-၁၀-၂၀၂၆ ရက် |
| **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းရမည့်ရက်** | - | ၂- ၁၁-၂၀၂၆ ရက် |
| **နမူနာပစ္စည်းနှင့် Result မူရင်း တင်သွင်းရမည့်ရက်** | - | ၂- ၁၁-၂၀၂၆ ရက် |
| **ပစ္စည်းတင်ဒါ ဖွင့်လှစ်မည့် ရက်/အချိန်** | - | တင်ဒါဖွင့်လှစ်မည့် ရက်အား ထပ်မံကြေညာပါမည်။ |
| **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | ဒု-ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁၀)၊ လှည်းကူးမြို့။ |
| **အိတ်ဖွင့်တင်ဒါ(ပစ္စည်း) ဖွင့်လှစ်မည့်နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ပဲခူးတိုင်းဒေသကြီး |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက(၁၉-၁၀-၂၀၂၆)ရက် မှ (၂-၁၁-၂၀၂၆) ရက်အထိ ရုံးချိန်အတွင်းတံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁၀)၊ လှည်းကူးမြို့၊ ဖုန်း-၀၉-၄၅၀၀၀၅၅၆၆ သို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

